# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 9 April 2019 ၉၆၁၆


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

**သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူ နေရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## မြန်မာ-မလေးရှား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး

နေပြည်တော် ဧပြီ ၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato' Saifuddin Abdullah အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-မလေးရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်၏ နောက်ဆုံးအခြေအနေနှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်တွင် မလေးရှားနိုင်ငံနှင့် အာဆီယံအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးနှင့် မလေးရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato' Saifuddin Abdullah အား နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အပြုသဘောထိတွေ့ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံစည်းလုံးညီညွတ်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မလေးရှားနိုင်ငံခြားရေးဝန်ကြီး **H.E. Dato' Saifuddin Abdullah** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ**

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။**


## မဟာသင်္ကြန်ပွဲတော်ကာလအတွင်း YBS ယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများ၊ ရန်ကုန်မြို့ပတ်ရထားနှင့် အထူးရထားပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၈**

၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့နေ ပြည်သူများနှင့် ရန်ကုန်တိုင်းဒေသကြီးပြင်ပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်လိုသည့် ခရီးသွားများအဆင်ပြေစေရေးအတွက် YBS ယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများနှင့် ရန်ကုန်မြို့ပတ်ရထားနှင့် အထူးရထားပြေးဆွဲမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် ပို့ဆောင်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့သည် ရန်ကုန်မြို့တော်နေပြည်သူများ သွားလာမှုအဆင်ပြေစေ

**စာမျက်နှာ ၆ ကော်လံ ၁ သို့ »»**




# တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေ့ ၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သင်္ကြန်ကာလ နေရပ်ပြန်မြန်မာရွှေ့ပြောင်းအလုပ်သမား လေးရက်မြောက်နေ့အထိ ရှစ်သောင်းခန့်ရှိ

**မဲဆောက် ဖေ့ ၈**



ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးထားချက်အရ ယခင်က ဘတ်၁၀၀၀ ကုန်ကျပြီး ဆောင်ရွက်ရသည့် အိမ်ပြန်တုံးကြီး (Re-entry) အစား အခမဲ့အိမ်ပြန်တုံး(Re-entry) စနစ်ကို ဖေ့ ၅ ရက် နံနက်ပိုင်းမှ စတင်ခွင့်ပြုထားရာ နှစ်နိုင်ငံနယ်စပ်ဖြစ်သော မဲဆောက်-မြဝတီလမ်းကြောင်းရှိ မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတား အပါအဝင် သောင်ရင်းမြစ်ဖြတ်စက်လှေဂိတ်များမှတစ်ဆင့် နေရပ်ပြန်ကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားဦးရေမှာ လေးရက်မြောက်နေ့ဖြစ်သော ယနေ့ မွန်းလွဲပိုင်းအချိန်အထိ နေရပ်ပြန်သူဦးရေ ရှစ်သောင်းခန့်ရှိနေပြီ ဖြစ်ကြောင်း မဲဆောက်မြို့အခြေစိုက် မြန်မာပြည်သားများအရေး ပူးတွဲလုပ်ရှားမှုကော်မတီ(JACBA) ဥက္ကဋ္ဌ ဦးမိုးကြိုး(ဆရာမိုး)ထံမှ သိရသည်။

ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံနေရပ်ဒေသအသီးသီးသို့ ပြန်ကြမည့် မဲဆောက် - မြဝတီလမ်းကြောင်းမှ နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား စောင့်ရှောက်ရေးလုပ်ငန်းစဉ်အတွက် တာ့ခ်ပြည်နယ်မှ ရဲမင်းကြီးနှင့်တကွ တာဝန်ရှိသူများအပါအဝင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စီမံကွပ်ကဲကူညီဆောင်ရွက်ပေးခြင်းဖြစ်ပြီး မဲဆောက်မြို့အခြေစိုက် မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှု ကော်မတီ (JACBA)ဥက္ကဋ္ဌ ဦးမိုးကြိုး(ဆရာမိုး) အပါအဝင် မြန်မာစေတနာ့ဝန်ထမ်းများက နေရပ်ပြန်သူများ အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မဲဆောက် - မြဝတီ လမ်းကြောင်းဖြစ်သော ချစ်ကြည်ရေးတံတား အပါအဝင် သောင်ရင်းမြစ် ကူးတို့ဆိပ်များဖြစ်သည့် ဘောဂိတ်၊ မိုးကုတ်ဂိတ်၊ ဇီးတောဂိတ်၊ သရက်ပင်ဂိတ်၊ ရေလယ်ကျွန်းရဲဂိတ်၊ ရေလယ်ကျွန်းစစ်တပ်ဂိတ်၊ ကျောက်ဖျာဂိတ်နှင့် ထောင်းဒီးဂိတ်တို့မှတစ်ဆင့် နေရပ်ပြန်သူများမှာ ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲကပင် ထိုင်းလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရုံး၌ စီတန်းများပြားလျက်ရှိကြောင်း JACBA ဥက္ကဋ္ဌ ဦးမိုးကြိုး(ဆရာမိုး) က ပြောသည်။

သင်္ကြန်ကာလအတွင်း မြန်မာနိုင်ငံ နေရပ်ဒေသအသီးသီးသို့ ပြန်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ ထိုင်းနိုင်ငံမှ ထွက်ခွာသည့် လမ်းကြောင်းအတိုင်း ပြန်လည်ဝင်ရောက်ကြရန် လိုအပ်ပြီး ဖေ့ ၃၀ ရက်မတိုင်မီ လာရာလမ်းကြောင်းအတိုင်း ထိုင်းနိုင်ငံအတွင်း အချိန်မီပြန်လည်ဝင်ရောက်ကြရန် လိုအပ်ကြောင်း သိရသည်။

ထို့အပြင် ဗန်ကောက်-မဲဆောက် လမ်းခရီး၏ အလယ်ဖြစ်သည့် အယုဒ္ဓယမြို့တွင် အခြေပြုကာ နေရပ်ပြန် မြန်မာအလုပ်သမားများ၏ အိမ်ပြန်လမ်းခရီးတွင် လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမားသံအရာရှိတစ်ဦးကို ထပ်မံတာဝန်ချထားပေးကြောင်း၊ ခွင့်ပြန် မြန်မာအလုပ်သမားများ အနေဖြင့် အိမ်ပြန်ခရီးတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက အလုပ်သမားသံအရာရှိများထံ ဖုန်းဆက်သွယ်မှုအပြင် Line၊ Viber နှင့် အလုပ်သမားသံအရာရှိရုံး၏ Facebook စာမျက်နှာဖြစ်သည့် LA-Thailand Page တို့မှတစ်ဆင့် ဆက်သွယ်အကူအညီ တောင်းခံနိုင်ပြီး Call Center ဖုန်းနံပါတ်ကို ယနေ့တွင် ဖွင့်လှစ်ထားရှိကြောင်းနှင့် အလုပ်သမားသံအရာရှိရုံး (Call Center) Phone၊ Viber၊ Line နံပါတ်ဖြစ်သော ၀၆၂၆၂၆၂၁၄၃ သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ ယနေ့ ထုတ်ပြန်ထားချက်အရ သိရသည်။ **ပွင့်သစ္စာ**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေ့ ၈**

ရန်ကုန်(ရွှေဈေး) ၁၀၄၅၀၀၀ - ၁၀၄၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၅၀၀၀ - ၁၀၄၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၄၀/၉၈၅ ကျပ် | ၁၀၀၀/၁၀၀၅ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၉၂၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၅၀ ကျပ် | ၈၈၀/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၅/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၅/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၃၀/၈၄၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၆.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၁.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၄.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၁၃၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၂၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၁.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၄၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၀.၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၀.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

## သက်ရှိအားလုံး အသက်ရှင်သန်ရေး

လူသတ္တဝါများအားလုံး အသက်ရှင်နေခြင်း၏ အဓိကအချက်သည် အသက်ရှူနေခြင်းပင်ဖြစ်သည်။ သဘာဝမွေ့လောကကြီးတွင် အသက်ရှင်သန်ရပ်တည်နေသော သတ္တဝါအားလုံးတို့အဖို့ သန့်ရှင်းသောလေကို ရှူရှိုက်၍ အသက်ရှင်သန်နေကြသည်။ မသန့်ရှင်းသောလေ၊ အဆိပ်ရှိသောလေတို့ကိုရှူရှိုက်ရပါက အနေးနှင့်အမြန် အသက်သေဆုံးရန် အကြောင်းဖန်သည်။

အားလုံးအသက်ရှင်သန်ရေးတွင် သန့်ရှင်းသောလေသည် အဓိကကျသည်။ လေသည် သန့်ရှင်းလတ်ဆတ်သောလေဖြစ်ရန်လိုသည်။ မသန့်ရှင်းသောလေကို ရှူရှိုက်နေရပါက ရောဂါဘယတစ်မျိုးမျိုးရပြီး သတ္တဝါများမျိုးသုဉ်းသွားနိုင်သည်အထိ ဖြစ်နိုင်သည်။ အသက်ရှင်သန်ရေးအတွက် သဘာဝပတ်ဝန်းကျင်တွင် သန့်ရှင်းသောလေများရှိသော်လည်း လူတို့၏ ပြုပြင်ဖန်တီးမှုများကြောင့် လေထုပျက်စီးနေပြီဖြစ်သည်။

မီးတောင်နှင့် စက်မှုလုပ်ငန်းစုံမှ ထုတ်လွှတ်သော ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်၊ လျှပ်စစ်မုန်တိုင်းများနှင့် အပူချိန်အလွန်မြင့်မားစွာ လောင်ကျွမ်းခြင်းမှပေါ်ထွက်သော နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ် (အဆိပ်သင့်ဓာတ်ငွေ့)၊ ရုပ်ကြွင်းလောင်စာနှင့် မော်တော်ယာဉ်များမှ ထွက်ရှိသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့၊ အငွေ့ပြန်လွယ်သော မီသိန်းဓာတ်ငွေ့ကဲ့သို့သော ဓာတ်ပေါင်းများ၊ အလွန်သေးငယ်သော ညစ်ညမ်းအမှုန်များ၊ အဆိပ်သင့်သောသတ္တုများ၊ အမိုးနီးယား၊ အနံ့ဆိုးများ၊ ရေဒီယိုသတ္တုကြွပစ္စည်းများ စသည်တို့သည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော လေထုညစ်ညမ်း ပစ္စည်းများဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် စက်မှုထွန်းကားသောနိုင်ငံများရှိ မြို့ကြီးများ၌ လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင်ဖြစ်ပေါ်နေပြီး ယခု ထိုင်းနိုင်ငံတွင်လည်း ဖြစ်ပေါ်နေသည်။ လေထုညစ်ညမ်းမှုသည် ပတ်ဝန်းကျင်သို့လည်းရိုက်ခတ်သောကြောင့် မြန်မာနိုင်ငံ၏နယ်စပ်မြို့အချို့တွင် ခံစားနေကြရသည်။

အခြားနိုင်ငံများတွင် စက်မှုဖွံ့ဖြိုးတိုးတက်မှုများကြောင့် လေထုညစ်ညမ်းမှုဖြစ်ရပြီး မြန်မာနိုင်ငံ၌ ပွင့်လင်းရာသီတွင် တောင်ယာမီးရှို့မှုနှင့် မြို့ပြများရှိ မော်တော်ယာဉ်နှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ရသည်။ မီးခိုးမြူများကြောင့်ဖြစ်ပေါ်သော မြင်သာသည့် လေထုညစ်ညမ်းမှုနှင့် မမြင်သာဘဲ လေထုထဲမှ အနံ့ဆိုးများပါသည့် ညစ်ညမ်းမှုတို့ကို သတိပြုကြရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှုကို အထူးသဖြင့် ခံစားနေရသောဒေသများမှာ ဖွံ့ဖြိုးမှုလွန်မြို့ပြများဖြစ်သည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့သည် မော်တော်ယာဉ်နှင့် လူနေထူထပ်မှုကြောင့် လေထုညစ်ညမ်းမှုအများဆုံးဟု ဆိုရမည်ဖြစ်သည်။ လေထုတွင် အမှုန်၊ အရောင်များမရှိသော်လည်း မသန့်ရှင်းသောလေကို ရှူရှိုက်နေရသည်။ မသန့်ရှင်းသောလေကို ရှူရှိုက်လျှင် ရောဂါအမျိုးမျိုးရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

မသန့်ရှင်းသောလေကို ကြာကြာရှူရှိုက်မိပါက အဆုတ်၏လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးမှုဖြစ်စေနိုင်သည်။ ချောင်းဆိုးရင်ကျပ်၊ ပန်းနာရင်ကျပ်ရောဂါဖြစ်စေသည်။ အရေပြားနှင့် ယားယံမှုကိုဖြစ်စေသည်။ ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသည့် မီသိန်းဓာတ်ငွေ့မှာ ကမ္ဘာမြေပျက်စီးသွားနိုင်သည်အထိ ဒုက္ခပေးနိုင်သည်။ အနံ့မွှေးသော၊ အနံ့ပါသော လူတို့အသုံးပြုသည့် အငွေ့အသက်များသည် လူတို့ကိုပင် ဒုက္ခပေးနိုင်သည့် သွေးကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်စေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ယနေ့လူသားများကို ဒုက္ခပေးနေသော နှလုံးနှင့် အဆုတ်ဆိုင်ရာရောဂါများသည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ရသည်။

ခဲ၊ ပြဒါး၊ ကာဗွန်၊ ကျောက်မီးသွေးစသည့် တွင်းထွက်ပစ္စည်းအချို့၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စူးရှသည့်အနံ့ထွက်သည့် လူသုံးကုန်များ၊ အမှိုက်၊ စွန့်ပစ်ပစ္စည်း၊ မိလ္လာအညစ်အကြေးများနှင့် နျူကလီးယားကဲ့သို့ ရေဒီယိုဓာတ်သတ္တိကြွပစ္စည်းများမှ လေထုအတွင်းသို့ ထုတ်လွှတ်သော ဓာတ်ငွေ့များသည် ယနေ့လူသားကမ္ဘာအား ဒုက္ခပေးနေသည့်ပစ္စည်းများပင် ဖြစ်သည်။ ထိုပစ္စည်း၊ ထိုဓာတ်ငွေ့များကို လူသားတို့ကပင် ဖန်တီးပြီး လူသားတို့ပင် အသုံးပြုကြကာ လူသားတို့ပင် ခံစားနေကြရသည်ကို သတိပြုရမည်ဖြစ်သည်။ သမုဒ္ဒရာဝမ်းတစ်ထွာနှင့် ကြီးပွားချမ်းသာလိုမှုကြောင့် လုပ်ကိုင်နေကြသော်လည်း လောကသတ္တဝါများ အသက်ချမ်းသာရရေးကိုလည်း ကြည့်ရှုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိသတ္တဝါများအား ပျက်စီးခြင်းကိုဖြစ်စေသည့် လေထုညစ်ညမ်းမှုများသည် လူသားများ ပြုပြင်စီရင်ဖန်တီးမှုများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်၍ လူသတ္တဝါများ ဆက်လက်ရှင်သန်ရေးအတွက် ဆင်ခြင်စီမံဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြားဆိုးရွားတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိုင်ယာလန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန် သံအမတ်ကြီးအဖြစ် မကြာသေးမီက ခန့်အပ်ခြင်းခံရသော H.E. Mr. Joseph Anthony Cotter အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-အိုင်ယာလန် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Saifuddin Abdullah နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မလေးရှားနိုင်ငံက အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ၂၀၁၈ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် ယခုနှစ်တွင် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာအစည်းအဝေးများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်မည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုသဟဇာတမျှတရေးနှင့် လက်ရှိ တိုက်ပွဲရှောင်များအား ထိရောက်သော ထောက်ပံ့မှုများ ပေးအပ်နိုင်ရေးဆောင်ရွက်နေမှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ထားရှိမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများက ပူးပေါင်းပါဝင်မည့် အခြေအနေများနှင့် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT) မှ ပထမအကြိမ် လိုအပ်ချက်များ ဆန်းစစ်လေ့လာခြင်းအား မကြာသေးမီက ဆောင်ရွက်ပြီးစီးခဲ့မှုများ၊ မလေးရှားနိုင်ငံအခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Mercy Malaysia အဖွဲ့အစည်းနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု တိုးတက်ရန်အတွက် ပညာရှင်များသာမက အခြေခံလူတန်းစားများ၏ တီထွင်ကြံဆမှုများကိုလည်း အသိအမှတ်ပြုအားပေးပြီး တီထွင်ကြံဆမှုများ၊ ဆန်းသစ်တီထွင်မှုများနှင့် တစ်ဟုန်ထိုးတိုးတက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ အင်အားတစ်ရပ်ဖြစ်သော လူငယ်များကို တီထွင်ကြံဆမှု တိုးပွားစိတ်မြင့်မားအောင်နှင့် တီထွင်ဆန်းသစ်နိုင်မည့် အခွင့်အရေးများ ပိုမိုရရှိအောင် အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် လိုအပ်**

အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ပါမောက္ခချုပ်များကော်မတီ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း(ဗဟို)၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထိရောက်စွာ အကောင်အထည်ဖော်ရန် ဖွဲ့စည်း**

အစည်းအဝေးတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉) အစည်းအဝေးဖြစ်ပါကြောင်း၊ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ် မတ်လ ၁၂ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉ ဖြင့် ဒုတိယသမ္မတ ဦးဆောင်၍ ၂၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကောင်စီသည် သိပ္ပံနှင့် နည်းပညာ ဆန်းသစ်တီထွင်မှု ဥပဒေပါ ရည်ရွယ်ချက်များဖြစ်သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန်၊ ခေတ်မီသိပ္ပံနှင့် နည်းပညာများကို အခြေခံသည့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊ ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်ရန်၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားသော အဖွဲ့အစည်းများအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်ရန်၊ ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်ရန်နှင့် အကျိုးခံစားခွင့်များ ရရှိရန်၊ ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသနဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရေး စီစဉ်ဆောင်ရွက်ရန် စသည်တို့ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

**စတုတ္ထစက်မှုတော်လှန်ရေးခေတ်သို့ ကူးပြောင်းဝင်ရောက်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ယနေ့မျက်မှောက်ခေတ်ကာလသည် အလိုအလျောက်စနစ်များ အသုံးပြုပြီး ဒေတာအချက်အလက်များ ဖလှယ်နိုင်သည့် ကုန်ထုတ်လုပ်ခြင်းစနစ်ကို ကျင့်သုံးသော စတုတ္ထစက်မှုတော်လှန်ရေး(Fourth Industrial Revolution ခေါ် Industry 4.0) ခေတ်ကာလသို့ ကူးပြောင်းဝင်ရောက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နောက်ကျ ကျန်မနေရအောင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့် နည်းပညာအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၅၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် **"လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေ"** ကို ရုပ်သိမ်းပြီး **"သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေ"** ကို ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့ပြင် ပြောင်းလဲတိုးတက်လာသော ခေတ်နှင့် လျော်ညီစေရန်အတွက် အဆိုပါဥပဒေကို အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇွန် ၂၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က **"သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ"** ကို ပြဋ္ဌာန်းခဲ့ကာ ၁၉၉၄ ခုနှစ် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေကို ကျော်လွှန်ပယ်ဖျက်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၀၁၈-၂၀၃၀ (Myanmar Sustainable Development Plan 2018 - 2030)၏ ပန်းတိုင်များ၊ မဏ္ဍိုင်များနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍသည် နိုင်ငံတော်၏စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community)နှင့် အခြားသော ဒေသတွင်း ကတိကဝတ်များ ဖော်ဆောင်ရေးတို့တွင် ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခု ဥပဒေရည်ရွယ်ချက်ပါ လုပ်ငန်းရပ်များကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ သို့မှသာ ဒေသတွင်းနှင့် နိုင်ငံတကာ၌ လိုက်လျောညီထွေရှိလာပြီး မိမိတို့ရည်မှန်းသည့် Sustainable Development များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများမှာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်ကြပါကြောင်း၊ ထို့အပြင် ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနိုင်ငံများ၏ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Bay of Bengal Initiative for Multi - Sectoral Technical and Economic Cooperation, BIMSTEC) ၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ နည်းပညာလွှဲပြောင်းရေး အထောက်အကူပြုပံ့ပိုးမှုလုပ်ငန်းများမှာလည်း ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**ဖွဲ့စည်းထား**

သိပ္ပံနှင့် နည်းပညာနယ်ပယ်ပေါင်းစုံရှိသည့်အနက် မိမိတို့ နိုင်ငံ၏ ပကတိအခြေအနေ လိုအပ်ချက်နှင့်ကိုက်ညီသော သက်ဆိုင်ရာပညာရပ်နယ်ပယ် အလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများကို ၎င်းကောင်စီအောက်တွင် ဖွဲ့စည်းထားရှိပြီး သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီနှင့် ကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဟု ဖော်ပြထားသည့်အတွက် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီသည် နိုင်ငံကိုကိုယ်စားပြုသော အမျိုးသားအဆင့် သုတေသန ကောင်စီ(National Research Council) ဖြစ်ပါကြောင်း။

**စနစ်တကျ ချမှတ်အကောင်အထည်ဖော်**

အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီသည် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်သော ပညာရှင်များ မွေးထုတ်ခြင်းနှင့် အရည်အချင်းတိုးတက်မြင့်မားလာရန် စီမံဆောင်ရွက်ခြင်း၊ သုတေသနဌာနများ၊ တက္ကသိုလ်များနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအမံများချမှတ်ခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ စုဆောင်းထားရှိခြင်းနှင့် ဖြန့်ဝေအသိပေးခြင်း၊ နှစ်စဉ်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ တင်ပြခြင်း စသည့် လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတစ်ဝန်းလုံး လူမှုစီးပွားလိုအပ်ချက်များကို လေ့လာပြီး တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ သုတေသနဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးဖြစ်ထွန်းမည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်သည့် သင်တန်းများဖွင့်လှစ်ခြင်း စသည်တို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အခွင့်အရေးများ ပိုမိုရရှိအောင် အစီအမံများချမှတ်**

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု တိုးတက်ရန်အတွက် ပညာရှင်များသာမက အခြေခံလူတန်းစားများ၏ တီထွင်ကြံဆမှုများကိုလည်း အသိအမှတ်ပြုအားပေးပြီး တီထွင်ကြံဆမှုများ၊ ဆန်းသစ်တီထွင်မှုများနှင့် တစ်ဟုန်ထိုး တိုးတက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့ နိုင်ငံ၏ အင်အားတစ်ရပ်ဖြစ်သော လူငယ်များကို တီထွင်ကြံဆမှု တိုးပွားစိတ်မြင့်မားအောင်နှင့် တီထွင်ဆန်းသစ်နိုင်မည့် အခွင့်အရေးများ ပိုမိုရရှိအောင် အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တီထွင်ကြံဆမှုမှသည် ထုတ်လုပ်မှုဆီသို့ နည်းပညာပိုင်ဆိုင်မှု လွှဲပြောင်းနိုင်ရေးကိုလည်း အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တီထွင်ကြံဆသူသည် နည်းပညာပိုင်ဆိုင်မှု အခွင့်အရေးများ အလုံးစုံရရှိရေး ဆောင်ရွက်နိုင်ပါက တီထွင်ကြံဆသူဦးရေ များပြားလာနိုင်ပါကြောင်း၊ ယခုကဲ့သို့ အားပေးရန်အတွက် နည်းပညာလွှဲပြောင်းသော စည်းမျဉ်း၊ စည်းကမ်းများ ပေါ်ထွက်လာရန် အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းလုပ်ဆောင်သွားရန် ပြောကြားလိုကြောင်း။

**မူဝါဒများကို ချမှတ်ဆောင်ရွက်သွားရမည်**

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အမျိုးသားအဆင့် မူဝါဒများကို ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မူဝါဒများ ချမှတ်ရာတွင် ဥပဒေပါကဏ္ဍအသီးသီး၏ လုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးက ပူးပေါင်းညှိနှိုင်း ဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို အကြံပြုချမှတ်ရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကောင်စီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနည်းဥပဒေမူကြမ်းနှင့် ဆုံးဖြတ်ရန် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

**နေပြည်တော် မေ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၉ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌(သတ္တမနေ့)အဖြစ် ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီးတန်း ) စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း ၁၂၁၁၅ ပါး အနက် ၉၉၈၁ ပါး ဖြေဆိုကြ၍ ၈၂ ဒသမ ၃၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

**❍ နှစ်သစ်ကူးမှ**

မန္တလေးစာမျက်နှာကို ဧပြီလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ (စနေနေ့)တိုင်း ကချင်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍ အချပ်ပိုကို ဧပြီလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း မွန်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီလ ၁၄ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ် အချပ်ပိုစာမျက်နှာကို ဧပြီလ ၁၇ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**ဆက်လက်ထုတ်ဝေသွားမည်**

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

❖ ဒုတိယသမ္မတမှ

ကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဝန်ကြီးများ၊ ဆပ်ကော်မတီအတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းသုံးသပ်အဖြေရှာ**

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)အစည်းအဝေးများကို ၂၀၁၆ ခုနှစ် NRSC စတင်ဖွဲ့စည်းပြီးကတည်းက ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၅)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ယာဉ်တိုက်ခိုက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန်၊ ၂၀၂၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှုအခြေခံနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာစေရေးဆိုသည့် အဓိကရည်မှန်းချက်ကို မျက်ခြည်မပြတ်စေရန်၊ Road Safety Action Plan (၂၀၁၄-၂၀၂၀) နှင့်အညီ အချိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် NRSC အစည်းအဝေးများတွင် တိုင်ပင်ဆွေးနွေးဆုံးဖြတ်ကြပြီး ကြိုးစားဆောင်ရွက်လာခဲ့ကြသည်မှာ ယခုဆိုလျှင် Action Plan ၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်ကို နီးကပ်လာနေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်သည့်ကာလအတွင်း မည်သို့ကြိုးပမ်းဆောင်ရွက်သွားကြမည်ကို ဝိုင်းဝန်းသုံးသပ်အဖြေရှာနိုင်ရန် ယနေ့အစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း။

မကြာမီကထုတ်ပြန်ခဲ့သည့် Global Status Report on Road Safety 2018 အစီရင်ခံစာအရ ယနေ့ အိမ်နီးချင်းအာဆီယံနိုင်ငံများ အပါအဝင် တစ်ကမ္ဘာလုံးတွင် ယာဉ်တိုက်မှုကြောင့် သေကျေ၊ ဒဏ်ရာရ၊ ဆုံးရှုံးပျက်စီးမှုများသည် ဆက်လက်မြင့်တက်နေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီနိုင်ရန် အလှမ်းကွာနေသေးသည့် အနေအထားကို လေ့လာတွေ့ရှိရပါကြောင်း၊ NRSC ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အတွက် အရေးပါပြီး ပြည်သူလူထု၏ အသက်အန္တရာယ်လုံခြုံမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် အထူးအရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် ၂၀၂၀ Target များကို ပြည့်မီအောင် ကျန်သည့်အချိန်ကာလအတွင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အထူးအားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်အောင်ကြိုးပမ်း**

NRSC ၏ (၃)နှစ်တာခြေလှမ်းများကို ပြန်လည်သုံးသပ်ရာတွင် အထောက်အကူဖြစ်စေမည့် NRSC ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို စီမံခန့်ခွဲရေးဆပ်ကော်မတီက ပြည့်ပြည့်စုံစုံ ပြုစုထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ယင်းနှစ်ချုပ်အစီရင်ခံစာကို လေ့လာကြည့်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေကြသည့် ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ် RSCများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မည်သည့်ကဏ္ဍများတွင် အားနည်းချက်၊ လစ်ဟာချက်များရှိနေသည်၊ မိမိတိုင်းဒေသကြီး၊ ပြည်နယ်သည် မည်သည့်အဆင့်အထိ ရောက်နေသည်၊ မည်သည့်အချက်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဆိုသည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်မည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များကို ဖိဖိစီးစီးကြိုးပမ်းဖော်ဆောင်ကြခြင်းအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်တိုက်မှုနှုန်းကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မော်တော်ဆိုင်ကယ် ယာဉ်မတော်တဆနှုန်းသည် ၄၉ ရာခိုင်နှုန်းရှိပြီး ၂၃၇၆ ဦးသေဆုံး၊ ၁၂၉၈၅ ဦး ဒဏ်ရာရရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

**ထိရောက်အကျိုးရှိစေမည်**

ယာဉ်တိုက်မှုဖြစ်စဉ် ထက်ဝက်ခန့်သည် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားနေသည်ကို သတိမူပြီး ပြီးခဲ့သည့် စတုတ္ထအကြိမ် NRSC အစည်းအဝေးတွင် မော်တော်ဆိုင်ကယ် တိုက်ခိုက်မှု၊ သေဆုံး၊ ဒဏ်ရာရမှု လျှော့ချရေးအတွက် မော်တော်ဆိုင်ကယ်ဦးထုပ် အရည်အသွေး စံချိန်စံညွှန်းများ ထွက်ပေါ်လာရေးနှင့်စပ်လျဉ်းပြီး စီမံခန့်ခွဲရေးဆပ်ကော်မတီအနေဖြင့် မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများအတွက် မိမိတို့နိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် Safety Helmet Standard ပြုစုပြဋ္ဌာန်းနိုင်ရန် Regional Workshop on Motorcycle Helmet and Minimum Safety Requirements for cars အလုပ်ရုံဆွေးနွေးပွဲကို Suu Foundation နှင့်ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဆိုလျှင် UN Regulation 22 (Safety Helmet) ကို Adoption ပြုလုပ်နိုင်ရေးအတွက် အမျိုးသားစံချိန်စံညွှန်းများကောင်စီ (NSC) သို့ တင်ပြထားသည့်အဆင့်ကို ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွက် ဆိုင်ကယ်ဦးထုပ် "စံ"သတ်မှတ်ချက်အဖြစ် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ UN Regulation 22 ကို လက်ခံကျင့်သုံးပြီး


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်


ညွှန်ကြားရေးမှူးချုပ်
ဦးဇော်မင်းဦး

E-mark ပါသည့် ဦးထုပ်များ အသုံးပြုနိုင်မည်ဆိုပါက ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးနေရခြင်းများကို သိသာထင်ရှားစွာ လျော့ကျလာစေမည် ဖြစ်ပြီး တစ်နိုင်ငံလုံးက မော်တော်ဆိုင်ကယ်စီးနင်းသူအားလုံးအတွက် အမှန်တကယ် ထိရောက်အကျိုးရှိစေမည် ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီး ဦးထုပ်များ၏ အားသာချက်များကို ပြည်သူများကြားထဲတွင် စိမ့်ဝင်စွဲမြဲပြီး စနစ်တကျ သုံးစွဲလာစေရန်၊ လူတိုင်းဝတ်ဆင်စေရန်ကိုလည်း ဆက်လက်အသိပညာပေး ဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း။

**ပြောင်းလဲကျင့်သုံးဆောင်ရွက်**

မြန်မာနိုင်ငံ၏ ယာဉ်မတော်တဆမှု အချက်အလက်များ ကောက်ခံသည့် လက်ရှိ Data Collecting စနစ်၏ အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် ADB ၏ TA 8987 အစီအစဉ်အရ Road Crash Database System ကို ၂၀၁၈ ခုနှစ်အတွင်း ရေးဆွဲပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး Road Crash Database System အသစ်ကို ပြောင်းလဲကျင့်သုံးဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ယာဉ်မတော်တဆမှုဆိုင်ရာ စာရင်းဇယား၊ အချက်အလက်များ တိကျမှန်ကန်ပြည့်စုံမှသာ NRSC အနေဖြင့် ထိရောက်အောင်မြင်သည့် လုပ်ငန်းစဉ်/မူဝါဒများကို ချမှတ်ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် Road Crash Database System စတင်ကျင့်သုံးမှု ထိရောက်အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကညနတို့ ပူးပေါင်းပြီး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

လာမည့် မေလတွင် ကမ္ဘာနှင့်အဝန်း ကျင်းပပြုလုပ်မည့် UN Global Road Safety Week နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ် RSC များကို မှာကြားလိုပါကြောင်း၊ WHO ၏ ဦးဆောင်မှုဖြင့် UN Global Road Safety Week ကို (၂)နှစ် တစ်ကြိမ် သတ်မှတ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စွာ အစဉ်အဆက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်တွင် မေလ ၆ ရက်မှ ၁၂ ရက်အထိ ပဉ္စမအကြိမ်မြောက် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကာလ (5th UN Global Road Safety Week) အဖြစ် သတ်မှတ်ပြီး ဆောင်ပုဒ်အနေဖြင့် "လူ့အသက်များကယ်ဆယ်ရန်၊ Road Safety အကြောင်း များများပြောကြစို့ (Save Lives - # Speak Up)" ဟူ၍ သတ်မှတ်ထားပါကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပူးပေါင်းပြီး UN Global Road Safety Week ဆိုင်ရာလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ကျင်းပစီမံဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

**ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလို**

ထို့ပြင် Global Road Safety Week ၏ ယခုနှစ် ဆောင်ပုဒ်ကို အခြေခံပြီး NRSC ၏ Road Safety ဆိုင်ရာလုပ်ငန်းစဉ်များတွင် မည်သို့ အစီအမံများ ထပ်တိုးဆောင်ရွက်သွားသင့်သည်၊ မည်သို့ပြုပြင်ပြောင်းလဲဆောင်ရွက်လျှင် ပိုမိုထိရောက်အကျိုးရှိနိုင်မည်ကိုလည်း တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ ဆွေးနွေးအကြံပြုချက်များအရ ပေါ်ထွက်လာသည့် လုပ်ငန်းစဉ်တိုင်းကိုလည်း အမှန်တကယ်အကျိုးကျေးဇူးရရှိနိုင်အောင်၊ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်အောင် ဆပ်ကော်မတီအားလုံး၊ ဒေသ RSC အားလုံးက အလေးထားကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။

NRSC ၏ ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ (၁၀)နှစ်တာကာလအတွင်း တောက်လျှောက်အတက်ဘက်ကိုသာ ဦးတည်လာခဲ့သည့် ယာဉ်တိုက်မှု၊ ဒဏ်ရာရမှုနှင့် သေဆုံးမှုအခြေအနေများသည့် ၂၀၁၈ ခုနှစ်တွင် အနည်းငယ် ပြန်လည်လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ယာဉ်တိုက်မှု၊ ဒဏ်ရာရမှုနှင့် သေဆုံးမှုများ လျော့ကျအောင် စွမ်းဆောင်နိုင်ခဲ့သည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းနှစ်လတွင် သေဆုံးမှုသိသိသာသာမြင့်တက်လာသည်ကို စိစစ်တွေ့ရှိနေရပါကြောင်း၊ ယင်းကို NRSC အနေဖြင့် အထူးသတိပြု ကြိုးစားကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း။

**ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်**

စိစစ်တွေ့ရှိချက်များအရ ခရီးသည်တင်အဝေးပြေး ဘတ်(စ်)ယာဉ်ကြီးများတွင် ခရီးသည်များ အသက်ကယ်ခါးပတ် မပတ်ကြခြင်း၊ အချို့ယာဉ်များဆိုလျှင် ခရီးသည်က အသက်ကယ်ခါးပတ်ပတ်ချင်သော်လည်း ထိုင်ခုံများတွင် ခါးပတ်ပြည့်ပြည့်စုံစုံ မပါရှိခြင်း၊ အချို့မှာလည်း ပူးပေါင်းအဖွဲ့စစ်ဆေးချိန်များတွင်သာ ဟန်ပြခါးပတ်ပတ်ကြပြီး ကျန်ခရီးစဉ်တစ်လျှောက်ခါးပတ်မပတ်ဘဲ စီးကြခြင်း စသည်ဖြင့် အမျိုးမျိုးရှိကြပါကြောင်း၊ ထိုအခြေအနေများကြောင့် အမှန်တကယ် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုများနှင့် ကြုံရသည့်အခါ ခရီးသည်အများစုသည် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် သေကျေ၊ ဒဏ်ရာရ ပျက်စီးဆုံးရှုံးမှုများ ပိုမိုကြီးမားခဲ့သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဆပ်ကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် RSC များအနေဖြင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်နေကြသည့် ယာဉ်အားလုံးတွင် စီးနင်းသူအားလုံးအတွက် ထိုင်ခုံတိုင်း အသက်ကယ်ခါးပတ် ပြည့်ပြည့်စုံစုံ တပ်ဆင်ပါရှိစေရေး၊ ပြည့်ပြည့်စုံစုံ တပ်ဆင်ပါရှိမှုမရှိပါက ချက်ချင်းထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်အရေးယူရေး၊ ယာဉ်မောင်းသူသာမက ယာဉ်ပေါ်ပါ စီးနင်းသူအားလုံး ခရီးစဉ်အစအဆုံး အသက်ကယ်ထိုင်ခုံ ခါးပတ်ပတ်စေရေး စသည်တို့ကို ဆောလျင်စွာ စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်သလို ယာဉ်ရပ်နားစခန်းများတွင် မဟုတ်ဘဲ ကြားစခန်းများတွင်လည်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေး၊ ပညာပေး၊ အရေးယူမှုများကိုလည်း အချိန်အဟုန်မကျစေဘဲ အလေးထား ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သေဆုံးမှုလျော့နည်းကျဆင်းရေး ဆွေးနွေး**

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယာဉ်တိုက်ခိုက်မှု၊ သေဆုံးမှု၊ ဒဏ်ရာရမှု၊ မော်တော်ဆိုင်ကယ်ကြောင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားနေမှု၊ မော်တော်ဆိုင်ကယ်ဦးထုပ်များ အရည်အသွေးပြည့်မီရန် ဆောင်ရွက်ရမည့်အခြေအနေ၊ ကုလသမဂ္ဂ၏ ရည်မှန်းချက်ပြည့်မီရေးနှင့် ၂၀၂၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှုအခြေခံနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာစေရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာပါ အကြောင်းအရာများကို အနှစ်ချုပ် ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေလင်းက အရှေ့တောင်အာရှနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ ယာဉ်တိုက်ခိုက်မှုအခြေအနေများကို လေ့လာသုံးသပ်တင်ပြပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းက ယာဉ်မတော်တဆဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရမှုမှ ကာကွယ်ပေးသည့် Child Safety Seats နှင့် Child Restraint System ဆိုင်ရာကိစ္စရပ်များကို တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဖောက်ဖျက်မှု၊ စနစ်တကျ စောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေမှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့်အချက်များအား စာမျက်နှာ ၆ သို့ »»

»»» စာမျက်နှာ ၅ မှ
ပြည်သူများသိရှိနိုင်ရန် အသိပညာပေးရေး၊ လမ်းကြောင်း အန္တရာယ်ဖြစ်ပေါ်နိုင်သည့်နေရာများအား ပြုပြင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

**ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံးဆိုင်ရာယာဉ်တိုက်ခိုက်မှု၊ ဒဏ်ရာရမှု၊ သေဆုံးမှုများ လျော့ကျလာအောင် ကြိုးပမ်းစွမ်းဆောင်တာဝန်ကျေပွန်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်ချုပ်တွင် ယခုနှစ်ထက် ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းများရရှိအောင်၊ ၂၀၂၀ Action Plan ၏ ရည်မှန်းချက်များကို အတတ်နိုင်ဆုံး ပြည့်မီအောင် ယနေ့ ယခုအချိန်ကစပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ဖော်ဆောင်သွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်း၊ အထူးသဖြင့် မော်တော်ဆိုင်ကယ်စီးဦးထုပ် မဆောင်းကြသည့်အတွက် ဦးထုပ်ဆောင်းသည့်သူများထက် ဒဏ်ရာရမှုမှာ ၂ ဒသမ ၀၄၄ ဆ၊ သေဆုံးမှုမှာ ၃ ဒသမ ၆၅၃ ဆ ပိုမိုနေသည်ကို NRSC အတွင်းရေးမှူးက ဖော်ထုတ်တင်ပြသွားပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ စီးနင်းသူအားလုံးဆိုင်ကယ်စီးဦးထုပ်များကို မေးသိုင်းကြိုးမြဲမြံစွာတပ်ဆင်၊ ဝတ်ဆင်ပြီးစီးနင်းကြစေရန်၊ ဦးထုပ်မှာလည်း အသက်အန္တရာယ်ကို အမှန်တကယ်ကာကွယ်ပေးနိုင်သည့် အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များကို ရွေးချယ်အသုံးပြုကြစေရန် ပညာပေး၊ စစ်ဆေး၊ အရေးယူမှုများကို ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အလားတူ ကားမောင်းနှင်၊ စီးနင်းစဉ်တွင် အသက်ကယ်ထိုင်ခုံခါးပတ်ကို အသုံးမပြုသည့်အတွက် ၂၀၁၈ခုနှစ်အတွင်း ဒဏ်ရာရ ၆၂၇၆ ဦး၊ သေဆုံး ၁၂၁၄ ဦးရှိခဲ့ပါကြောင်း၊ အသက်ကယ်ထိုင်ခုံခါးပတ်မပတ်ခြင်းသည် ခါးပတ်ပတ်ခြင်းထက် ဒဏ်ရာရမှုမှာ နှစ်ဆနီးပါးနှင့် သေဆုံးမှုမှာ လေးဆနီးပါးပိုမိုသည်ကို နှစ်ချုပ်အစီရင်ခံစာတင်ပြချက်များအရ အားလုံးသိကြပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် သေဆုံးမှု၊ ဒဏ်ရာရမှုများကို လျှော့ချနိုင်ရန် ယာဉ်များပေါ်တွင် မောင်းနှင်သူရော၊ လိုက်ပါစီးနင်းသူအားလုံး ခရီးစဉ်အစကနေအဆုံးအထိ ခါးပတ်ပတ်စေရန်၊ ယာဉ်များအားလုံး အထူးသဖြင့် ခရီးသည်တင်အဝေးပြေးဘတ်(စ်) ယာဉ်ကြီးများအားလုံး ထိုင်ခုံတိုင်းတွင် အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာတပ်ဆင်ပါရှိပြီးဖြစ်စေရန် စီမံချက်တစ်ရပ်အသွင်ဖြင့် စစ်ဆေး၊ ကြပ်မတ်၊ အရေးယူမှုများ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**စနစ်တကျလိုက်နာကျင့်သုံး**

ထို့ပြင် အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ခြင်းသည် ယာဉ်မတော်တဆမှုဖြစ်ပွားပါက မိမိတို့၏အသက်အန္တရာယ်ကို အမှန်တကယ် အကာအကွယ်ပေးနိုင်သည်ဆိုသည့် ယုံကြည်မှုကို ပြည်သူများ၏ကိုယ်ပိုင်အသိစိတ်အထိ ပျံ့နှံ့လက်ခံစေရေး၊ ပြည်သူများ Road Safety ဆိုင်ရာ အသိအမြင် မှန်ကန်ပြီး စနစ်တကျလိုက်နာကျင့်သုံးစေရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးမှုများကိုလည်း ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအဆင့်အထိ ကွက်ပြည့်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မကြာမီ မြန်မာတို့၏ ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကိုရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ မဟာသင်္ကြန်ကာလများအတွင်း ယာဉ်မတော်တဆမှုများ၊ ထိခိုက်သေဆုံး၊ ဒဏ်ရာရမှုများ ရှိလာနိုင်မည်ကိုလည်း ကြိုတင်မျှော်တွေးပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု ၃၁၇ မှု၊ ဒဏ်ရာရ ၁၀၆ ဦးနှင့် သေဆုံး ၆၄၂ ဦး ရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ယာဉ်မတော်တဆမှုအနည်းဆုံးနှင့် မဟာသင်္ကြန်ပွဲတော်ကြီးကို ဖြတ်သန်းနိုင်ရန်အတွက် သက်ဆိုင်ရာဆပ်ကော်မတီများ၊ နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများအနေဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပညာပေး၊ စစ်ဆေးကြပ်မတ်မှုများကို ပုံမှန်ကာလများထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

မြန်မာနိုင်ငံ၏ မှတ်ပုံတင်ယာဉ်စီးရေသည် National Road Safety Action Plan (2014-2020) စတင်ခဲ့သည့် ၂၀၁၄ ခုနှစ်တွင် စုစုပေါင်း ၄ ဒသမ ၀၁ သန်းသာ ရှိခဲ့ရာမှ ယခု ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလစာရင်းအရ စုစုပေါင်း ၇ ဒသမ ၂၉ သန်းအထိ နှစ်ဆနီးပါးတိုးလာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်**

ယာဉ်စီးရေတိုးပွားလာမှုနှင့် ယာဉ်မတော်တဆမှုသည် တိုက်ရိုက်အချိုးကျသည့် သဘောသဘာဝရှိသည့်အပြင် ယာဉ်တိုက်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများကို ခြုံငုံသုံးသပ်ကြည့်သည့်အခါ လူကြောင့်ဖြစ်သည့် ယာဉ်တိုက်မှုသည် ၉၈ ဒသမ ၀၂ ရာခိုင်နှုန်း ဖြစ်သည့်အတွက် ပြည်သူအားလုံး၏ Road Safety ဆိုင်ရာ အသိပညာပြည့်ဝမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၊ အင်တိုက်အားတိုက် ကိုယ်ရေးစိတ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ပါကြောင်း။

ပြည်သူလူထုပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရနိုင်သည့် လုပ်ငန်းတာဝန်မျိုးဖြစ်သည့်အတွက် ပြည်သူကိုအသိပညာဖြန့်ဝေစည်းရုံးပြီး ပြည်သူအားလုံးနိုးကြားတက်ကြွစွာ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် တိုးမြှင့်စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ Road Safety ဆိုင်ရာ တစ်ကမ္ဘာလုံး မျှော်မှန်းချက်ဖြစ်သည့် "Towards Zero Together" ဆိုသည့် "Vision" ကို အမှန်တကယ်ရောက်ရှိလာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် ဧပြီ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen. Li Zuocheng ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ တရုတ်နိုင်ငံသို့ ထွက်ခွာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တရုတ်နိုင်ငံ ကူမင်းမြို့ရှိ Chagshui လေဆိပ်သို့ ရောက်ရှိကြရာ ယူနန်ပြည်နယ်စစ်ဒေသ နိုင်ငံရေးမှူး Maj. Gen. Yu Kun၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhanguo Hua နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ၊ ကူမင်းကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ်တင့်ဆန်းနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Chen Hao က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကူမင်းမြို့ရှိ Chagshui လေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး ညနေပိုင်းတွင် ပေကျင်းမြို့ Nanyuan တပ်မတော်လေဆိပ်သို့ ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုနေထိုင်မည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံး မိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများက ကြိုဆိုနှုတ်ဆက်ကြသည်။



**တွေ့ဆုံအမှာစကားပြောကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများ၊ သင်တန်းသားအရာရှိများက လက်ခံရယူကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံး၊ စစ်သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

»»» ရှေ့ဖုံးမှ
ရေးအတွက် ရန်ကုန်မြို့တွင်း YBS ခရီးသည်တင် ယာဉ်လိုင်း ၇၃ လိုင်း ပြေးဆွဲမည်ဖြစ်ရာ ယာဉ်စီးရေ ၉၇၃ စီးသည် ပုံမှန်ပြေးဆွဲလမ်းကြောင်းအတိုင်း သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားဝင်းမှ ပြေးဆွဲလျက်ရှိသည့် အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်လိုင်းများသည် ဧပြီ ၈ ရက်အထိ ပုံမှန်ပြေးဆွဲပြီး ဧပြီ ၉ ရက်မှ ၁၆ ရက်အထိ အလှည့်ကျရပ်နားခြင်း၊ ပြေးဆွဲခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့ပြင် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားဝင်းမှ ရန်ကုန်တိုင်းဒေသကြီးအခြေပြုယာဉ် လိုင်း ရှစ်လိုင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အခြေပြုယာဉ်လိုင်း ခြောက်လိုင်း၊ ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားဝင်းမှ ရန်ကုန်တိုင်းဒေသကြီး အခြေပြုယာဉ်လိုင်း တစ်လိုင်း၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်အခြေပြု ယာဉ်လိုင်း လေးလိုင်းတို့သည် ပိတ်ရက်မရှိ ပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီးသို့ သွားလာကြမည့် ခရီးသွားပြည်သူများအတွက် ရန်ကုန်-ပုသိမ်၊ ရန်ကုန်-ဝါးခယ်မ-မော်ကျွန်း၊ ရန်ကုန်-မြောင်းမြ၊ ရန်ကုန်-ဖျာပုံ-ဘိုကလေး၊ ရန်ကုန်-ဓနုဖြူ ခရီးစဉ်များသို့ YBS ယာဉ်လိုင်းများမှ ခရီးသည်တင်ယာဉ်များဖြင့် ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အင်အားဖြည့်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေး အစုန်/အဆန် သင်္ကြန်အထူးရထားများကို ဧပြီ ၈ ရက်မှ ၁၃ ရက်အထိနှင့် သင်္ကြန်အပြီး ဧပြီ ၁၇ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ဝန်ထမ်းအထူးရထားများအဖြစ် နေပြည်တော် - ရန်ကုန်ခရီးစဉ်ကို ဧပြီ ၁၂ ရက်တွင်လည်းကောင်း၊ ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို ဧပြီ ၁၇ ရက်တွင်လည်းကောင်း ပြေးဆွဲမည် ဖြစ်သည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တွင်း ပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ရထားတွဲဆိုင်း ရှစ်ဆိုင်းဖြင့် ရထားစီးရေ ၉၀ ကို နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း၌ ပြေးဆွဲမည့် YBS ခရီးသည်တင်ယာဉ်လိုင်းများနှင့် မြန်မာ့မီးရထားမှ ခရီးစဉ်များကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲသွားမည် ဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအခြေပြု၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အခြေပြုယာဉ်လိုင်းများသည် ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)မှစ၍ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ ယာဉ်လိုင်းအားလုံး ပုံမှန်အတိုင်းပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအပြီးသတ်အစီရင်ခံစာ တင်ပြဆွေးနွေး



**နေပြည်တော် မေ ၈**

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections, PACE) နှင့် ဖန်တီးအိမ်အဖွဲ့တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အပြီးသတ်အစီရင်ခံစာ တင်ပြဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**ဆက်လက်ဖိတ်ကြားခွင့်ပြုသွားမည်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှစတင်ကာ ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို စောင့်ကြည့်လေ့လာခွင့်ပြုခဲ့ကြောင်း၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင်လည်း ဆက်လက်ခွင့်ပြုပေးခဲ့ပြီး စောင့်ကြည့်လေ့လာသူများအတွက် ကျင့်ဝတ်နှင့်လုပ်ငန်းစဉ်များ ရေးဆွဲထုတ်ပြန်ခဲ့ကြောင်း၊ PACE အဖွဲ့သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ စတင်လေ့လာခဲ့သည့်အဖွဲ့ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာရှိမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဟူသည့် စံငါးချက်နှင့်အညီဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် ရွေးကောက်ပွဲ မသမာမှုများကို ဟန့်တားနိုင်ရန်အတွက် စောင့်ကြည့်လေ့လာရေးအဖွဲ့များအား ဆက်လက်ဖိတ်ကြားခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ တင်ပြအစီရင်ခံစာပါ သုံးသပ်အကြံပြုချက်များအပေါ် အလေးထားပြီးဆောင်ရွက်နိုင်သည့် အခြေအနေပေါ် မူတည်၍ ရွေးကောက်ပွဲများ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ PACE မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များ၊ စောင့်ကြည့်လေ့လာရေးနည်းစနစ်များနှင့် စောင့်ကြည့်လေ့လာ တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# GAVI ဘုတ်အဖွဲ့ဝင်များအစည်းအဝေးနှင့် (၅၂) ကြိမ်မြောက် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင် အစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**နေပြည်တော် မေ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကနေဒါနိုင်ငံ အိုတာဝါမြို့တွင် မတ် ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော GAVI (The Global Alliance for Vaccines and Immunizations) ဘုတ်အဖွဲ့ဝင်များအစည်းအဝေးသို့ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးကို ကိုယ်စားပြုသည့် တစ်ဦးတည်းသောအဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

**နည်းပညာများကို စနစ်တကျအသုံးချ**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ဆက်စပ်သော ကျန်းမာရေးစနစ်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ GAVI ၏ ပံ့ပိုးမှုများ ပိုမိုစနစ်ကျကောင်းမွန်လာစေရန် ဆောင်ရွက်သင့်သည့်အချက်များနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ဝယ်ယူဖြန့်ဖြူးရေးနှင့် အလေအလွင့်နည်းပါးအောင် သုံးစွဲရေးတို့၏ အရေးပါမှုများကိုလည်းကောင်း၊ ပြီးခဲ့သော ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့်အချက်များနှင့်စပ်လျဉ်း၍ သင်ခန်းစာယူ၍ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း။

GAVI 5.0 (၂၀၂၁ - ၂၀၂၅) ဖြင့် လာမည့် ငါးနှစ်တာကာလတွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် GAVI မှ ဆောင်ရွက်သင့်သည့်အချက်များ၊ နည်းလမ်းအသစ်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို လည်းကောင်း။

နိုင်ငံအသီးသီးတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ပြန်လည်မြင့်တက်နေခြင်းနှင့်စပ်လျဉ်း၍ GAVI မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန်နိုင်ငံရှိ ကူးစက်ရောဂါနှိမ်နင်းရေးဗဟိုဌာနတို့နှင့် ညှိနှိုင်းလေ့လာပြီး နည်းပညာများကို စနစ်တကျအသုံးချသင့်ကြောင်းနှင့် နံပါတ် (၂) ဦးစားပေးအဆင့်နေရာအဖြစ် ရင်းနှီးမြှုပ်နှံရန် စဉ်းစားသင့်ကြောင်းကိုလည်းကောင်း ဆွေးနွေးအကြံပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကနေဒါနိုင်ငံ အိုတာဝါမြို့တွင် ရောက်ရှိနေစဉ်အတွင်း PHAROS Global Health Advisors မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ အဏုအာဟာရဆေးပြားများ ပံ့ပိုးပေးမည့်ကိစ္စရပ်များ လာရောက်တွေ့ဆုံဆွေးနွေးမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Global Affairs Canada မှ မြန်မာနိုင်ငံ ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်လာစေရန်နှင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကူညီထောက်ပံ့ပေးနိုင်ရန် လာရောက်ဆွေးနွေးမှုကိုလည်းကောင်း လက်ခံတွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ဧပြီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော (၅၂) ကြိမ်မြောက် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးသည် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေနှင့် ဆက်နွယ်သည့် ကျန်းမာရေးပြဿနာများစွာ ရှိပါကြောင်း၊ မိမိအနေဖြင့် အခိုင်အမာပြောကြားလိုသည်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပြည့်မီရေးအတွက် ICPD program ပါ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာလူမှုအသိုက်အဝန်း၏ အကူအညီများလိုအပ်ပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲရာတွင် ပိုမိုထိရောက်မှန်ကန်မှုရှိစေရန် ပြီးပြည့်စုံသည့် လူဦးရေဆိုင်ရာစာရင်းဇယားများ လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း လွန်ခဲ့သည့်နှစ် ၃၀ အတွင်း ပြီးပြည့်စုံသည့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းမှရရှိလာသည့် သတင်းအချက်အလက် ကိန်းဂဏန်းများကို အခြေခံ၍လည်း တိုင်းပြည်၏မူဝါဒများ၊ နည်းဗျူဟာများနှင့် စီမံချက်များကို ရေးဆွဲနိုင်ခဲ့ပါကြောင်း၊ ဥပမာအားဖြင့် Myanmar sustainable development plan for the year (2018-2030) ကို ရေးဆွဲနိုင်ခဲ့ပါကြောင်း။

**အချင်းချင်း ရိုင်းပင်းကူညီဆောင်ရွက်**

မိမိတို့အနေဖြင့် လူဦးရေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ရိုင်းပင်းကူညီဆောင်ရွက်စေလိုပါကြောင်းနှင့် သို့မှသာ လူဦးရေနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ပိုမိုပြီးပြည့်စုံစွာ အကောင်အထည်ဖော်နိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်၊ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင်မြင်မှာဖြစ်ကြောင်း။

လူဦးရေနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်ရာတွင် ကျန်းမာရေးကဏ္ဍအနေဖြင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ ကူးစက်တတ်သောရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများအပြင် ယနေ့ ကမ္ဘာပေါ်၌ အဖြစ်များလာသည့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါတို့ကဲ့သို့သော မကူးစက်တတ်သောရောဂါများကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်း အလေးပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၈**

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Dato' Saifuddin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.Zahairi Baharim နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၄ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်
( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မောင်ရှိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၄-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ မောင်ရှိန်(၅၈)နှစ်၊ (ဘ)ဦးသာမြင့်အား ၎င်းကျေးရွာထိပ်၌ တွေ့ရှိသဖြင့် စိစစ်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၅၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ထူးပိုင်နှင့် မငယ်တို့သည် WY စိတ်ကြွဆေးပြားများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၄-၂၀၁၉ ရက်နေ့တွင် ညောင်ဦးမြို့နယ်၊ အမှတ်(၅) ရပ်ကွက်နေ ထူးပိုင်(ခ)အားမာန်(၂၄)နှစ်၊ (ဘ)ဦးခင်မောင်စိုးနှင့် မငယ်(ခ)ချောစုဝင်း(ခ)ချောလေး(ခ)မဝက်မ(၃၀)နှစ်၊ (ဘ)ဦးမိုးမြင့်အောင်တို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ညောင်ဦး)မယ(ပ)၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းအနီးပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၁)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၃၁-၃-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုမှ ကွင်းဆက်သတင်းအရ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းအနီးပတ်ဝန်းကျင်အား စောင့်ကြည့် စိစစ်ရှာဖွေရာ အမှတ်(၈)ရပ်ကွက်နေ ရွှေသန်း(၄၂)နှစ်၊ (ဘ)ဦးဆုစိန်သာအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ)မယ(ပ)၁၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ တောင်နောက်ကျေးရွာနေ မောင်ရွှေ(၂၁)နှစ်၊ (ဘ)ဦးပေါစံထွန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ)မယ(ပ)၁၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အမှတ်(၁)ရပ်ကွက်နေ တိုးတိုး (ခ)အောင်တိုးမြင့်(၂၈)နှစ်၊ (ဘ)ဦးသိန်းမောင်နှင့် ကျော်လှိုင် (ခ)အပနား(၄၄)နှစ်၊ (ဘ)ဦးမောင်မောင်တို့(၂)ဦး အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ) မယ(ပ)၁၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ပါလျံ(၁)ရပ်ကွက်နေ မမိုး(ခ)မိမိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၄-၂၀၁၉ ရက်နေ့တွင် တာချီလိတ်မြို့နယ်၊ ပါလျံ(၁) ရပ်ကွက်နေ မမိုး(ခ)မိမိုး(ခ)အိမိုးဝင်း(၃၉)နှစ်၊ (ဘ)ဦးကျော်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ တစ်ရပ်ကွက်တည်းနေ မသဲသဲအိ(၂၆)နှစ်၊ (ဘ)ဦးစန်းဝင်းတို့(၂)ဦးအား WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တာချီလိတ်)မယ(ပ)၄၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဖာတီမာကုန်းကျေးရွာနေ ဝတုတ် (ခ) ဘနဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၄-၂၀၁၉ ရက်နေ့တွင် တာချီလိတ်မြို့နယ်၊ ဖာတီမာကုန်းကျေးရွာနေ ဟော်တဲ(ခ) ဝတုတ်(ခ) ဘနဲ (၂၇)နှစ်၊ (ဘ)ဦးလော်ဖာ၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ တစ်ရွာတည်းနေ ဇော်ထူး(၂၇)နှစ်၊ (ဘ)ဦးစိန်မောင်နှင့်အတူ တွေ့ရှိပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(တာချီလိတ်) မယ(ပ)၄၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၆-၄-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၉၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၇၈၂)ဦး၊ မ(၁၅၂)ဦး ပေါင်း(၉၃၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၇၁.၉၂)ဂရမ်၊ ICE(၇၃.၆၇) ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၂၉၅၂၅)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံး တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရမော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင် (၂၆၉/၁)နှင့် (၂၆၉/၂)ကြားလမ်းဘေး၌ ဖုန်းအားသွင်းသည့် ပလပ်ခေါင်းအတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၄၄)ပြား၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာ၊ မော်ဟန်-တောင်စိမ်းလေး မှော်သွားလမ်းပေါ်၌သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၆၀)ပြား၊ ဘိန်းဖြူ(၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ မမုံကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၁၀)ပြား၊ ဘိန်းဖြူ(၀.၉)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ သရက်ပင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဖဲကတာကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ နောင်ရဖေ့ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ဘီးလင်းမြို့နယ်၊ ကဇိုင်းကျေးရွာအနီး ဘီးလင်း-နတ်ကြီးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၂၇၇.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ ဆေးခြောက်(၀.၅)ဂရမ်၊ ဂုံနားကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇)ပြား၊ ဆေးခြောက်(၁)ဂရမ်၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့်(၁၀)ဂရမ်၊ လသာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၄)ပြား၊ ဘူးသီးတောင်မြို့နယ်၊ သံခြေကျေးရွာနှင့် ကွန်ဒိုင်ကျေးရွာကြား၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၁၀၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကွန်ဒိုင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးနှင့် အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ စစ်တွေမြို့ စက်ရုံစုရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၁၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကွန်ချောင်းကျေးရွာအနီး တောင်ကြီး-ပင်းပက်ကျေးရွာသွား ကားလမ်းမပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၆၅)ပြား၊ ကံကြီးရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအနီး ကလော-ပင်လောင်း-အောင်ပန်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဆီခဲ(၄၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွန်ဟိန်းမြို့ အမှတ်(၃)ရပ်ကွက်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့ ရပ်ကွက်(၁၀)၊ အေးချမ်းမြေလမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၅၀)ပြား၊ ဘိန်းဖြူ(၁၁.၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မန်ဆာရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀)ပြား၊ဘိန်း (၄၃၀၀)ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ဝမ်ကန်ကျေးရွာထိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦး ထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပန်ယောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀၇)ပြား၊ ဘိန်း(၁၀၀)ဂရမ်၊ တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်၌ သတင်းအရ Harrier ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၁၅၇)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဆေးခမ်းရပ်ကွက်၊ လေယာဉ်ကွင်းလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား အကြေမှုန့်(၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၃)ပြား၊ ထီးချိုင့်မြို့နယ်၊ ဧရာဝတီတံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အမှတ်(၄)ရပ်ကွက် စိုက်ခင်းအတွင်း ချုံရှင်းလင်းစဉ်ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၁၉၁၀)ပြား၊ ဗန်းမောက်မြို့နယ်၊ မကျည်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ ဘိန်း(၄၇) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၂.၅)ဂရမ်၊ ကလေးမြို့ ကလေး-တီးတိန်သွားကားလမ်း၊ (၈)မိုင်စစ်ဆေးရေးဂိတ်၌ ကလေးမှ တီးတိန်သို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး ပေါင်း(၂)ဦးတို့ထံမှ Alprazolam Tablet(၁၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တာဟန်းဈေးအတွင်းရှိ တရားခံ၏ဆေးဆိုင်မှ Alprazolam Tablet (၄၀၀)ပြား၊ မော်လိုက်ကလေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ Buprenorphine Tablet (၇)ပြား၊ ဟုမ္မလင်းမြို့နယ်၊ ပေကုန်းကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဘိန်းဖြူ (၄၄)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မအိုင်ကျေးရွာအနီးရေပြင်၌ သတင်းအရ စက်လှေအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၇)ပြား၊ စက်လှေ(၁)စီး၊ ပုလောမြို့နယ်၊ လက္ကူးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀)ပြား၊ ဘိန်းစာမှုန့်(၂၀)ဂရမ်၊ မောတောင်မြို့ ဆော့ကလွင်ချောင်းအနီး၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၃၀၇၀၀၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ (၁၆/၆)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး ပေါင်း(၄)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၃၈)ပြား၊ ဆိုင်ကယ်(၂)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်း၌ သတင်းအရစိစစ်စဉ် တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၇၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်(၅၁)ရပ်ကွက်၌

**စာမျက်နှာ ၉ သို့ »»**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၈**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာကော်မတီဆောင် I-20 ၌ ကျင်းပသည်။

**ပြည်ထောင်စုအစိုးရသို့ အစီရင်ခံတင်ပြသွားမည်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများသည် ရခိုင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုတစ်ရပ်လုံး၏ အရေးကြီးသည့် ပဋိပက္ခဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကိုလျော့ကျသွားစေရန် ရခိုင်ပြည်နယ်ရှိတာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေး၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာမှ ရရှိလာသည့် အခြေခံအချက်အလက်များကို မူတည်၍ ရေတို၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြည်ထောင်စုအစိုးရသို့ အစီရင်ခံစာရေးသားတင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် ဦးညီလှငယ်တို့က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့်ပဋိပက္ခများ အမြန်ဆုံးလျော့ကျ၍ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် စီမံချက်များလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။



**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# လက်တွေ့လုပ်ငန်းခွင်တွင် အခက်အခဲမရှိလုပ်ကိုင်နိုင်အောင် စာတွေ့လက်တွေ့ကို သင်တန်းကျောင်းမှာပင် စနစ်တကျလေ့ကျင့်သင်ကြားပေးရမည်

**နေပြည်တော် မေ ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သည် မေ ၅ ရက်မှ ၇ ရက်အထိ အမှတ်(၇)စက်မှုသင်တန်းကျောင်း(မုံရွာ)၊ အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၊ အမှတ်(၆) အထည်စက်ရုံ(ဆားလင်းကြီး)နှင့် အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် မေ ၅ ရက် ညနေပိုင်းတွင် အမှတ်(၇)စက်မှုသင်တန်းကျောင်း(မုံရွာ) စီမံကိန်းသို့ရောက်ရှိပြီး မော်တော်ကားပြုပြင်ထိန်းသိမ်းရေး သင်တန်းအလုပ်ရုံ၊ သတင်းအချက်အလက်နှင့် နည်းပညာသင်တန်းအလုပ်ရုံ၊ လျှပ်စစ်သင်တန်းအလုပ်ရုံ၊ CNC သင်တန်းအလုပ်ရုံ၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်သင်တန်း အလုပ်ရုံများတွင် သင်ထောက်ကူစက်နှင့် စက်ပစ္စည်းများ နေရာချတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် သင်တန်းကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ဖြေရှင်းပေးသည်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)ကို ကြည့်ရှုစစ်ဆေးစဉ်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၆) အထည်စက်ရုံ(ဆားလင်းကြီး)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လက်ရှိဝန်ထမ်းအင်အားနှင့် ကုန်ထုတ်လုပ်မှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် စက်ရုံတွင် အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် ကျောင်းစိမ်းတူညီဝတ်စုံများ ချုပ်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ထုတ်ကုန်အရည်အသွေးကောင်းမွန်မှုကို အမြဲတမ်းထိန်းသိမ်းထားရန်၊ ဈေးကွက်ဝင် ထုတ်ကုန်အမည်သစ်များတိုးချဲ့ထုတ်လုပ်ရန် မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၆ ရက် ညနေပိုင်းတွင် အမှတ်(၄)စက်မှုသင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်းကျောင်းအုပ်ကြီးက ပုံမှန် တစ်နှစ်သင်တန်းနှင့် ရွေ့လျားစက်မှုသင်တန်းများ ဖွင့်လှစ်နေမှုအခြေအနေ၊ အိန္ဒိယနိုင်ငံနှင့်ပူးပေါင်း၍ ငါးနှစ်တာ သင်တန်းကျောင်းဘက်စုံပြုပြင်ထိန်းသိမ်းရေး စီမံကိန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများ၏ အဓိကရည်ရွယ်ချက်မှာ သင်တန်းသားများအား မိမိခြေထောက်ပေါ်မိမိရပ်တည်နိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို တတ်မြောက်သည်အထိ လေ့ကျင့်သင်ကြားပေးရန်ဖြစ်ကြောင်း၊လက်တွေ့လုပ်ငန်းခွင်တွင် အခက်အခဲမရှိ လုပ်ကိုင်နိုင်အောင် စာတွေ့လက်တွေ့ကို သင်တန်းကျောင်းမှာပင် စနစ်တကျ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင်စက်မှုသင်တန်းကျောင်းများမှ ဘာသာရပ်တူသင်တန်းများအတွက် Standard Common Curriculum ရေးဆွဲသင်ကြားသွားရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေး**

ပြည်ထောင်စုဝန်ကြီးသည် မေ ၇ ရက် နံနက်ပိုင်းတွင် အမှတ်(၅)အထည်စက်ရုံသို့ ရောက်ရှိပြီး ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်တွင် လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အကာအကွယ်ပစ္စည်းများပြည့်စုံစွာ ဝတ်ဆင်ကြရန်၊ ထုတ်ကုန်အရည်အသွေး ကောင်းမွန်စေရေးအတွက် ကုန်ထုတ်လုပ်ငန်းစဉ်တစ်လျှောက် တာဝန်ရှိသူအဆင့်ဆင့်က တိတိကျကျစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၈ မှ

တရားခံအမျိုးသား(၁)ဦး၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးတံတားအနီး၌ သတင်းအရ CRV ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၉၁၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ Hijet ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ICE(၉၉၀)ဂရမ်၊ ဆေးခြောက်(၂.၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်ရှိ တရားခံများ၏နေအိမ်မှ စိတ်ကြွဆေးပြား(၄၄၂)ပြား၊ ဆေးခြောက်(၁၈)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၁၅)ရပ်ကွက်၊ မိုးကောင်းလမ်းမပေါ်၌ သတင်းအရ Hijet ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၇.၃၃)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ (၁၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ ထပ်မံဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ ဆေးခြောက်(၆၉၀)ဂရမ်၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၃)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းလမ်းမပေါ်၌ Probox ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ICE (၆.၄) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ တောင်ဒဂုံမြို့နယ်၊ ကျိုစုအနောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၆) ဂရမ်အားလည်းကောင်း၊ လက်နက် / ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကျွဲတလင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅)ပြား၊ လုပ်သေနတ်အတို(၁)လက်၊ ပွိုင့် ၂၂ ကျည်(၄၄)တောင့်၊ တစ်လုံးထိုးပြောင်းချောသေနတ်(၁)လက်၊ ၎င်းကျည်(၆)တောင့်၊ တူမီးသေနတ်(၁)လက်၊ ခဲသီး(၄၀)လုံး၊ ယမ်းမှုန့်(၁)ဘူးတို့အားလည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ပထွက်ခွာ Terminal 1 ၌ ပြည်ပသို့ထွက်ခွာမည့် မလေးရှားနိုင်ငံသား အမျိုးသား(၁)ဦး၏ ခရီးဆောင်အိတ်အတွင်းမှ ICE(၀.၄)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှုစုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၃၁-၃-၂၀၁၉ ရက်နေ့မှ ၆-၄-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၁၈၅)မှုတွင် တရားခံကျား(၂၁၈)ဦး၊ မ(၂၇)ဦး၊ ပေါင်း(၂၄၅)ဦးကို ဘိန်းဖြူ(၄၃၇.၃၅၃)ဂရမ်၊ ICE(၉၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၁၀၀၀၈၆)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၁၀) ဂရမ်၊ ဆေးခြောက်(၁၂၄၄.၄၃)ဂရမ်၊ဘိန်း(၄၈၈၃.၃၃)ဂရမ်၊ ဘိန်းဆီခဲ(၄၈၂၁.၂)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂.၅)ဂရမ်၊ ဘိန်းစာမှုန့်(၃၀၇၀၂၀)ဂရမ်၊ Alprazolam Tablet (၄၁၀)ပြား၊ Buprenorphine Tablet(၇)ပြား၊ သေနတ်မျိုးစုံ (၃)လက်၊ ကျည်မျိုးစုံ(၅၀)တောင့်၊ ခဲသီး(၄၀)လုံး၊ ယမ်းမှုန့်(၁)ဘူးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း / ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း / ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - **၀၆၇-၅၉၀၂၀၀**
**ဖက်စ်ဖုန်းနံပါတ်** - **၀၆၇-၅၉၀၂၃၃**
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းတွင် စစ်ဆေးမှုများ စတင်



**နေပြည်တော် မေ ၈**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်း အသုံးပြုနေသည့်ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များ၊ Telematic စနစ် တပ်ဆင်ထားသောယာဉ်များနှင့် Light Truck ယာဉ်များ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ကြံ့ခိုင်မှုကို ယနေ့တွင် နေပြည်တော်တိုးဂိတ်၌ စတင်စစ်ဆေးလျက်ရှိသည်။

အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန(ကညန)၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့နှင့် အမြန်လမ်းကြက်ခြေနီအဖွဲ့တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့က စစ်ဆေးခြင်းဖြစ်သည်။

ထိုသို့ စစ်ဆေးရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် တာယာ ကောင်း၊ မကောင်း၊ မီးသတ်ဆေးဘူးများ ပါ၊ မပါ၊ ခရီးသည်များ၊ ယာဉ်မောင်းများ ခါးပတ်ပတ်ထားခြင်း ရှိ၊ မရှိတို့ကို အဓိကထားစစ်ဆေးပြီး တွေ့ရှိချက်များအနေဖြင့် ခရီးသည်တင် Express ယာဉ်များတွင် တာယာပန်းများ ၄၀ ရာခိုင်နှုန်းအောက်သာ အများစုရှိခြင်း၊ နောက်ဘယ်ဘက်ဘီးများတွင် ကြံ့ခိုင်မှုအားနည်းသည့် တာယာများကို အသုံးပြုမှုများပြားခြင်း၊ မီးသတ်ဆေးဘူးများ သတ်မှတ်ချက်မပြည့်စုံခြင်း၊ ခရီးသည်များ ခါးပတ်ပတ်မှုမရှိခြင်း၊ ခါးပတ်ပတ်နိုင်အောင် ဆောင်ရွက်ထားမှုအခြေအနေ နည်းပါးခြင်းများကို တွေ့ရှိရကြောင်း သိရသည်။

ထို့ပြင် အိမ်စီးယာဉ်များတွင် လေပေါင်ချိန်မညီခြင်း၊ သက်တမ်းလွန် တာယာ အသုံးပြုခြင်းများနှင့် Light Truck ယာဉ်များတွင် တာယာပန်းများ ၂၅ ရာခိုင်နှုန်းအောက်သာ အများစုရှိခြင်း၊ သတ်မှတ်တာယာအရွယ်အစား မညီခြင်း၊ မီးသတ်ဆေးဘူးမပါရှိခြင်း၊ သတ်မှတ်လူဦးရေထက် ပိုမိုတင်ဆောင်ခြင်းများကို အများဆုံးတွေ့ရှိရသည်ဟု သိရသည်။

"ယာဉ်ရဲ့ကြံ့ခိုင်မှုနဲ့ သတ်မှတ်လိုင်စင်နဲ့ မောင်း၊ မမောင်းကို အဓိကထားပြီး စစ်ပါတယ်။ လောလောဆယ်မှာ ကားတာယာတွေက ပန်းကုန်တာတွေများတဲ့အတွက် တာယာလဲဖို့ သတိပေးပါတယ်။ အခုအချိန်ထိ အများဆုံးတွေ့တာကတော့ မီးသတ်ဆေးဘူးမပါတာနဲ့ ကားတာယာပန်းပါးတာဖြစ်ပါတယ်" ဟု အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ရဲမှူးရဲကြည်က ပြောသည်။

**အန္တရာယ်ကင်းရေး ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်**

ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုနေသည့် ယာဉ်စီးရေသည် တစ်နေ့လျှင် ပျမ်းမျှ ၄၅၀၀ နှင့် ၅၀၀၀ ကြားရှိပြီး ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ ခရီးရောက်ရှိနိုင်ရေးအတွက် ယခုကဲ့သို့ ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က အခုလို စစ်ဆေးတာ ကုသိုလ်ဖြစ်လုပ်တယ်လို့တောင် သဘောထားပါတယ်။ အခုလိုစစ်ဆေးခြင်းအားဖြင့် ယာဉ်မောင်းတွေက သူတို့ကားရဲ့ ကြံ့ခိုင်မှုကို သူတို့စစ်ရပါမယ်။ ဘာတွေလိုအပ်တယ်၊ ဘာတွေ ပြင်ဆင်ရမယ်ဆိုတာ သူတို့ကို အသိပေးပါတယ်။ ယာဉ်တစ်စီးဟာ ခရီးဝေးသွားတော့မယ်ဆိုရင် ယာဉ်ရဲ့ အောက်ပိုင်း ကြံ့ခိုင်မှု၊ ဖရိန်ပိုင်း၊ တာယာပိုင်းကို အဓိကကြည့်ရပါတယ်။ ကြံ့ခိုင်မှုရှိမှ သူတို့သွားလိုတဲ့ ခရီးကို ရောက်ရှိမှာဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေ ရည်ရွယ်ရာ သွားလိုတဲ့နေရာကို ချောချောမွေ့မွေ့ရောက်ဖို့က အရေးကြီးပါတယ်။ လူ့အသက်တွေ ဆုံးရှုံးမှုကနေ တတ်နိုင်တဲ့ဘက်က ကာကွယ်ပေးခြင်းဖြစ်ပါတယ်" ဟု ရဲမှူးရဲကြည်က ဆက်လက်ပြောကြားသည်။

အဆိုပါစစ်ဆေးမှုကို အမှတ်(၃) လမ်းဆုံတိုးဂိတ်၊ နေပြည်တော်တိုးဂိတ်၊ စကားအင်းတိုးဂိတ် စသည့် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးတွင် နေရာသုံးခုသတ်မှတ်၍ မိုဘိုင်းစနစ်ဖြင့် တစ်ပတ်လျှင်သုံးကြိမ် ရွှေ့ပြောင်းစစ်ဆေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ စစ်ဆေးခြင်းနှင့်ပတ်သက်၍ မုံရွာမှ ရန်ကုန်သို့သွားမည့် ယာဉ်မောင်း ကိုမိုးက "ယာဉ်မတော်တဆမှုတွေ ဖြစ်နေကြတာတွေ မြင်နေ၊ တွေ့နေရတာ မကောင်းဘူး။ အခုလို စစ်ဆေးတော့ ယာဉ်မောင်းတွေလည်း အရှိန်ပြင်းပြင်း မမောင်းတော့ဘူး။ ထိန်းသိမ်းသွားတော့ အန္တရာယ်ကင်းဘေးရှင်းတာပေါ့။ ဒီလို စည်းကမ်းတကျလုပ်တာ ကောင်းပါတယ်။ စည်းကမ်းလိုက်နာနိုင်ရင်တော့ အသက်အန္တရာယ်လည်း ကင်းရှင်းသွားမှာပါ" ဟု ပြောသည်။

မိတ္ထီလာမှ ကျိုက်ထီးရိုး ဘုရားဖူးသွားမည့် Light Truck ယာဉ်မောင်း ကိုဖြူသိန်းက "အခုလို စစ်ဆေးတာပိုကောင်းပါတယ်။ ပိုပြီးစည်းကမ်းရှိသွားတော့ ယာဉ်မောင်းတွေအတွက်ရော၊ ခရီးသည်တွေအတွက်ပါ ဘေးကင်းလုံခြုံသွားပါတယ်" ဟု ပြောသည်။

ပညာပေးကာလကို တစ်လသတ်မှတ်ထားပြီး တွေ့ရှိချက်များကို တာဝန်ရှိသူ ယာဉ်မောင်းအား အသိပေးလက်မှတ်ရေးထိုးစေပြီး မှတ်တမ်းရယူထားကြောင်း၊ နောက်တစ်ကြိမ် ထပ်မံတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်-ရန်ကုန် ခရီးသည်တင်ယာဉ်မောင်း ကိုရန်နိုင်က "အခုလို စစ်လိုက်တော့ အကုန်လုံးထိန်းထိန်းသိမ်းသိမ်းဖြစ်သွားပါတယ်။ တချို့က စစ်နေတုန်းတစ်ချိန်ပဲ စည်းကမ်းရှိတာ။ မစစ်တော့ရင် ပြောင်းလဲသွားတဲ့အတွက် အမြဲတမ်းလုပ်နိုင်ရင် ပိုကောင်းပါတယ်။ ယာဉ်မောင်းက လိုအပ်ချက်ရှိသလို ကားတွေ၊ လမ်းတွေကလည်း လိုအပ်ချက်ရှိမှာပဲ။ လမ်းမကောင်းဘူးဆိုရင်တောင် ယာဉ်မောင်းက အကုန်လုံးကို ထိန်းချုပ်ထားတဲ့အတွက် ကိုယ်ကထိန်းသိမ်းစွာနဲ့မောင်းရင် ကိုယ့်ကားပေါ်မှာပါတဲ့ ခရီးသည်တွေ ဘေးကင်းလုံခြုံစွာ လိုရာခရီးရောက်မှာ ဖြစ်ပါတယ်" ဟု သုံးသပ်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် အရှိန်ထိန်းဖမ်းစက်များနှင့် စစ်ဆေးဆောင်ရွက်လျက်ရှိသလို Alcohol Tester များနှင့်လည်း အရက်သေစာသောက်စားမှု ရှိ၊ မရှိ ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှု ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ယာဉ်လိုင်းများ၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများ လိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ထားပြီး လိုက်နာခြင်းမရှိသည့် ယာဉ်များကို အမြန်လမ်းတွင် ဖြတ်သန်းမောင်းနှင်ခွင့် ပြုမည်မဟုတ်ကြောင်းလည်း ကြေညာထားသည်။

အမြန်လမ်းတွင် သွားလာနေသည့် ပြည်သူများ ဘေးအန္တရာယ် မကျရောက်စေရန် အဓိကထား ဆောင်ရွက်နေခြင်းဖြစ်ပြီး ပညာပေးကာလဖြစ်သည့်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လည်း အမြန်လမ်းမီးသတ်စခန်းကွပ်ကဲမှု လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဌေးက ပြောသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ယာဉ်မတော်တဆမှုပေါင်း ၄၇၄ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၀၃ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၄၄ ဦး ရှိခဲ့သည်။ ယခုနှစ် မေ ၂ ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၁၃၇ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ နှစ်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦးရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

"စစ်ဆေးလုပ်ဆောင်နေတာတွေက ပြည်သူလူထုအတွက်ပါ။ မဖြစ်ခင် ကြိုတင်ကာကွယ်တာပါ။ ဒီလိုစစ်ဆေးပြီး လိုအပ်ချက်တွေကို ယာဉ်မောင်းတွေဘက်ကလည်း ပြင်မယ်ဆိုရင် ယာဉ်မတော်တဆမှုတွေ လျော့ကျသွားမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း ချမှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် လျော့ကျနိုင်မှာပါ။ သူတို့ လိုက်နာတဲ့အပေါ်မှာတော့ မူတည်ပါတယ်" ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း အရေးပေါ်လူနာတင်ယာဉ်အဖွဲ့မန်နေဂျာ ဒေါ်နီနီမိုးက ပြောသည်။

**သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ-ထန်ဖုန်**

**'ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် တာယာ ကောင်း၊ မကောင်း၊ မီးသတ်ဆေးဘူးများ ပါ၊ မပါ၊ ခရီးသည်များ၊ ယာဉ်မောင်းများ ခါးပတ်ပတ်ထားခြင်း ရှိ၊ မရှိတို့ကို အဓိကထားစစ်ဆေးပြီး တွေ့ရှိချက်များအနေဖြင့် ခရီးသည်တင် Express ယာဉ်များတွင် တာယာပန်းများ ၄၀ ရာခိုင်နှုန်းအောက်သာ အများစုရှိခြင်း၊ နောက်ဘယ်ဘက်ဘီးများတွင် ကြံ့ခိုင်မှုအားနည်းသည့် တာယာများကို အသုံးပြုမှုများပြားခြင်း၊ မီးသတ်ဆေးဘူးများ သတ်မှတ်ချက်မပြည့်စုံခြင်း၊ ခရီးသည်များ ခါးပတ်ပတ်မှုမရှိခြင်း၊ ခါးပတ်ပတ်နိုင်အောင် ဆောင်ရွက်ထားမှုအခြေအနေ နည်းပါးခြင်းများကို တွေ့ရှိရ'**


ရဲမှူး ရဲကြည်


ဒေါ်နီနီမိုး


ဦးအောင်ဇော်ဌေး


ကိုရန်နိုင်


ကိုဖြူသိန်း

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၈**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူသည် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Md Shafeenul Islam ,ndc, psc နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေး၊ သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး၊ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၈**

ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် Royal ACE ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးသန်းနှင့် ရဲတပ်ဖွဲ့များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Md Shafeenul Islam, ndc, psc နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ၌ ပြစ်ဒဏ်ကျခံပြီး၍ ပြန်လည်လွတ်မြောက်လာသော နိုင်ငံသားများအား အပြန်အလှန်လွှဲပြောင်းပေးရေး၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့်နှင့် ကွပ်ကဲရေးမှူးအဆင့်များတွင် အလံတင် အစည်းအဝေးများ ပုံမှန်ကျင်းပရေး၊ မောင်တော-တက္ကနာ့ဖ် နယ်စပ်ဆက်ဆံရေးရုံးတို့၏ ပထမအကြိမ် အစည်းအဝေး ကျင်းပရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ရေး၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်ဖက်ညှိနှိုင်းကင်းလှည့်မှုများ ဆက်လက်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒနယ်(၃)မှ မြို့တော်ကော်မတီဝင်နေရာအတွက် ရွေးကောက်တင်မြှောက်ခံရသည့် ဦးစိုးလွင် ဒုတိယမြို့တော်ဝန်နေရာ ရရှိ

**ရန်ကုန် မေ ၈**

လျှို့ဝှက်မဲစနစ်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ရွေးချယ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ မဲဆန္ဒနယ်(၃)မှ မြို့တော်ကော်မတီဝင်နေရာအတွက် ရွေးကောက်တင်မြှောက်ခံရသည့် ဦးစိုးလွင်က ဒုတိယမြို့တော်ဝန်နေရာ အရွေးချယ်ခံရကြောင်း သိရသည်။

"ဒုတိယမြို့တော်ဝန်နေရာကို မြို့တော်ဝန်နှင့် အစိုးရခန့်ဗဟိုကော်မတီဝင် ငါးဦးရယ်၊ အများပြည်သူက ရွေးချယ်လိုက်တဲ့ ခြောက်ဦးရယ် စုစုပေါင်း ၁၁ ဦးက လျှို့ဝှက်မဲပေးစနစ်နဲ့ရွေးပါတယ်။ ကျွန်တော်က ဒုတိယမြို့တော်ဝန်နေရာကို မဲအများဆုံးနဲ့ ရရှိခဲ့ပါတယ်" ဟု ဒုတိယမြို့တော်ဝန်အဖြစ် ရွေးချယ်ခံရသည့် ဦးစိုးလွင်က ပြောသည်။

ဆက်လက်၍ "ရန်ကုန်မြို့ရဲ့လိုအပ်ချက်တွေကတော့ အများကြီးရှိတယ်။ အမှန်တကယ် စည်ပင်သာယာဆိုတာ ပြည်သူလူထုကို ဝန်ဆောင်မှုပေးတာ ဖြစ်ပါတယ်။ ဝန်ဆောင်မှုပေးတာတွေ လိုအပ်နေပါသေးတယ်။ ကြိုးစားပြီးလုပ်ရမှာပါ။ အစကနေ ပြန်လုပ်ရတဲ့ သဘောမျိုးဖြစ်နေတယ်။ သက်တမ်း နှစ်နှစ်အတွင်းမှာ ကြိုးစားပြီးလုပ်သွားမှာပါ" ၎င်းက ဟုပြောသည်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအရ ရွေးကောက်တင်မြှောက်ခံရသည့် မြို့တော်ကော်မတီ ခြောက်ဦးမှ တစ်ဦးကို ဒုတိယမြို့တော်ဝန်နေရာအတွက် ခန့်အပ်ရန် အစိုးရအဖွဲ့က ခန့်အပ်ထားသော မြို့တော်ဝန်နှင့် ကော်မတီဝင် လေးဦး၊ ရွေးကောက်ခံကော်မတီ ခြောက်ဦး စုစုပေါင်း ၁၁ ဦးတို့က လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။

မတ် ၃၁ ရက်က ကျင်းပခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် မဲဆန္ဒနယ်(၁)မှ ဦးဝင်းမြင့်သန်း၊ မဲဆန္ဒနယ်(၂)မှ ဦးသူရအောင်၊ မဲဆန္ဒနယ်(၃)မှ ဦးစိုးလွင်၊ မဲဆန္ဒနယ် (၄) မှ ဦးစိန်အုန်း၊ မဲဆန္ဒနယ် (၅)မှ ဒေါ်နန့်စုရွှေစင်နှင့် မဲဆန္ဒနယ်(၆)မှ ဦးမင်းဟန်တို့က အနိုင်ရရှိခဲ့ပြီး ယနေ့ ပြုလုပ်သည့် ဒုတိယမြို့တော်ဝန်နေရာအတွက် အဆိုပါ ကော်မတီခြောက်ဦးတွင် မဲဆန္ဒနယ်(၃)မှ ဦးစိုးလွင်က မဲအများဆုံးဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-စိုးလွင်(မြို့တော်)**

# မိုးညှင်းခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ယခုလအတွင်း တတိယအကြိမ် အခမဲ့ခွဲစိတ်ကုသပေးမည်

**မိုးညှင်း မေ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များနှင့် မျက်စိခွဲစိတ်ရန် လိုအပ်သည့်လူနာများအား မျက်စိစမ်းသပ်စစ်ဆေးခြင်းနှင့် ခွဲစိတ်ရန် လိုအပ်သည့် မျက်စိဝေဒနာရှင်များကို ရန်ကုန်မြို့မှ မျက်စိပါရဂူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက မေ ၂၀ ရက်မှ ၂၅ ရက်အထိ ပုညရှင်တောရ အပြည်ပြည်ဆိုင်ရာဝိပဿနာရိပ်သာတွင် ဖွင့်လှစ်ထားရှိသည့် ပုညရှင်စက္ခုပါလမျက်စိကုဆေးရုံ၌ အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### စာရင်းပေးသွင်းရမည်

မျက်စိရောဂါဝေဒနာရှင်များအနေဖြင့် မေ ၁၇ ရက်မှ ၁၉ ရက်အထိ စာရင်းပေးသွင်းခြင်းလုပ်ငန်းများကို မိမိတို့နှင့်သက်ဆိုင်သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံတွင် လည်းကောင်း၊ ပုညရှင်စက္ခုပါလဆေးရုံကြီး၌ လည်းကောင်း စာရင်းပေးသွင်းရမည် ဖြစ်ပြီး ယခုလ ၂၀ ရက်မှ ၂၄ ရက်အထိ အဆိုပါ ဆေးရုံကြီးတွင် မျက်စိစမ်းသပ်စစ်ဆေးခြင်းကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုမည့်လူနာများအား မေ ၂၃ ရက်မှ ၂၅ ရက်အထိ ခွဲစိတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

### အလှည့်ကျကုသပေးမည်

အဆိုပါ မျက်စိစမ်းသပ်စစ်ဆေးကုသမှုလုပ်ငန်းနှင့်ပတ်သက်၍ ဆေးရုံတည်ဆောက်ရေးနှင့် ကုသမှုလုပ်ငန်းအတွင်းရေးမှူးက "အခုက တတိယအကြိမ် ဆောင်ရွက်တာဖြစ်တယ်။ အဲဒီကုသရေးစတဲ့နေ့မှာ ဆေးရုံဖွင့်ပွဲပါ ဆောင်ရွက်မယ်။ မျက်စိကုသရေးလုပ်ငန်းပြီးသွားရင် အထွေထွေရောဂါကုသရေး ဆက်လက်လုပ်ဆောင်သွားမယ်။ မိုးညှင်းဆေးရုံက ဆရာဝန်ကြီးတွေနဲ့ အပြင်ဆရာဝန်တွေက အလှည့်ကျကုသပေးသွားဖို့ရှိတယ်"ဟု ပြောကြားသည်။

ပုညရှင်စက္ခုပါလအသင်းအနေဖြင့် ၂၀၁၇ ခုနှစ် ဧပြီလတွင် ပထမအကြိမ်၊ ၂၀၁၈ ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ် ဆောင်ရွက်ပေးခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း ၄၀၀၀ ကျော် မျက်စိစမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မိုးညှင်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အိန္ဒိယက နောက်ထပ်တိုက်ခိုက်မှုပြုလုပ်ရန် စီစဉ်နေဟု ပါကစ္စတန်ပြောကြား

**အစ္စလာမ္မာဘတ် မေ ၈**

အိန္ဒိယနိုင်ငံက ယခုလနှောင်းပိုင်းတွင် ပါကစ္စတန်နိုင်ငံအား တိုက်ခိုက်ရန်စီစဉ်နေသည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက စွပ်စွဲပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် အစီအစဉ်တစ်ခုအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟူသော ယုံကြည်စိတ်ချရသည့် သတင်းတစ်ခုကို မိမိတို့ရရှိထားကြောင်း ယင်းသတင်းနှင့်ပတ်သက်၍ သတိပေးတပ်လှန့်ထားသည့် အခြေအနေဖြစ်ကြောင်း၊ ၎င်းတို့၏ပြင်ဆင်မှုမှာ ရန်စကျူးကျော်မှုအသစ်ပြုလုပ်ရန်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မာမွတ်ကွာရီရှီက မေ ၇ ရက်တွင် ပြောကြားသည်။

ယင်းရန်စကျူးကျော်မှုပြုလုပ်မှုသည် မေ ၁၆ ရက်နှင့် ၂၀ ရက်အကြားတွင် ဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားမှုသည် တာဝန်မဲ့ပြီး ယုတ္တိမတန်ကြောင်း အိန္ဒိယနိုင်ငံက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ ပါကစ္စတန်နိုင်ငံသည် ဒေသတွင်း၌ စစ်ပွဲဆိုင်ရာ စိတ်ချောက်ချားသည့်ရောဂါဖြစ်ပေါ်ရေးအတွက် လှုံ့ဆော်ရန် ကြိုးပမ်းနေကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

ပိုင်ဆိုင်မှု အငြင်းပွားမှုများရှိနေသည့် ကက်ရှ်မီးယားဒေသအရေးနှင့်ပတ်သက်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် အဏုမြူလက်နက်များ ကိုယ်စီပိုင်ဆိုင်ထားသော အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံအကြားတွင် စစ်ရေးတင်းမာမှုများရှိနေဆဲဖြစ်သည်။

ယခုနှစ်ဖေဖော်ဝါရီလအတွင်းက အိန္ဒိယစစ်ရဲတပ်ဖွဲ့ဝင် ၄၀ သေဆုံးခဲ့သည့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကို ပါကစ္စတန်အခြေစိုက် အစွန်းရောက်အဖွဲ့တစ်ဖွဲ့က လုပ်ဆောင်ခဲ့ပြီး ပါကစ္စတန်ပိုင်နက်အတွင်းရှိ ၎င်းအစွန်းရောက်အုပ်စု၏ အခြေစိုက်စခန်းတစ်ခုကို အိန္ဒိယက လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုများအတွင်း၌ အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ်နှစ်စင်းကို ပါကစ္စတန်က ပစ်ချခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို မေ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီအနေဖြင့် ပါကစ္စတန်နှင့် တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း ၎င်းကိုယ်၎င်းအိန္ဒိယနိုင်ငံအား ကာကွယ်စောင့်ရှောက်မှုဖြစ်အောင် ကြိုးပမ်းနေကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။ **အင်န်အိတ်ချ်ကေ**






# တောင်ကိုရီးယားသည် 5G ကွန်ရက်တွင် ကမ္ဘာလုံးဆိုင်ရာစံသတ်မှတ်ချက် ဖြစ်လာနိုင်ဟုဆို

**ဆိုးလ် မေ ၈**

တောင်ကိုရီးယားနိုင်ငံသည် လာမည့်မျိုးဆက် 5G ကြိုးမဲ့ကွန်ရက်အတွက် ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်ဖြစ်လာနိုင်ကြောင်းနှင့် အဆိုပါနည်းပညာက ပို့ကုန်များတိုးမြှင့်ရေးနှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး အကူအညီပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်း၏ ပြောကြားချက်ကို ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံအစိုးရသည် 5G ကွန်ရက်ဝန်ဆောင်မှုစတင်သည့် အထိမ်းအမှတ်အခမ်းအနားကို မေ ၈ ရက်တွင် ကျင်းပခဲ့သည်။ စမတ်ဖုန်းများအတွက် ကမ္ဘာ့ပထမဆုံးသော 5G ကွန်ရက်ဝန်ဆောင်မှုကို စတင်လိုက်ပြီဖြစ်ကြောင်း အမေရိကန်ဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်သည့် ဗာရီဇွန်က ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။

သို့ရာတွင် တောင်ကိုရီးယားနိုင်ငံအစိုးရကမူ အမေရိကန်နိုင်ငံ၏ ဗာရီဇွန်ကုမ္ပဏီ 5G ကွန်ရက်မစတင်မီကတည်းက တောင်ကိုရီးယားနိုင်ငံ၏ အဓိကဆက်သွယ်ရေးအော်ပရေတာသုံးခုက 5G ကွန်ရက်ဝန်ဆောင်မှုကို စတင်ခဲ့ခြင်းဖြစ်ကြောင်း ငြင်းဆိုခဲ့ပြီး တောင်ကိုရီးယားနိုင်ငံကသာ အမှန်တကယ် ကမ္ဘာ့ပထမဆုံးဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်ဖြစ်လာနိုင်ကြောင်းကို ကမ္ဘာ့ပထမဆုံးဟု ဆိုလိုကြောင်း၊ 5G ကွန်ရက်ကို ကိုယ်တိုင်မောင်းနှင်နိုင်သောမော်တော်ယာဉ်များနှင့် ဒရုန်းများတွင် အသုံးပြုနိုင်ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာဈေးကွက်ကိုလည်း ၂၀၂၆ ခုနှစ်တွင် တောင်ကိုရီးယား ဝမ် ၁၁၆၀ ထရီလီယံ သို့မဟုတ် အကြမ်းဖျင်းအားဖြင့် ကန်ဒေါ်လာ တစ်ထရီလီယံအထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း မွန်းဂျေအင်းက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့ဈေးကွက်၏ ရှယ်ယာ ၁၅ ရာခိုင်နှုန်းအထိ ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်းနှင့် တိုးချဲ့တင်ပို့မှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်း ၆၀၀၀၀၀ အထိ ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မတ မွန်းဂျေအင်းက ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ဘရိဇစ်ဆွေးနွေးပွဲအတွက် အိန်ဂျလာမာကယ်နှင့် ထရီစာမေ ဘာလင်တွင် တွေ့ဆုံမည်

**ဘာလင် မေ ၈**

ဘရိဇစ်ဖြစ်စဉ်၏ အကျပ်အတည်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ဂျာမန်အဓိပတိ အိန်ဂျလာမာကယ်နှင့် ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေတို့သည် မေ ၉ ရက်တွင် ဘာလင်မြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း မာကယ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖန်ဆီဘာ့က မေ ၈ ရက်တွင် ပြုလုပ်သည့် ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အကူးအပြောင်း၏ ခက်ခဲသည့်အချိန်ကာလများကို ကျန်ရှိသည့် အီးယူနိုင်ငံ ၂၇ နိုင်ငံက ဆက်လက်ထိန်းသိမ်းထားရန်မှာ အရေးကြီးပါကြောင်း ဆီဘာ့က အလေးပေးပြောကြားခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် ဗြိတိန်နိုင်ငံက မေ ၁၂ ရက်တွင် ဥရောပသမဂ္ဂမှ ထွက်ခွာမည်ဖြစ်သောကြောင့် ယင်းသို့ထွက်ခွာမှုအတွက် သတ်မှတ်ထားသည့်နောက်ဆုံးအချိန်ကို တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဖွယ်ရှိကြောင်းလည်း သိရသည်။

ဂျာမန်အဓိပတိနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့သည် မေ ၁၀ ရက်တွင် ကျင်းပမည့် ဥရောပကောင်စီ၏ အထူးထိပ်သီးအစည်းအဝေးတွင် အီးယူမှ ဗြိတိန် ထွက်ခွာရေးကိစ္စနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးလိမ့်မည်ဖြစ်ကြောင်းလည်း မာကယ်၏ ပြောရေးဆိုခွင့်ရှိသူ ဆီဘာ့က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# စစ်တကောင်းလေဆိပ်တွင် မှောင်ခိုသွင်းလာသည့် ရွှေချောင်း ၂၀၀ သိမ်းဆည်းရမိ

**ဒါကာ မေ ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒုတိယအကြီးဆုံးလေဆိပ်ဖြစ်သည့် ပင်လယ်ဆိပ်ကမ်းမြို့ စစ်တကောင်းလေဆိပ်တွင် အကောက်ခွန်အရာရှိများက မေ ၈ ရက် နံနက်ပိုင်းတွင် အလေးချိန် ၂၃ ကီလိုဂရမ်ရှိသည့် ရွှေချောင်း ၂၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းဖြစ်သည့် ဘီမန်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း၏ အိမ်သာခန်းအတွင်း၌ စွန့်ပစ်ထားသော ရွှေချောင်း ၂၀၀ ရှာဖွေတွေ့ရှိရကြောင်း အကောက်ခွန်ထောက်လှမ်းရေး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းလေယာဉ်မှာ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့မှ စစ်တကောင်းမြို့သို့ ပျံသန်းလာခြင်းဖြစ်ပြီး မေ ၈ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် ဆိုက်ရောက်လာခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိရသည့် ရွှေချောင်းများ၏ တန်ဖိုးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေ တာကာ သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ သန်း)ခန့်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းရွှေချောင်းများ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ လူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးရမိခြင်းမရှိဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ**





# ရုရှားရေတပ်မှ စစ်ရေယာဉ်သုံးစင်း ဖိလစ်ပိုင်သို့ အလည်အပတ်ရောက်ရှိ

**မနီလာ မေ ၈**

ရုရှားရေတပ်မှ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး သင်္ဘောနှစ်စင်းဖြစ်သည့် အက်ဒမိုင်ရယ် ထရှိုင်ဗက်နှင့် အက်ဒမိုင်ရယ် ဗီနိုဂါဒေါတို့သည် ပင်လယ်ပြင်ဆီဖြည့်ရေယာဉ်ကြီး အီယာကွတ်နှင့်အတူ ငါးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဖိလစ်ပိုင်သို့ မေ ၈ ရက်တွင် ရောက်ရှိလာကြသည်။ ယခုနှစ်အတွင်း ရုရှားရေတပ်မှ စစ်ရေယာဉ်များ ဖိလစ်ပိုင်သို့ ဒုတိယအကြိမ်အဖြစ် ချစ်ကြည်ရေးခရီးလာရောက်ခြင်းဖြစ်ပြီး ဖိလစ်ပိုင်နှင့်ရုရှားနှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး သဘောတူညီချက်အရ ရုရှားစစ်ရေယာဉ်များ ဖိလစ်ပိုင်သို့ လာရောက်ခြင်းဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလအတွင်းက ရုရှား-ပစိဖိတ်ရေတပ်ဖွဲ့မှ အလံတင်သင်္ဘောဖြစ်သည့် ပဲ့ထိန်းဒုံးပျံတင် ခရူဇာသင်္ဘော ဗားရက်ချ်၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ရေယာဉ် အက်ဒမိုင်ရယ် ပန်တီလက်ဗ်နှင့် ပင်လယ်ပြင်အတွင်း လောင်စာဆီဖြည့်ရေယာဉ် ဘာရစ်ဘူတိုမာတို့သည် ဖိလစ်ပိုင်ဆိပ်ကမ်းသို့ ခြောက်ရက်ကြာတရားမဝင် လာရောက်ခဲ့ဖူးသည်။ **ဆင်ဟွာ**

# ပြည်ပတွင် သွားရောက်ကစားနေသည့် မြန်မာကစားသမားများ

**ရန်ကုန် ဧပြီ ၈**

မျက်မှောက်ခေတ်အနေအထားအရ အောင်မြင်မှုရရန်၊ ပိုမိုတိုးတက်လာစေရန် အတွေ့အကြုံသစ်များကို ရှာဖွေရသည်မှာ ဓမ္မတာဖြစ်ပြီး ခေတ်ကြောင့်လည်း မြန်မာကစားသမားများမှာ ပြည်ပနိုင်ငံများတွင် သွားရောက်ကစားခွင့်ရသူများ များပြားလာခဲ့သည်။ မြန်မာ့အားကစားလောက အနေအထားအရ ပြည်တွင်းပြိုင်ပွဲရှားပါးမှုများရှိလာသည့်အပြင် ပြည်တွင်းအတွေ့အကြုံထက် ပြည်ပနိုင်ငံများတွင် အတွေ့အကြုံသစ်များ ရယူချင်သောကြောင့်လည်း ပြည်ပထွက်ကစားသည့် ကစားသမားများရှိလာခဲ့သည်။ ပရိသတ်စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် ဘောလုံးအားကစားနည်းတွင် မြန်မာကစားသမားများမှာ ယခင်အပျော်တမ်းစနစ်ကတည်းက ပြည်ပတွင်သွားရောက်ကစားမှုများရှိခဲ့ပြီး ပရော်ဖက်ရှင်နယ် ကူးပြောင်းအပြီးတွင် ယခုနောက်ပိုင်းနှစ်များ၌ ပြန်လည်များပြားလာခဲ့သည်။ ဘောလုံးနည်းတူ ဘော်လီဘော၊ ဖူဆယ်စသည့် အားကစားနည်းများမှာလည်း ပြည်ပတွင် သွားရောက်ကစားမှုများရှိလာရာ မြန်မာ့အားကစားလောကအတွက် အပေါင်းလက္ခဏာဆောင်သည့် သတင်းများဖြစ်ခဲ့သည်။ လက်ရှိမြန်မာဘောလုံးသမားအများစုမှာ ထိုင်းလိဂ်တွင် သွားရောက်ကစားနေပြီး ထိုင်းလိဂ်-၁ ၌ ငါးဦး၊ ထိုင်းလိဂ်-၂ ၌ တစ်ဦး သွားရောက်ကစားလျက်ရှိသည်။

၁၉၉၀ ပြည့်နှစ် ဝန်းကျင်ကာလများတွင် အောင်ထွန်းထွန်း၊ မျိုးလှိုင်ဝင်း၊ သန်းတိုးအောင်၊ အောင်နိုင်၊ ဝင်းအောင်အစရှိသည့် ကစားသမားအများစုမှာ ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားခဲ့ပြီး ယင်းနောက်ပိုင်းတွင် တစ်ဦး၊ နှစ်ဦးသာရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ပြည်ပထွက်ကစားမှု ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ ယခုရာသီတွင် မြန်မာဘောလုံးသမားများဖြစ်သည့် အောင်သူ (မြောင်တောင်ယူနိုက်တက်၊ ထိုင်းလိဂ်-၁)၊ ကျော်ကိုကို (ဆာမတ်ပရာခန်၊ ထိုင်းလိဂ်-၁)၊ ဇော်မင်းထွန်း၊ စည်သူအောင် (ချောင်ဘူရီ၊ ထိုင်းလိဂ်-၁)၊ သိန်းသန်းဝင်း (ရစ်ချာဘူရီ၊ ထိုင်းလိဂ်-၁)၊ သန်းထက်အောင်( ဆာမတ်ဆာခွန်၊ ထိုင်းလိဂ်-၂) တို့၌ သွားရောက်ကစားလျက်ရှိသည်။ အောင်သူနှင့် ကျော်ကိုကိုမှာမူ ပြီးခဲ့သည့်ရာသီကတည်းက ထိုင်းလိဂ်တွင် သွားရောက်ကစားနေခြင်းဖြစ်သည်။




**ဂျပန်ဘော်လီဘောကလပ် တိုရေးအသင်းတွင် ကစားနေသည့် မြန်မာ့လက်ရွေးစင် အောင်သူ။ ဓာတ်ပုံ-အောင်သူ Facebook**



**ထိုင်းကလပ် မြောင်တောင်ဘောလုံးအသင်းတွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး အောင်သူ။ ဓာတ်ပုံ-စိုးညွန့်**

မြန်မာ့ဘော်လီဘောလောကအတွက် ဂုဏ်ယူစရာကောင်းသည့် ကစားသမားမှာ အောင်သူဖြစ်ပြီး လက်ရှိတွင် ဂျပန်ဘော်လီဘောကလပ် တိုရေးအသင်းတွင် သွားရောက်ကစားလျက်ရှိသည်။ မြန်မာဘော်လီဘောကစားသမားများသည် ၂၀၀၇ ခုနှစ်ကတည်းက ပြည်ပကလပ်များတွင် သွားရောက်ကစားခဲ့သော်လည်း အောင်သူကဲ့သို့ သွားရောက်ကစားသည့် နှစ်ကြာမြင့်ပြီး အောင်မြင်မှုရသည့် ကစားသမား မရှိခဲ့ပေ။ အောင်သူသည် ဗီယက်နမ်၊ ထိုင်းကလပ်အသင်းများတွင် သွားရောက်ကစားဖူးပြီး နာခွန်ရတ်ချက်စီမာအသင်းတွင် သုံးရာသီဆက်တိုက်ကစားခဲ့ကာ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၈ ရာသီ ထိုင်းလိဂ်ဘော်လီဘောပြိုင်ပွဲတွင် အမှတ်ပေးချန်ပီယံဆုရခဲ့သည့်အပြင် ပြိုင်ပွဲ၏တန်ဖိုးအရှိဆုံးကစားသမားဆုကိုပါ ရယူနိုင်ခဲ့သည်။

အောင်သူသည် ပြည်ပကလပ်အသင်းများတွင် လက်စွမ်းပြကစားနိုင်သည့်အပြင် မြန်မာ့လက်ရွေးစင်အသင်းနှင့်လည်း အာရှအားကစားပြိုင်ပွဲတွင် လက်စွမ်းပြနိုင်ခဲ့ရာ ပြည်ပကလပ်အသင်းများ၏ စိတ်ဝင်စားမှုကို ခံခဲ့ရပြီး ဂျပန်ကလပ် တိုရေးအသင်းသို့ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။ အောင်သူပါဝင်ကစားခဲ့သည့် တိုရေးအသင်းသည် ဂျပန်ဘော်လီဘောလိဂ်တွင် တတိယဆုရခဲ့ရာ ဂုဏ်ယူစရာဖြစ်ခဲ့ရသည်။

ပြည်ပထွက်ကစားသည့် ကစားသမားများနေရာစုံမှ ပေါ်ထွက်လာပြီး မြန်မာ့ဖူဆယ်သမိုင်းတွင် ပထမဆုံးပြည်ပထွက်ကစားသည့် ကစားသမားအဖြစ် ခင်ဇော်လင်းက ထိုင်းကလပ် ဆာရာသာနီအသင်းတွင် သွားရောက်ကစားနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရလာရာ မြန်မာကစားသမားများမှာ ပြည်ပကလပ်အသင်းများ၏ စိတ်ဝင်စားမှုကို ခံလာရခြင်းဖြစ်ပြီး ခင်ဇော်လင်းက ပထမဆုံးသွားရောက်ကစားခွင့်ရခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ဖူဆယ်လောကတွင် ထိပ်တန်းအဆင့်ရှိသည့်နိုင်ငံဖြစ်ပြီး ယင်းကလပ်တွင် သွားရောက်ကစားခွင့်ရသောကြောင့် မြန်မာကစားသမားများအတွက် အကျိုးရှိမည့် သွားရောက်ကစားခြင်းလည်း ဖြစ်လာမည်ဖြစ်သည်။

မြန်မာအားကစားသမားများအနေဖြင့် ယခုကဲ့သို့ ပြည်ပနိုင်ငံများတွင် သွားရောက်ကစားခြင်းကြောင့် အရည်အသွေးနှင့် အတွေ့အကြုံပိုင်းဆိုင်ရာ တိုးတက်မှုရှိလာမည်ဖြစ်ပြီး ၎င်းတို့ကစားနေသည့် အားကစားနည်းများအတွက်ပါ အကျိုးရှိလာမည်ဖြစ်သည်။ ထို့ပြင် လူငယ်မျိုးဆက်သစ်တို့အတွက် အတုယူ၊ အားကျစရာများဖြစ်လာပြီး ကြိုးစားချင်စိတ်ဖြစ်လာပါက မြန်မာအားကစားလောကအတွက် အကျိုးရှိလာမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၅ အသင်း နှစ်ပွဲဆက်ရှုံးနိမ့်

**ပေကျင်း ဧပြီ ၈**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၅ အသင်းသည် တာဂျစ်ကစ္စတန် ယူ-၁၆ အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၅ အသင်းသည် ခြေစွမ်းမြင့်မားသည့်အသင်းများနှင့် ယှဉ်ပြိုင်နေရသောကြောင့် ခြေစွမ်းပိုင်းအရ ကွာခြားမှုရှိခဲ့ပြီး ပထမပိုင်းတွင် ပေးဂိုးနည်းသော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်ပေးရသောကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် ယင်းပြိုင်ပွဲတွင် တရုတ် ယူ-၁၆ အသင်းကို ငါးဂိုး-ဂိုးမရှိ၊ တာဂျစ်ကစ္စတန် ယူ-၁၆ အသင်းကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက်ဆုံးပွဲအဖြစ် ဧပြီ ၁၀ ရက်တွင် ကာဂျစ္စတန် ယူ-၁၆ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို တရုတ်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။ တာဂျစ်ကစ္စတန်အသင်းသည် ပထမပွဲတွင် ကာဂျစ္စတန်အသင်းကို ရှစ်ဂိုးပြတ်၊ ဒုတိယပွဲတွင် မြန်မာအသင်းကို ငါးဂိုးပြတ်အနိုင်ရကာ နှစ်ပွဲကစား ခြောက်မှတ်ရထားသည်။

**ရှိုင်းထက်ဇော်**

# အိုလံပစ် တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် အဆုံးအဖြတ်ပွဲကစားမည့် မြန်မာနှင့် အိန္ဒိယ

**ရန်ကုန် ဧပြီ ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ဧပြီ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယအဆင့်တက်ရောက်ရေး အဆုံးအဖြတ်ပွဲအဖြစ် မြန်မာနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲများကို တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု(က) ပွဲများကို ညနေ ၃ နာရီခွဲတွင် တစ်ပြိုင်နက်ကစားမည်ဖြစ်သည်။ မန္တလာသီရိကွင်း၌ အိမ်ရှင်မြန်မာနှင့် အိန္ဒိယ၊ ဗထူးကွင်း၌ နီပေါနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (က) အနေအထားအရ နှစ်ပွဲဆက်အနိုင်ရထားသည့် မြန်မာနှင့် အိန္ဒိယအသင်းတို့၏ နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။ မြန်မာအသင်းသည် ယခုနောက်ပိုင်းကာလများတွင် အိန္ဒိယအသင်းနှင့် မကြာခဏတွေ့ဆုံပြီး အနိုင်ရထားသော်လည်း အိန္ဒိယအသင်း၏ ပြင်ဆင်မှုများကြောင့် အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိန္ဒိယအသင်းကို နိုဝင်ဘာလက ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် အိုလံပစ်ပထမအဆင့်ခြေစစ်ပွဲ၊ ဖေဖော်ဝါရီလတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတို့တွင် အနိုင်ရဖူးသော်လည်း အိန္ဒိယအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် နောက်တစ်ဆင့်တက်ရောက်နိုင်ရေး ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည်။ ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ထားသလို နောက်ဆုံးယှဉ်ပြိုင်သည့် တောင်အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရခဲ့သည်။ ထို့ပြင် အိန္ဒိယအသင်းသည် မန္တလေးရာသီဥတုနှင့် အသားကျစေရန် မန္တလေးမြို့၌ ကြိုတင်လေ့ကျင့်ပြင်ဆင်ထားပြီး ညနေ ၃ နာရီဝန်းကျင်ပွဲများဆက်တိုက်ကစားထားသောကြောင့် အပူချိန်အတွက် ပြင်ဆင်ထားပြီး ဖြစ်ဖွယ်ရှိနေသည်။ မြန်မာအသင်းမှာလည်း နောက်တစ်ဆင့်တက်ရန် ရေပန်းအစားဆုံးဖြစ်နေပြီး ခြေစွမ်းအရလည်း အိန္ဒိယအသင်းထက် သာလွန်နေသည်။ အုပ်စုပွဲများတွင် မြန်မာအသင်းက နီပေါအသင်းကို သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ အိန္ဒိယအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ နီပေါအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုသုံးစုခွဲ၍ ကျင်းပလျက်ရှိပြီး ဒုတိယပွဲအပြီးတွင် အုပ်စု (ခ) ၌ ဗီယက်နမ်အသင်းက ခြောက်မှတ်၊ ဥဇဘက်ကစ္စတန်အသင်းက သုံးမှတ်၊ ဟောင်ကောင်နှင့် ဂျော်ဒန်အသင်းက တစ်မှတ်စီရထားသည်။ နောက်ဆုံးပွဲအဖြစ် ဗီယက်နမ်နှင့် ဂျော်ဒန်၊ ဥဇဘက်ကစ္စတန်နှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြောက်မှတ်ရထားသည့် ဗီယက်နမ်အသင်းသည် အနိမ့်ဆုံးသရေကစားရုံဖြင့် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စု (ဂ) တွင် တရုတ်တိုင်ပေအသင်းက ခြောက်မှတ်၊ အီရန်နှင့် ဖိလစ်ပိုင်အသင်းက သုံးမှတ်စီရထားပြီး ပါလက်စတိုင်းအသင်းမှာမူ အမှတ်မရသေးပေ။



**အိုလံပစ်ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း။**

နောက်ဆုံးပွဲအဖြစ် တရုတ်တိုင်ပေနှင့် အီရန်၊ ဖိလစ်ပိုင်နှင့် ပါလက်စတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နှစ်ပွဲစလုံးမှာ နောက်တစ်ဆင့်တက်ရေး အရေးပါနေကာ တရုတ်တိုင်ပေအသင်းမှာမူ သရေကစားရုံဖြင့် တတိယအဆင့်တက်ရောက်မည်ဖြစ်သည်။ ဒုတိယအဆင့်တွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ရေဖြူနှင့် မရမ်းကုန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

ကလိန်အောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ရေဖြူမြို့နယ် လော့သိုင်းကျေးရွာအုပ်စု ကျွဲတလင်းကျေးရွာနေ ရွှေထုပ်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား၊ နေအိမ်အတွင်းမှ လုပ်သေနတ် နှစ်လက်၊ ခဲယမ်းမျိုးစုံ အတောင့် ၅၀၊ ကျည်ခွံ ၁၁ ခု၊ တူမီးသေနတ် တစ်လက်၊ ခဲသီးမျိုးစုံ အလုံး ၄၀ တို့အား သိမ်းဆည်းရမိခဲ့သည်။



ဇော်ဝင်းနိုင်(ခ)စတီဗင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မေ ၇ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန် (အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံ City Mart အနီး၌ ဇော်ဝင်းနိုင် (ခ)စတီဗင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ အိုက်စ် ငါးဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ပိတောက်ရိပ်ငြိမ်လမ်း မြေညီထပ်ရှိ ဇော်ဝင်းနိုင်(ခ)စတီဗင်၏ နေအိမ်ကိုရှာဖွေရာ အိုက်စ် ၁ ဒသမ ၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဟိုင်းကြီးကျွန်း၌ ဆင်ပစ်မုဆိုးသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ဟိုင်းကြီးကျွန်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ညောင်ဝိုင်းကျေးရွာအုပ်စု (မဲခရဲ သစ်တောကြိုးဝိုင်းအတွင်း)ဒေသအခေါ် သစ်စိမ့်ချောင်းဝ၌ ဆင်ပစ်မုဆိုးများ ရောက်ရှိနေကြောင်း သတင်းအရ သစ်တောဦးစီးဌာနမှ တောအုပ်ဦးနိုင်ဝင်းနှင့် ကျုံကူးနယ်မြေရဲစခန်းမှ ဒုရဲအုပ်လှိုင်ဝင်းတို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မေ ၈ ရက် နံနက် ၂ နာရီခန့်တွင် သက်သေခံပစ္စည်းများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် နေထိုင်သူတစ်ဦးနှင့် ဒေသခံ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ သုံးဦးမှာ ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာရပ်ကွက် လှိုင်သာယာမြို့နယ်နေ အောင်လင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဂျိတ်ကွင်းကျေးရွာနေ ဇင်မောင်မောင်(ခ)ပေါက်ရှည်နှင့် စမ်းနားကျေးရွာနေ မင်းဇော်တို့ဖြစ်ကြောင်း သိရသည်။

၎င်းတို့သုံးဦးနှင့်အတူ တူမီးလုပ်သေနတ် တစ်လက်၊ ဓားနှစ်ချောင်း၊ သစ်သားရိုးတပ် မြားတစ်ချောင်း၊ ကျွတ်စ တစ်ထုပ်၊ ယမ်းအမှုန့်တစ်ထုပ်၊ ကန့်မှုန့်တစ်ထုပ်၊ ယမ်းစိမ်းမှုန့်တစ်ထုပ်၊ အမ်ကုန်းကြီး km တံဆိပ်ပါ ယမ်းခွေ တစ်ဘူး၊ အဆိပ်ထည့်ထားသော ပင်နီဆီလင်ပုလင်း လေးလုံး၊ လဲတစ်ထုပ်၊ ဂွမ်းတစ်ထုပ်၊ နှစ်လက်မခွဲသံ ငါးချောင်းနှင့် အဖြူရောင်အပ်ချည်တစ်လုံး၊



Olyoic တံဆိပ်ပါ ကြွပ်ကြွပ်အိပ်ကြီးတစ်လုံးတို့ကို သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့ သုံးဦးကို ကျုံကူးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီး

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ မေ ၇ ရက် ညနေ ၅ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဥက္ကံကျေးရွာအုပ်စု ညောင်ပင်လှကျေးရွာနေ ဆန်းရွှေ၏ နေအိမ်ပေါ်သို့ သစ်ပင်လဲကျသဖြင့် နေအိမ်ပျက်စီးခဲ့ကြောင်းနှင့် မောင်ကျော်၏နေအိမ် အမိုးလန်ပျက်စီးကာ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ပင်လည်ဘူး**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် မေ ၇ ရက် ညနေ ၆ နာရီ က လေပြင်းတိုက်ခတ်၍ ပေါက်ကိုင်းကျေးရွာ၊ ပေကုန်းကျေးရွာနှင့် မိုးကြိုးပစ်ကျေးရွာတို့တွင် နေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းများ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့် ဆွမ်းချက်ဆောင်၊ ပေါက်ကိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမုခ်ဆောင်နှင့် နေအိမ်ငါးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ညောင်လေးပင်မြို့၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

**ညောင်လေးပင် မေ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက် ကျောင်းသစ်ကွေ့အနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် (၉၉/၀) နှင့် (၉၉/၁) အကြားတွင် မေ ၇ ရက် ည ၁၀ နာရီခွဲခန့်က ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ အောင်အောင်နိုင် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာနေသူ မောင်းနှင်လာသော ခြောက်ဘီးအငှားယာဉ်သည် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ မျက်နှာချင်းဆိုင်မှ မန္တလေးမှ ရန်ကုန်သို့ လင်းသိန်း ရေတာရှည်မြို့နေသူ မောင်းနှင်လာသော ၁၈ ဘီး အငှားယာဉ်အား ဝင်ရောက်တိုက်မိခဲ့သည်။

**ရဲမြန်မာ(ညောင်လေးပင်)**

# မင်းလှမြို့နယ်၌ ငွေကျပ် ၃၅ သိန်း ခိုးယူသူအား ဖမ်းဆီးရမိ

**မင်းလှ မေ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ဝဇီရာရပ်ကွက်၌ နေအိမ်အတွင်းထားရှိသော ငွေကျပ် ၃၅ သိန်းခိုးယူခံရမှုအား မေ ၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝဇီရာလမ်းနေ ဦးတင်ဦး၏ နေအိမ်အောက်ထပ် ခုတင်အောက်တွင် ထားရှိသော ငွေကျပ် ၃၅ သိန်းသည် မေ ၅ ရက် ညပိုင်းက ခိုးယူခံခဲ့ရမှုအား မေ ၇ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က တိုင်ကြားသဖြင့် စစ်ကွင်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်ခင်မောင်နိုင်နှင့် တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ခိုးယူသွားသူမှာ ဝဇီရာလမ်းနေ နိုင်လင်းအောင် (ယခင် ခိုးယူမှုဖြင့် ပြစ်ဒဏ်ကျခံဖူးသူ) အား နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# မန္တလေး၊ မကွေးတို့နှင့် ကချင်ပြည်နယ်တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက်မှ ၇ ရက်အထိ တရားမဝင်သစ် ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရွာသာရွာအနီး ရဲရွာ-ဘဲလင်းလမ်း မိုင်တိုင်(၂၀/၁) နေရာ၌ တရားမဝင်ကျွန်း/အင်ကြင်းသစ် ၉၂ လုံး (၂၂ ဒသမ ၇၀၀၄ တန်) တင်ဆောင်ထားသော မော်တော်ယာဉ် လေးစီး၊ ဆိုင်ကယ် တစ်စီးနှင့် ပြစ်မှုကျူးလွန်သူ ၁၀ ဦးအား ဖမ်းဆီးရမိခဲ့သည်။

**အရေးယူနိုင်ရေးဆောင်ရွက်**

ထို့အပြင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပလနကျေးရွာများ၊ ဆက်စပ်ရော်ဘာခြံများနှင့် ရွှေစက်ရပ်ကွက်တို့အတွင်း တရားမဝင် ကညင်၊ ကြေးလံ၊ ကံ့ကော်ဖို၊ ခလောင်၊ မအူ အစရှိသည့် သစ်လုံး၊ သစ်ခွဲသား စုစုပေါင်း ၂၉၆ ဒသမ ၇၄၄၄ တန်ခန့်၊ သစ်တင်ယာဉ် နှစ်စီးအား လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် သမ္ဘူလကျေးရွာ၏ မြောက်ဘက် လေးမိုင်ခန့်အကွာနေရာမှ တရားမဝင် ပိတောက်ခွဲသား ၁၁၁ ချောင်း (၄ ဒသမ ၁၃၇၂ တန်)တို့အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိပြီး ပြစ်မှုကျူးလွန် သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**



# သထုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေ

**သထုံ မေ ၈**

သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စု သင်းထော်ကျေးရွာ သထုံ-ရန်ကုန် အဝေးပြေးကားလမ်းမကြီး မိုင်တိုင်(၁၄၃/၂)နှင့်(၁၄၃/၃)အကြား မေ ၇ ရက် နံနက် ၉ နာရီတွင် သန်းထွန်းဝင်း ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်တောင်ပိုင်းနေသူ မောင်းနှင်လာသော ယာဉ်သည် သင်းထော်ကျေးရွာရှေ့အရောက်တွင် လမ်းဖြတ်ကူးသည့် ဒေါ်မြိုင် သထုံမြို့ နောင်ဘိုကျေးရွာနေသူအား အရှိန်မထိန်းနိုင်ဘဲ တိုက်မိကာ ဒေါ်မြိုင်တွင် ဒဏ်ရာရရှိခဲ့သဖြင့် သထုံခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သန်းထွန်းဝင်းအား သထုံမြို့မစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**

# ၂၀၂၀ ပြည့်နှစ် မန်းရွှေစက်တော်ဘုရားပွဲမှစ၍ အထက်စက်တော်ရာသို့ ဓာတ်လှေကားဖြင့် တက်ရောက်ဖူးမြော်နိုင်တော့မည်



**မင်းဘူး ဧပြီ ၈**

မန်းရွှေစက်တော်ဘုရား သာသနာ့နယ်မြေရှိ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာရှင်များ၏ နဝကမ္မအလှူငွေများဖြင့် နှစ်စဉ် လုပ်ဆောင်လျက်ရှိပြီး အထက်စက်တော်ရာသို့ ၂၀၂၀ ပြည့်နှစ်ဘုရားပွဲမှစ၍ ဓာတ်လှေကားဖြင့် တက်ရောက်ဖူးမြော်နိုင်တော့မည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

"အထက်စက်တော်ရာ ဘုရားဖူးဖို့ဆိုရင် တောင်ကုန်းပေါ် တက်ရတာဖြစ်တဲ့အတွက် အသက်အရွယ်ကြီးရင့်သူတွေ၊ မသန်စွမ်းတွေနဲ့ ကျန်းမာရေးမကောင်းသူတွေ ဘုရားဖူးရတာလွယ်ကူအောင် ၂၀၁၉ ခုနှစ် ဂေါပကအဖွဲ့၊ လုပ်ငန်းကော်မတီနဲ့ တိုင်းဒေသကြီးအစိုးရတို့ပေါင်းပြီးတော့ စဉ်းစားကြတာက ပထမဦးဆုံးအဆင့် ဓာတ်လှေကား၊ ပြီးရင် စက်လှေကား လုပ်မှာပါ။ သေချာတာက ၂၀၂၀ ဘုရားဖူးရာသီမှာတော့ ဓာတ်လှေကားကို အပြီးလုပ်မယ်"ဟု မန်းရွှေစက်တော်ဂေါပက ဥက္ကဋ္ဌ ဦးအောင်သိန်းက ပြောသည်။

သုံးထပ်ဗိမာန်အခြေနားရှိ နှစ်ကိုပ်ရှစ်ဆူကားကွင်းမှတစ်ဆင့် ကိုးခန်းကြီးတန်ဆောင်းသို့ ဓာတ်လှေကား၊ ကိုးခန်းကြီးတန်ဆောင်းမှတစ်ဆင့် အထက်စက်တော်ရာသို့တက်သည့် မတ်စောက်သောလှေကားနေရာတွင် ရွှေ့လျားစက်လှေကား တပ်ဆင်သွားမည်ဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌက ဆက်လက်ပြောသည်။

လှေတင်တံတားကြီးကို အသုံးပြု၍ မန်းရွှေစက်တော်သို့ ၁၂ လရာသီကာလပတ်လုံး ဘုရားဖူးများ လာရောက်နိုင်ပြီး ကျိုက်ထီးရိုးဘုရားကဲ့သို့ စားသောက်ဆိုင်နှင့် ဟိုတယ်များလည်း ရှိလာမည်ဖြစ်ကြောင်း၊ နဝကမ္မနှင့် စေတီယသင်္ကာ အလှူငွေများ သိန်းပေါင်း ခုနစ်သောင်းခန့်ရှိသည့်အနက် နဝကမ္မအလှူငွေများဖြင့်သာ သာသနာ့နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် စီမံချက်ချ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဂေါပကအဖွဲ့ထံမှ သိရသည်။

**ဇေယျတု(မကွေး)**

## မဟာဝိဇယစေတီတော်ကြီး၌ ဘာဏုရာဇာ နေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

**နေပြည်တော် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် မုဉ္စလိန္ဒာနဂါးမျိုးနွယ် နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သင်္ကန်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစီဝရာပဋ္ဋပင်္ဂမာ မြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် ဧပြီ ၁၇ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားအား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်း အဓိဋ္ဌာန်ပြုကြပါက အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသောအချိန်အခါတွင် မဖူးလိုက်ရ၊ မရှိရလေအောင် သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**သတင်းစဉ်**

## ညောင်ဦးမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေး

**ညောင်ဦး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် မြို့နယ်အတွင်း ပြည်သူများ မီးဘေးအန္တရာယ် လုံခြုံစိတ်ချရမှုရှိစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိနိုင်ရန် ရည်ရွယ်၍ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းမင်းဌေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဧပြီ ၇ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ပြီး မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ငါးဆိုင်သို့ သွားရောက်ခဲ့ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး အလေးထားဆောင်ရွက်ရန်၊ စက်သုံးဆီများရောင်းချရာတွင် မီးဘေးအန္တရာယ်မဖြစ်အောင် စနစ်တကျကိုင်တွယ်အသုံးပြုရောင်းချသွားရန်၊ စက်သုံးဆီသိုလှောင်ကန်များ မီးဘေးလုံခြုံရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်သွားရန်၊ စက်သုံးဆီအရောင်းဆိုင်အတွင်း တပ်ဆင်အသုံးပြုသည့် လျှပ်စစ်ဝိုင်ယာကြိုးများ ကောင်းမွန်အောင် ဆောင်ရွက်ထားရှိရေးတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မင်းဘူး-သရက် ရထားခရီးစဉ် ခေတ္တရပ်နားမည်

**မင်းဘူး ဧပြီ ၈**

မင်းဘူး-သရက် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော ရထားခရီးစဉ်ကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)အထိ ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း သုံးရက်ရပ်နားမည်ဖြစ်ကြောင်း မင်းဘူးဘူတာရုံမှ သိရသည်။

"ကျွန်တော်တို့ ပုံမှန် မင်းဘူး-သရက်ရထားခရီးစဉ်ကို သင်္ကြန်အကြိုနေ့အထိ ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ သင်္ကြန်ကာလဖြစ်တဲ့ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)ကနေ ဧပြီ ၁၆ ရက် (အကြတ်နေ့) အထိ သုံးရက်ကြာရပ်နားသွားမှာဖြစ်ပြီး ဧပြီ ၁၇ ရက်(မြန်မာနှစ်ဆန်း ၁ ရက်နေ့)မှစ၍ ပုံမှန်ပြန်လည်ပြေးဆွဲသွားမှာဖြစ်ပါတယ်။ မင်းဘူး-သရက် ရထားခရီးစဉ်ကို သရက်မြို့ဘူတာမှ နေ့စဉ် နံနက် ၄ နာရီ ၄၅ မိနစ်မှ စတင်ထွက်ခွာပြီးတော့ မင်းဘူးဘူတာရုံကို နံနက် ၁၀ နာရီခွဲ ရောက်ရှိပါတယ်။ မင်းဘူးမြို့ဘူတာရုံကနေ မွန်းလွဲ ၁ နာရီခွဲမှာ ပြန်လည်ထွက်ခွာပြီးတော့ သရက်မြို့ဘူတာရုံကို ည ၇ နာရီခန့်မှာ ရောက်ရှိပါတယ်"ဟု မင်းဘူးဘူတာ ရုံပိုင် ဦးကျော်ကျော်ဦးက ပြောသည်။

အဆိုပါ မင်းဘူး-သရက် ရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၃၁ ခု ရှိပြီး နေ့စဉ် ခရီးသည် ပျမ်းမျှ စုစုပေါင်း ၄၀ ခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

## ဆိုင်လေကျေးရွာတွင် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းဖြတ် ဧပြီ ၈**

ကျေးလက်ဒေသတွင် နေထိုင်သော တိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စာပေအသိပညာဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများသည် ဧပြီ ၇ ရက် မွန်းလွဲပိုင်းက မိုင်းဖြတ်အုပ်စု ဆိုင်လေကျေးရွာရှိ စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း၊ အသိပညာပေးဟောပြောပွဲ၊ လူငယ်စာဖတ်ဝိုင်း၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က စာပေအသိပညာမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် စာထောက်ကျွမ်းကျင်-၃ ဒေါ်နန်းကောင်ခမ်းက စာပေ၏အကျိုးကျေးဇူးကို ရှင်းလင်းဟောပြောပြီး ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီ အဖွဲ့ဝင်တစ်ဦးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် မတ်လ ၁ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ်မှ စာရေးဆရာမိုးပန်းမွှန်(ရာမည)၏ "စာဖတ်နာမှ ရွာနာသက်သာမည်" ဟူသည့် ဆောင်းပါးဖြင့် လူငယ်စာဖတ်ဝိုင်းပြုလုပ်ပြီး အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ဒေသခံများ၊ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် တိုင်းကျိုးပြည်ပြု မှတ်တမ်းဓာတ်ပုံများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့ပ်ရှားဆောင်ရွက်မှု သတင်းဆိုင်ရာဓာတ်ပုံပြဘုတ်နှင့် နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ရှောလမွန်(မိုင်းဖြတ် )**



## ဆောမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

**ဆော ဧပြီ ၈**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် တိုင်းရင်းဆေးကုဌာန ဆေးကုသရေးအဖွဲ့သည် ဆောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ကွင်းဆင်း၍ ပြည်သူများကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် ကုသလျက်ရှိရာ ဧပြီ ၆ ရက်က ငှက်ချောင်ကျေးရွာ၌ ကျန်းမာရေးကုသခြင်းလုပ်ငန်းများနှင့် ပညာပေးဟောပြောပွဲကို အုပ်ချုပ်ရေးမှူးနေအိမ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဟန်နီလှစိုးနှင့်အဖွဲ့သည် ကျေးရွာရှိ ပြည်သူများတွင် ဖြစ်ပွားနေသော သွေးတိုး၊ သွေးအားနည်း၊ ကျီးပေါင်းတက်ရောဂါ၊ ဒူးနာ၊ ခါးနာ၊ မီးယပ်ရောဂါ အစရှိသည့် ရောဂါများကို စမ်းသပ်စစ်ဆေးပြီး လူနာ ၁၂၀ တို့ကို အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ



# “စု”အသက်မွေးဝမ်းကျောင်းသိပ္ပံ အဆောက်အအုံ မြေသန့်စင်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၈**
ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ် ဇေယျာမြင့်လမ်း၊ အမှတ်(၁/က)တွင် “စု”အသက်မွေးဝမ်းကျောင်း သိပ္ပံတည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် မြေသန့်စင်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးမစ္စတာ Lee Sang Hwaတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် Woori Heemangအဖွဲ့ခေါင်းဆောင် Prof. Park Joon Ho နှင့် Woori Consulting Corporation ဥက္ကဋ္ဌ Mr.Hwag Seongတို့က သင်တန်းကျောင်းလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကိုရီးယားသံအမတ်ကြီး မစ္စတာ Lee Sang Hwa တို့ကို အသိသက်သေထား၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်မှ ညှိနှိုင်းရေးမှူး ဦးအောင်လေးနွယ်နှင့် Mr.Hwag Seong တို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါသင်တန်းကျောင်းတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေး၊ အိုင်တီနည်းပညာနှင့်Mobile Phoneနည်းပညာ၊ ဘာသာစကားနှင့် ယဉ်ကျေးမှု၊ အထည်ချုပ် ကျွမ်းကျင်မှု စသည့်သင်တန်းများကို ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးသွားမည်ဖြစ်ကာ နှစ်စဉ်သင်တန်းသားဦးရေ ၆၀၀ သတ်မှတ်ထားပြီး အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် အခြားလိုအပ်ချက်ရှိနေသူများ သင်ယူနိုင်ရေးကို အလေးထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

Korea Myanmar Social Enterprise သည် အမျိုးသားဒီမိုကရေစီ ပညာရေးကွန်ရက်သို့ ၂၀၁၂ တွင် လှိုင်သာယာနှင့် ၂၀၁၃ တွင် ထန်းတပင်တို့၌ အမေ့အိမ်ပညာဒါနကျောင်းများ ဆောက်လုပ်လှူဒါန်းခဲ့ပြီး



၂၀၁၄ တွင် အထည်ချုပ်သင်တန်းကျောင်းငါးကျောင်းအတွက် မော်တာ အပ်ချုပ်စက်များ၊ အထည်အလိပ်များနှင့်အခြားပစ္စည်းများ၊ ထို့ပြင် ကွန်ပျူတာနှင့်စာရေးကိရိယာများကို အခြားလိုအပ်သည့်နေရာများတွင် လှူဒါန်းခဲ့ကြသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**

# ရေအရည်အသွေးနှင့် ငါးရောဂါရှာဖွေခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ ပဲခူးတွင်ကျင်းပ

**ပဲခူး ဧပြီ ၈**
ပဲခူးတိုင်းဒေသကြီး ရေအရည်အသွေးနှင့် ငါး ရောဂါရှာဖွေခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းပညာပေး သင်တန်းခန်းမ၌ ဧပြီ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်က ရေအရည်အသွေးနှင့် ငါးရောဂါရှာဖွေခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပဲခူးတိုင်းဒေသကြီးသည် ဆန်၊ စပါး အမြောက်အမြားထွက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဟု တင်စားခေါ်ဝေါ်သည့် အပြင် မြစ်ချောင်းအင်းအိုင်များ ပေါများသဖြင့် ရေထွက်ကုန်ပစ္စည်းဖြစ်သည့် ငါးများ အမြောက်အမြား ထွက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ ဒုတိယဟင်းအိုးကြီးလည်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူအများစုသည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေကြပြီး တိုင်းဒေသကြီးတွင် ဂရန်အင်းပေါင်း ၆၉၇ အင်း၊ ငါးမွေးမြူရေးကန်ဧက ၃၁၁၇၁ ဒသမ ၆၃၄ ဧကရှိကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်က ပြောကြားသည်။

အဆိုပါ သင်တန်းကို ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူထုတ်လုပ်မှုများ နည်းစနစ်မှန်မှန်ဖြင့် ထုတ်လုပ်နိုင်ရန်၊ ရေအရည်အသွေး ငါးရောဂါထိန်းချုပ်ကာကွယ်မှုနှင့် သက်ရှိအစားအစာဘာသာရပ်များ၊ ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့် (Good Agricultural Practices-GAP) များကို သိရှိနားလည်စေ ရန်ရည်ရွယ်၍ ဧပြီ ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ကြောင်းသိရသည်။ **တင်စိုး(ပဲခူး)**



# အမျိုးသမီးများ အကြမ်းဖက်ခုခံကာကွယ်ရေး အခြေခံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဧပြီ ၈**
မြန်မာအမျိုးသမီးများ တစ်ဦးတည်းသွားလာနေသူများ၊ ညဉ့်နက်မိုးချုပ် သွားလာနေရသူများ၊ လူပြတ်သည့်နေရာများသို့ သွားလာနေသူများ၊ နိုင်ငံရပ်ခြားသို့ ပညာသင်သွားရောက်နေသူ အမျိုးသမီးများ အကြမ်းဖက်ခုခံကာကွယ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာအမျိုးသမီးများ အကြမ်းဖက်ခုခံကာကွယ်ရေး အခြေခံသင်တန်းဆင်းပွဲကို ဧပြီ၇ ရက်ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။



မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်မှ ဂျပန်နည်းပြချုပ် MR. YAMA GUSHI တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများက သရုပ်ပြကစားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ပြီး သင်တန်းနည်းပြဆရာ ဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါ မြန်မာအမျိုးသမီးများ အကြမ်းဖက်ခုခံကာကွယ်ရေး အခြေခံသင်တန်းကို ဧပြီ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသူ ၂၀ တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။ **မြင့်စိုး**

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ၈၈ ဒသမ ၀၂ ရာခိုင်နှုန်း ကောက်ခံရရှိ

**ပွင့်ဖြူ ဧပြီ ၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများ မိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ထုတ်ချေးပေးထားသည့် ၂၀၁၈ ခုနှစ် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများသီးနှံသိမ်းဆည်းပြီးချိန်တွင် ပြန်လည်ကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက် နံနက်ပိုင်းက စိုက်ပျိုးစရိတ်ချေးငွေ ၈၈ ဒသမ ၀၂ ရာခိုင်နှုန်းပြန်လည်ကောက်ခံရရှိပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်ဘဏ်မန်နေဂျာဦးစန်းလွင်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းတောင်သူ စုစုပေါင်း ၁၁၄၉၁ ဦးအား မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေပေါင်း ကျပ် ၇၄၅၇၄၀၀၀၀၀ ထုတ်ချေးပေးထားကြောင်းသိရပြီး ချေးငွေများ ထုတ်ချေးပေးရာတွင် စပါးစိုက်ပျိုးမှုအတွက် တစ်ဧကလျှင်ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

“၂၀၁၈ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုစာရင်းအနေနဲ့ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၀ မှ တောင်သူဦးရေပေါင်း ၁၁၄၉၁ ဦးရှိပြီး စပါး ၄၈၆၆ ဧက၊ နှမ်း ၃၀၇၃ ဧက၊ ပဲစင်းငုံ ၇၇ ဧကအတွက် ချေးငွေစုစုပေါင်း ကျပ် ၇၄၅၇၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ပါတယ်။ ဧပြီ ၈ ရက်အထိ ချေးငွေကောက်ခံရရှိငွေပေါင်း ၆၅၆၄၃ ဒသမ ၅၀ သိန်း ကောက်ခံရရှိခဲ့ပြီး ရာခိုင်နှုန်းအနေနဲ့ ၈၈ ဒသမ ၀၂ ရာခိုင်နှုန်း ကောက်ခံရရှိပြီဖြစ်ပါတယ်။ ကောက်ခံရန် စုစုပေါင်း ၈၉၃၀ ဒသမ ၅၀ သိန်းကျန်ရှိ နေပါသေးတယ်”ဟု မြို့နယ် ဘဏ်မန်နေဂျာဦးစန်းလွင်က ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# ချင်းတွင်းမြစ်ရေလမ်းနှင့် မလွတ်ကင်းသည့် ၂၅ တန်ရှိ တံစုန်း ၁၅ ခု ရှင်းလင်း



**မုံရွာ ဧပြီ ၈**

ချင်းတွင်းမြစ်ရေလမ်းနှင့် မလွတ်ကင်းသည့် ၂၅ တန်ရှိ တံစုန်း ၁၅ ခုကို ၁၀ ရက်အတွင်း စက်အားလူအားများဖြင့် ရှင်းလင်းနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်း ဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရေလမ်းညွှန်ဒုတိယကြီးကြပ်ရေးမှူး ဦးကျော်မိုးသူထံမှ သိရသည်။

"ချင်းတွင်းရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်တွေ တံစုန်းနဲ့တိုက်မိရင် ပေါက်ပြီး ရေယာဉ်အန္တရာယ်များတာကြောင့် တစ်နှစ်ကိုရေနည်းတဲ့အချိန်မှာ နှစ်ကြိမ်နုတ်ပါတယ်။ ပထမအကြိမ်အဖြစ် ယခုနှစ် မတ် ၂၅ ရက်က မုံရွာကနေ တံစုန်းနုတ်ရေယာဉ် စတင်ထွက်ခွာပြီး ဧပြီ၄ ရက်ထိ ၂၅ တန်ရှိတဲ့ တံစုန်း ၁၅ ခု နုတ်ခဲ့ကြတာပါ" ဟု ဦးကျော်မိုးသူကပြောသည်။

တံစုန်းနုတ်အဖွဲ့သည် မုံရွာခရိုင် ရေဘုတလင်အနီးတွင် တံစုန်းနှစ်ခု၊ ကနီမြို့နယ် မဲဒင်ကျေးရွာအနီးတွင် တံစုန်းတစ်ခု၊ မင်းကင်းမြို့နယ် လောင်းပြည့်အနီးတွင် တံစုန်းနှစ်ခု၊ မောက္ကတော်အနီးရှိ နန္ဒင်းချောင်းအနီးတွင် တံစုန်းနှစ်ခု၊ မင်းကင်းမြို့အနီးတွင် တံစုန်းတစ်ခု၊ ကလေးဝမြို့နယ် ကျွဲနံဆင်းအနီးတွင် တံစုန်းသုံးခု၊ မန်ဖာလေးအဆင်းရှိ မထုရွာအနီးတွင် တံစုန်းနှစ်ခု၊ မော်လိုက်မြို့နယ် ကြာအင်းရွာအနီးတွင် တံစုန်းနှစ်ခု စုစုပေါင်း တံစုန်း ၁၅ ခု နုတ်ခဲ့ကြောင်း သိရသည်။

"နုတ်ပြီးတဲ့တံစုန်းတွေကို ရေလမ်းကြောင်းနဲ့ဝေးရာ ကျွန်းတွေနဲ့ ကုန်းတွေပေါ် တင်ခဲ့တယ်။ ရေလမ်းကြောင်းမှာ ပြိုင်လုမောင်းတဲ့ ရေယာဉ်တွေ တံစုန်းနဲ့ ထိုးမိတတ်တယ်။ တံစုန်းနဲ့ထိုးမိရင် ရေယာဉ်ဝမ်းဗိုက်ပေါက်တတ်သလို တံစုန်းပေါ် ရေယာဉ်တင်ရင်လည်း ပေါက်တတ်ပါတယ်။ ရေလမ်းကျဉ်းပြီး တံစုန်းကပိတ်နေရင် ရေယာဉ်တွေသွားရတာ အဆင်မပြေပါဘူး" ဟု ဦးကျော်မိုးသူက ပြောသည်။

တံစုန်းနုတ်အဖွဲ့သည် ပထမအကြိမ်အဖြစ် မုံရွာမှ မော်လိုက်ကြား ၁၀ ရက်ကြာ တံစုန်းများနုတ်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ဧပြီလကုန်ပိုင်းတွင် မော်လိုက်မြို့မှ ချင်းတွင်းမြစ်အထက်ပိုင်းတွင် တန် ၃၀ ကျော်ရှိ တံစုန်းပေါင်း အခု ၂၀ ကျော်ကို ဆက်လက်နုတ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မိတ္ထီလာ၌ တိုင်းရင်းသားရေးရာအခြေခံအချက်များစစ်တမ်းကောက်ယူ



**မိတ္ထီလာ ဧပြီ ၈**

မိတ္ထီလာ၌ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာအခြေခံအချက်များ စစ်တမ်းကောက်ယူခြင်းကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဆောင်ရွက်သည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ (၂၀၁၉-၂၀၂၈) ရေးဆွဲရန်၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ ပညာပေးဟောပြောခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အခြားသော အခြေအနေများအား နိုင်ငံ၏ ဘဏ္ဍာငွေအခြေအနေပေါ်မူတည်ပြီး နိုင်ငံတစ်ဝန်း အချိုးညီညီ တိုးတက်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအကြောင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအကြောင်းကို တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းညိုကလည်းကောင်း၊ တိုင်းရင်းသားရေးရာ အခြေခံအချက်များ စစ်တမ်းကောက်ယူသည့် အချက်အလက်များအကြောင်းကို ယင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းနုဝေကလည်းကောင်း ပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလူမှုအစုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိတ္ထီလာဒေသနေ ရှမ်းတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများထံမှ တိုင်းရင်းသားရေးရာ အခြေခံအချက်များကို စစ်တမ်းကောက်ယူကြသည်။

အလားတူ တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခြင်းကို မန္တလေး၊ မိုးကုတ်နှင့် ပြင်ဦးလွင်ဒေသများတွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကသာမြို့နယ်ကျေးရွာများအတွင်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

**ကသာ ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေထောက်ပံ့မှုဖြင့် ကျောက်ထုံးကြီးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာကော်မတီဝင်များက အနီးကပ်ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းက ကော်မတီဝင်များအနေဖြင့် ငွေကြေးကို စနစ်တကျသုံးစွဲရေး၊ သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးတို့ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား မှာကြားခဲ့ပြီး ကွန်ကရစ်လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဟန်မျိုးကျော်(ကသာ)**

## တိုတိုထွာထွာဖတ်စရာ

### ကျိုင်းလပ်မြို့၌ မီးငြိမ်းသတ်ရေး သရုပ်ပြ

**ကျိုင်းလပ်**

မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီက ကျိုင်းလပ်မြို့ နမ့်ငေါ့ကျေးရွာ နှစ်ခြင်းဘုရားကျောင်းခန်းမ၌ ကျင်းပသည်။

ကျိုင်းလပ်မြို့ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဟိန်းကျော်မိုးက လျှပ်စစ်ဝိုင်ယာကြိုးများကို စစ်ဆေးအသုံးပြုသင့်ကြောင်း၊ မီးစတင်လောင်ကျွမ်းရခြင်း၏အကြောင်းများ၊ မီးအမျိုးအစားအလိုက် ငြိမ်းသတ်နိုင်သောနည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးလောင်နေစဉ်အတွင်း စတင်လုပ်ကိုင်ဆောင်ရွက်ချက်များ၊ မီးငြိမ်းသတ်ပုံများနှင့် မီးသတ်ဆေးဘူးအမျိုးအစားများ၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံတို့ကို လက်တွေ့သရုပ်ပြသခဲ့သည်။ **ကျော်ဇေယျာလင်း (ပြန်/ဆက်)**

### မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပညာပေး

**ပလောက်**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ဆင်ထိုးကြီးကျေးရွာ၌ စက်သုံးဆီအရောင်းဆိုင်များအား လောင်စာဆီများ စနစ်တကျသိုလှောင်ထားရှိရန်နှင့် မီးသတ်ဆေးဘူးများ ထားရှိရန်တို့ကို ဧပြီ ၈ ရက် နံနက်ပိုင်းက ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆင်ထိုးကြီးကျေးရွာအတွင်းရှိ စက်သုံးဆီအရောင်းပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **နိုင်ဦး(ပလောက်ပြန်/ဆက်)**

# မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း အဓိကညွှန်းကိန်းများ အစီရင်ခံစာရှင်းလင်း

**ဘားအံ ဧပြီ ၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း ၂၀၁၇ အဓိကညွှန်းကိန်းများအစီရင်ခံစာ (Key Indicators Report ) ရှင်းလင်းပွဲအခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေကို သိရှိနိုင်ရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်အတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ၊ ညွှန်းကိန်းများရရှိနိုင်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့ပြ၊ ကျေးလက် ခွဲခြား၍ စားသုံးသူဈေးနှုန်းတွက်ချက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ အမျိုးသားစာရင်းစနစ် တွက်ချက်ရာတွင် စားသုံးမှုကုန်ကျစရိတ်ကို ခန့်မှန်းနိုင်ရန် ရည်ရွယ်၍ အဆိုပါစစ်တမ်းအား ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းအား ဗီဒီယိုကလစ်ဖြင့် ရှင်းလင်းပြသကာ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်က မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းမှရရှိလာသော ရလဒ်၊ မူဝါဒဆိုင်ရာအကြံပြုချက်နှင့် စစ်တမ်းအစီရင်ခံစာ အကျိုးရလဒ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါစစ်တမ်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



**တိုတိုထွာထွာဖတ်စရာ**

## မြို့နယ်လုံးဆိုင်ရာ ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**အထက်မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်လုံးဆိုင်ရာ ပါဠိပထမပြန်စာမေးပွဲကို မေ ၂ ရက်မှ စတင်၍ မင်းလှမြို့ သာသနာ့ဗိမာန် စာဖြေဌာနဌ်ကျင်းပလျက်ရှိရာ မေ ၈ ရက်တွင် သံဃာတော် စုစုပေါင်း စာရင်းရှိ ၅၅ ပါးနှင့် စာဖြေသံဃာတော် ၄၇ပါး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ ပါဠိပထမပြန် စာမေးပွဲတွင် ပထမကြီးတန်း ၁၆ ပါး၊ ပထမလတ်တန်း ၁၁ ပါး၊ ပထမငယ်တန်း ၁၁ ပါး၊ အခြေပြုမူလတန်း ကိုးပါး စုစုပေါင်း ၄၇ ပါး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

## ယဉ်ကျေးမှုသင်တန်းဆုပေးပွဲကျင်းပ

**ပေါက်**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင်ဖွင့်လှစ်သော (၃၅) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအောင်မြင်သူများအားဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၇ ရက် နံနက်ပိုင်းက ပေါက်မြို့ ပေါက်ပင်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၉၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

## တောင်သာတွင် သောက်သုံးရေရရှိရေးဆောင်ရွက်

**တောင်သာ**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မင်းရင်ကျေးရွာ၌ ဒေသခံများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် စင်မြင့်ရေစင်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီစေရန်အတွက် မေ ၈ ရက် နံနက်ပိုင်းက မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်မျိုးမျိုးလတ်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ရေပိုက်လိုင်း အရှည်ပေ ၁၀၅၅၀ သွယ်တန်းခြင်း၊ အလျား ၁၀ပေ၊ အနံ ၁၀ ပေနှင့် အမြင့် လေးပေရှိ စင်မြင့်ရေစင် ဆောက်လုပ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**

# ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် သံဃာတော်များအား အောင်လက်မှတ်များဆက်ကပ်

**ဟိုပုံး မေ ၈**

(၃၄)ကြိမ်မြောက် စာမေးပွဲအောင်သံဃာတော် ၅၅ ပါးတို့အား အောင်လက်မှတ်နှင့် ဆုတော်များကို ဆက်ကပ်လှူဒါန်းသော စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက်၌ ကျင်းပသည်။

ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် သံဃာတော်များကို ဟိုပုံးမြို့နယ် လက်ထောက်သာသနာရေးမှူး ဦးအောင်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရေးမှူးဦးအောင်လွင်၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း စာပေရေးရာဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သောင်းနိုင်၊ ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာအောင်သံဃာ ၅၅ ပါးတို့အား အောင်လက်မှတ်နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



(၃၄) ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲကို အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်းတို့ဖြင့်ကျင်းပခဲ့ပြီး ဟိုပုံးမြို့နယ်အတွင်းရှိ စာသင်တိုက်အသီးသီးမှ စာဖြေသံဃာပေါင်း ၁၁၇ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ အခြေပြုမူလတန်းတွင် ၃၉ ပါး၊ ပထမငယ်တန်းတွင် ရှစ်ပါး၊ ပထမလတ်တန်းတွင် လေးပါးနှင့် ပထမကြီးတန်းတွင် လေးပါးတို့ အောင်မြင်ခဲ့သည့်အတွက် စူဠဘွဲ့နှင်းသဘင်ကျင်းပရခြင်းဖြစ်ကြောင်း ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်ထံမှ သိရသည်။ **ထက်ထက်(ဟိုပုံး)**

# မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဆုရရှိသည့်ပြခန်းများအား ဆုချီးမြှင့်




**မော်လမြိုင် မေ ၈**

(၄၅)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းတွင် ဆုရရှိသည့် ပြခန်းများအားဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းပေါင်း ၃၄ ခန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဂုဏ်ပြုဆုရရှိသည့် ပြခန်းများအား ပြည်နယ်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သင်္ကြန်ကာလတွင် ယာဉ်တိုက်မှုမဖြစ်စေရေး လက်ကမ်းစာစောင်များဖြန့်ဝေ



**ဂန့်ဂေါ မေ ၈**

သင်္ကြန်ကာလတွင် ယာဉ်တိုက်မှုမဖြစ်ပေါ်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မေ ၇ ရက် နံနက်က ဂန့်ဂေါမြို့ သာသနာ့ဗိမာန်ရှေ့ခရေပင်လမ်းဆုံ ပုလဲ- ဂန့်ဂေါကားလမ်း ဂန့်ဂေါမြို့ဝင်လမ်းဆုံ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းရှေ့တို့၌ ပြုလုပ်သည်။

ဂန့်ဂေါမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်တင်မောင်ကိုနှင့် တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်၊ ဆိုင်ကယ်တို့အား ယာဉ်စည်းကမ်းထိန်းသိမ်းရေး စတစ်ကာများ ကပ်ထားပေးသည့်အပြင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကျော်သန်းဆွေ(ဂန့်ဂေါ)**

# စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းယန်း မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့အကျိုးပြု စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဝန်ဆောင်မှုဟောပြောပွဲကို မေ ၇ ရက် မွန်းလွဲ ၂ နာရီက ကျိုင်းဟင်ရပ်ကွက်၌ ဆောင်ရွက်ခဲ့သည်။

မိုင်းယန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ကျော်စိုးက စာပေမှပေးသော အသိအမြင် ဗဟုသုတများ ရရှိစေရေးအတွက် စာတတ်ရုံဖြင့်မပြီးဘဲ သုတ၊ ရသစာပေများကိုလည်း လေ့လာဖတ်ရှုရန် များစွာအရေးပါကြောင်းနှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများအား သုတ ၊ ရသ စာအုပ်များကို ငှားရမ်းပေးခဲ့ပြီး လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ်စာစောင်ကို ပြသခဲ့ရာ ရပ်ကွက်နေပြည်သူများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဩစတြေးလျနိုင်ငံသားများ လှူဒါန်းသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ဝက်လက် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဖွတ်လှိုင်းကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး ဩစတြေးလျနိုင်ငံသား Mr Richie Harkham က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးမွန်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဩစတြေးလျနိုင်ငံသားများက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဝက်လက်မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းအုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဝက်လက်မြို့နယ် ဖွတ်လှိုင်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆောက်အအုံမှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ သွပ်မိုး၊ အုတ်ကာ၊ အာရ်စီတိုင်၊ သမံတလင်းခင်း၊ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"ကလေးတွေဆိုတာ ကျွန်တော်တို့ရဲ့အနာဂတ်တွေဖြစ်ပါတယ်။ သစ်ပင်သေးသေးလေးစိုက်သလိုပါပဲ၊ သစ်ပင်အကြီးကြီးဖြစ်လာအောင် လိုအပ်တဲ့ခတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရေလောင်းပေါင်းသင်ကာ ပြုစုပျိုးထောင်သွားရမှာက လူကြီးတွေရဲ့တာဝန်သာဖြစ်တဲ့အတွက် ကြိုးစားဆောင်ရွက်ပေးကြစေလိုပါတယ်" ဟု Mr Richie Harkham ကပြောကြားခဲ့သည်။ **ဉမ္မာဝင်း(ဝက်လက်)**

# မဟာသင်္ကြန်အကြို အဆိုအကပြိုင်ပွဲ အိမ်မဲတွင်ကျင်းပ



**အိမ်မဲ မေ ၈**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မဟာသင်္ကြန်အထိမ်းအမှတ်အကြို အဆိုအကပြိုင်ပွဲကို မေ ၇ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က ကလေးငယ်လေးများ နွေရာသီအားလပ်ရက်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အနုပညာဖြင့် နူးညံ့သောစိတ်ထားများဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး ပြိုင်ပွဲများကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဆိုအကပြိုင်ပွဲကျင်းပရာ သင်္ကြန်သီချင်းများဖြင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မြို့နယ်ဦးစီးမှူးနှင့် Book Club အဖွဲ့ဝင်ကဗျာဆရာများ၊ Youth Club အတွင်းရေးမှူးတို့က ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**ကန်ကြီးထောင့် မေ ၈**
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က သင်တန်းမှ သင်ကြားပို့ချပေးလိုက်သော အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို လက်တွေ့အသုံးချပြီး အောင်မြင်တိုးတက်သောဘဝများ ရရှိလာအောင် ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းနည်းပြ ဆရာမများနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးနှင့် ဘဝရပ်တည်မှုများ ပိုမိုခိုင်မာလာစေရေးတို့အတွက် တစ်လတာ ဖွင့်လှစ်သင်ကြားပေးခဲ့သော အဆိုပါသင်တန်းသို့ ကျေးရွာခုနစ်ရွာမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**

# ကြို့ပင်ကောက်တွင် ကာမစိတ်ကြွဆေးများရောင်းချခြင်းရှိ၊ မရှိ စစ်ဆေး



**ကြို့ပင်ကောက် မေ ၈**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်း ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များတွင် တားမြစ်ဆေးများနှင့် ကာမစိတ်ကြွဆေးများ ရောင်းချခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးဆောင်ရွက်ခြင်းကို မေ ၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက မြို့မဈေးအနီးပတ်ဝန်းကျင် ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များကို လိုက်လံစစ်ဆေးခဲ့ကြသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ရက်အတွင်း လူငယ်လူရွယ်များ တားမြစ်ဆေးများနှင့် ကာမစိတ်ကြွဆေးများ သုံးစွဲမှုမရှိစေရေးအတွက် ကြိုတင်ပြီး လိုက်လံစစ်ဆေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ကာလအတွင်းမှာလည်း နေ့စဉ်ရှောင်တခင် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်က ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# သင်္ကြန်ကာလ မူးခင်းကျဆင်းရေး ပညာပေးဟောပြော

**မော်လူး မေ ၈**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ ပြည်ထောင်စုလမ်းမကြီးပေါ် စည်ပင်သာယာဈေးနှင့် ဆုံဆည်းရာကဖေးလမ်းဆုံတွင် မေ ၈ ရက် နံနက် ၇ နာရီခွဲက သင်္ကြန်ကာလ မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေကြသည်။

မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မင်းသိန်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက မော်လူးမြို့ပေါ် လူစည်ကားရာနေရာများဖြစ်သည့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ စည်ပင်သာယာဈေး၊ ဘူတာလမ်းဆုံ၊ ဆုံဆည်းရာကဖေးဆိုင်အနီးတို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များအား မူးခင်းကျဆင်းရေး ပညာပေးလုပ်ငန်းများ ဟောပြောကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **နီတိုး**



## တိုတိုထွာထွာဖတ်စရာ

### ဆိပ်ဖြူ-ပခုက္ကူ ရထားခရီးစဉ်များ ရပ်နားမည်

**ဆိပ်ဖြူ**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့သို့ ပြေးဆွဲလျက်ရှိသည့် RBE လူစီးရထား သင်္ကြန်ရက်များတွင် ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလ မေ ၁၄ ရက်မှ ၁၆ ရက်ထိ သုံးရက်ပြေးဆွဲမှု ရပ်နားမည်ဖြစ်ကြောင်း၊ ထိုသို့ ရထားခရီးစဉ်ရပ်နားမည့် အသိပေးကြော်ငြာများကို သက်ဆိုင်ရာ ဘူတာအသီးသီးမှ ဒေသခံပြည်သူများသိရှိနိုင်ရန် အသိပေးကြော်ငြာများထားရှိပြီး နှစ်ဆန်း ၁ ရက် (မေ ၁၇ ရက်) တွင် ရထားခရီးစဉ်များ အချိန်မှန် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ဆိပ်ဖြူဘူတာရုံပိုင်ကြီး ဦးအောင်စိုးက ပြောကြားသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

### မြိုင်မြို့တွင် အချက်ပြမီးဆိုင်းများ တိုးချဲ့တပ်ဆင်

**မြိုင်**
မကွေးတိုင်းဒေသကြီး မြိုင်မြို့တွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အချက်ပြမီးဆိုင်းများ တိုးချဲ့တပ်ဆင်ခြင်းကို မေ ၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အချက်ပြမီးဆိုင်းတပ်ဆင်ခြင်းကို ယခင်က မြို့ပေါ်ရှိ လူစည်ကားရာနေရာများနှင့် စာသင်ကျောင်းများဝန်းကျင်တွင် တပ်ဆင်ထားရှိခဲ့ပြီး ယခုအခါတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ စီစဉ်ပေးမှုဖြင့် မြိုင်-ကိုင်းတောမလမ်း (မြို့တွင်း) နှင့် မြိုင်-ပခုက္ကူလမ်း (မြို့တွင်း) မြို့မဈေးဝန်းကျင်တို့တွင် ထပ်မံတိုးချဲ့တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။ **ဖြိုးမွန်ကျော်(မြိုင်)**

### နွေရာသီ အခြေခံပန်းချီသင်တန်းဆင်းပွဲ ကျင်းပ

**ပခုက္ကူ**
နွေရာသီ အခြေခံပန်းချီသင်တန်းဆင်းပွဲကို ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် မေ ၇ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုက စိတ်ကြိုက်ပန်းချီရေးဆွဲပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဇော်ဌေးအောင်က ဆေးရောင်လှလှခြယ်ကြမယ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ သင်တန်းသား ၃၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၃၀ ရက်မှ မေ ၇ ရက်ထိဖြစ်ကြောင်း သိရသည်။ **ကိုတမာ**

### သွေးလှူဒါန်းခြင်းဆိုင်ရာ ပညာပေးဟောပြော

**ရိခေါဒါရ်**
ချင်းပြည်နယ် ရိခေါဒါရ်မြို့ ကျန်းမာရေးဌာန၏ စီစဉ်မှုဖြင့် သွေးလှူဒါန်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၈ ရက် မွန်းလွဲ ၂ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရိခေါဒါရ်တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာစန်းမာက သွေးလှူဒါန်းခြင်းနှင့်ပတ်သက်၍သိကောင်းစရာများ၊ သွေးအလှူရှင်များအား ကျန်းမာရေးပြုစုစောင့်ရှောက်ရန် လိုအပ်သည့်အချက်များ၊ သွေးလှူဒါန်းပေးခြင်း၏ မွန်မြတ်သောအကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ရိခေါဒါရ်မြို့၌ ရပ်ကွက်နှစ်ခုရှိပြီး အမှတ် (၁) ရပ်ကွက်၌ သွေးအလှူရှင် ၇၂ ဦး၊ အမှတ် (၂) ရပ်ကွက်၌ သွေးလှူရှင် ၁၀၀ ကျော်ရှိကြောင်း သိရသည်။ **ရိခေါဒါရ် (ပြန်/ဆက်)**

### နယ်လှည့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ကျိုင်းတုံ**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အောင်တော်မူတပ်ဦးကျောင်းတိုက်အတွင်း၌ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်နေသော ကျောင်းသား ကျောင်းသူလေးများအား မေ ၆ ရက် ညနေ ၄ နာရီက နယ်လှည့်အသိပညာပေးဟောပြောပွဲဆောင်ရွက်ခဲ့သည် ။

ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးသန်းမြင့်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောပြီး ရုပ်သံ-၃ ဒေါ်လှိုင်လှိုင်ငြိမ်းက ကျောင်းသား ကျောင်းသူများနှင့်အတူ ကိုယ်ကာယလေ့ကျင့်ခန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး( ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သင်္ကြန်ကာလ မူခင်းကြိုတင်ကာကွယ်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြောကြားခြင်းနှင့် စည်းကမ်းပျက်ယာဉ်များ စစ်ဆေးအရေးယူခြင်းများအပြင် မူခင်းကြိုတင်ကာကွယ်ရေးအတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက် နံနက်ပိုင်းက ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းအောင်ဦးစီးသော ပူးပေါင်းအဖွဲ့များဖြင့် သင်္ကြန်ကာလ မူခင်းကြိုတင်ကာကွယ်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြောကြားခြင်းနှင့် စည်းကမ်းပျက်ယာဉ်များ စစ်ဆေးအရေးယူခြင်းများအပြင် မူခင်းကြိုတင်ကာကွယ်ရေးအတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

### မိုင်းငေါ့မြို့တွင် အသိပညာပေးကွင်းဆင်းဟောပြော

**မိုင်းငေါ့**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းငေါ့မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုက်နယ်ကျန်းမာရေးဌာနတို့ပူးပေါင်း၍ ဧပြီ ၆ ရက် ညနေ ၃ နာရီက မန်ကောင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

တိုက်နယ်ကျန်းမာရေးဌာနမှ ဒေါ်နန်းခင်မျိုးဦးက သွေးတိုးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က စာပေ၏တန်ဖိုးခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင် (ပြန်/ဆက်)**

### တာရှည်ခံဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

**ရွှေသောင်ယံ**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးလျက်ရှိသော တာရှည်ခံဆေးစိမ်ခြင်ထောင်များကို ဧပြီ ၈ ရက်က စတင်ထုတ်ပေးလျက်ရှိသည်။

သဘော့ကန် ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးမျိုးအောင်ကျော်နှင့် ဝန်ထမ်းများက ပြည်သူများအား ဆေးစိမ်ခြင်ထောင်များ အသုံးပြုပုံ၊ ထားရှိပုံ၊ ဆေးစိမ်ခြင်ထောင်၏ အကျိုးသက်ရောက်မှုရှိပုံတို့ကို ရှင်းလင်းပြောကြားပြီး အမှတ်(၁)ရပ်ကွက်အတွက် ခြင်ထောင် ၅၆၆ လုံး၊ အမှတ်(၂)ရပ်ကွက်အတွက် ၁၀၆၁ လုံး၊ အမှတ်(၃)ရပ်ကွက်အတွက် ၂၇၃ လုံး၊ သဘော့ကန်ကျေးရွာအုပ်စုအတွက် ၁၄၉၉ လုံး၊ သဲကုန်းကျေးရွာအုပ်စုအတွက် ၃၀၁၁ လုံး၊ ရွှေသောင်ယံမြို့နှင့် ကျေးရွာအုပ်စုနှစ်စုအတွက် စုစုပေါင်းအလုံး ၆၄၁၀ ကို ဧပြီ ၁၀ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မေကြည် (ပြန်/ဆက်)**

### ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**လှည်းကူး**

နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများအား ဉာဏစွမ်းရည်၊ တီထွင်နိုင်မှုစွမ်းရည် အတွေးအခေါ်များ မြင့်မားလာစေရန် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲကို မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူလေးများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**နိုင်လင်း(လှည်းကူး)**

### အခြေခံအင်္ဂလိပ်စာသင်တန်း (အခမဲ့) ဖွင့်လှစ်

**တောင်တွင်းကြီး**

နွေရာသီအခြေခံ အင်္ဂလိပ်စာသင်တန်း Grammar (အခမဲ့) ကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဧပြီ ၈ ရက်မှစတင်ကာ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ တစ်လကြာ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား သုံးခရိုင် စစ်တုရင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**မြိတ် ဧပြီ ၈**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား သုံးခရိုင် စစ်တုရင်ပြိုင်ပွဲကို မြိတ်မြို့တွင် ကျင်းပလျက်ရှိရာ ဧပြီ ၇ ရက် ညပိုင်းတွင် နောက်ဆုံးပွဲစဉ် ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

သုံးခရိုင်စစ်တုရင်ပြိုင်ပွဲကို ဧပြီ ၅ ရက် မှ ၇ ရက်ထိ ခရိုင်အားကစားခန်းမတွင်ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ ထားဝယ်၊ မြိတ်၊ ကော့သောင်း သုံးခရိုင်မှ အလွတ်တန်း စစ်တုရင်အသင်းလိုက်ပြိုင်ပွဲဝင် ၁၁ ဦး၊ အသက် ၂၀ အောက် စစ်တုရင်အသင်းလိုက်ပြိုင်ပွဲဝင် ၁၁ ဦး၊ မြန်မာ့ရိုးရာစစ်တုရင်အသင်းလိုက်ပြိုင်ပွဲဝင် ၁၁ ဦး၊ အမျိုးသမီးစစ်တုရင်အသင်းလိုက်ပြိုင်ပွဲဝင် ၁၂ ဦး စုစုပေါင်းပြိုင်ပွဲဝင် အားကစားသမား ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာစစ်တုရင်နှင့် မြန်မာ့ရိုးရာစစ်တုရင် အသင်းလိုက်ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲ ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာစစ်တုရင်အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် ထားဝယ်ခရိုင်က ပထမ၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အသက် ၂၀ အောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ထားဝယ်ခရိုင်က ပထမ၊ မြန်မာ့ရိုးရာစစ်တုရင် အမျိုးသားအသင်းလိုက် အလွတ်တန်းပြိုင်ပွဲတွင် မြိတ်ခရိုင်က ပထမ၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသားအသင်းလိုက် အလွတ်တန်းပြိုင်ပွဲတွင် မြိတ်ခရိုင်က ပထမဆုများ အသီးသီး ရရှိခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် လက်ရွေးစင်အားကစားသမား ၁၆ ဦးကို ရွေးချယ်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာစစ်တုရင်နှင့် မြန်မာ့ရိုးရာစစ်တုရင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကို မေ ၁ ရက်မှ ၈ ရက်ထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**မြိတ် (ပြန်/ဆက်)**

## အခြေခံ စာတတ်မြောက်ရေးအစီအစဉ်ဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကွင်းဆင်းသင်ကြား



**မလှိုင် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမီမီခင် ဦးဆောင်ပါဝင်သော ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်က ဧပြီ ၈ ရက် နံနက် ၁၀ နာရီတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖြင့် မလှိုင်မြို့နယ်သို့ လာရောက်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကြိုဆိုပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မလှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက မိမိတို့မြို့နယ်သို့ အခြေခံစာတတ်မြောက်ရေးအစီအစဉ်ဖြင့် ရောက်ရှိလာကြသော ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အားရဝမ်းသာစွာ ကြိုဆိုလျက်ရှိပါကြောင်း၊ မိမိတို့ဌာနဆိုင်ရာ အဖွဲ့အစည်းများကလည်း ရက်ရှည်သင်ကြားပေးမည့် ဆရာ ဆရာမများ၏ စားဝတ်နေရေး၊ လုံခြုံရေးကအစ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်က မိမိတို့မြို့နယ်ကျေးရွာအုပ်စုများ၌ သင်ကြားပေးမည့် ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် သင်ကြားရာတွင် အထူးဂရုစိုက်သင်ကြားပေးပါရန်၊ စာရေးတတ်သူတွေအတွက် အခက်အခဲမရှိပေမယ့် စာမရေးတတ်သူတွေအား သိမ်ငယ်မသွားအောင် ဆောင်ရွက်သင်ကြားစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာဌာနအလိုက် မိမိတို့ဌာနများမှ ဆောင်ရွက်ပေးသွားမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခု မလှိုင်မြို့နယ်သို့ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖြင့် ရောက်ရှိလာကြသော ကျောင်းသား ကျောင်းသူ ၁၂၇ ဦးတို့က မလှိုင်မြို့နယ်ရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုသို့ ရက်ပေါင်း ၄၀ ကြာ သင်ကြားပေးသွားမည်ဖြစ်သကဲ့သို့ ၎င်းတို့အား ကြီးကြပ်တာဝန်ခံဆရာမ ၂၀ တို့က အနီးကပ်ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပြီး ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကအစ မလှိုင်မြို့နယ်ရှိ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအလိုက် အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ချောင်းဆုံမြို့နယ်တွင် ချောင်းတူးဖော်မှုပြီးစီးပါက မိုးစပါးပိုမိုစိုက်ပျိုးလာနိုင်မည်

**ချောင်းဆုံ ဧပြီ ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာတွင် မိုးတွင်းကာလအတွင်း လယ်ယာမြေများအား ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန်နှင့် မိုးစပါးစိုက်ပျိုးမှုအဆင်ပြေစေရန်အတွက် တိမ်ကောနေသည့် ကမာမိုချောင်းတူးဖော်ခြင်းကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကမာမိုချောင်း တူးဖော်ခြင်းလုပ်ငန်း ပေ ၉၀၀၀ တူးဖော်နေမှုကို ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဧပြီ ၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# (၄၅)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် ဂန့်ဂေါတွင် ကျင်းပ

**ဂန့်ဂေါ မေ ၈**

(၄၅)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်ကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဂန့်ဂေါမြို့သာသနာ့ဗိမာန်တော်၌ကျင်းပရာ ရှေးဦးစွာ အခမ်းအနားဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်) ဟံသာဝတီရွာကျောင်းဆရာတော် ဘဒ္ဒန္တကိတ္တိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဂန့်ဂေါမြို့ ဘုရားကြီးမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လထံမှ ဩဝါဒ ကထာကို နာယူကြသည်။

ဆက်လက်၍ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းအောင် တစ်ပါး၊ ပထမလတ်တန်းအောင် ငါးပါး၊ ပထမငယ်တန်းအောင် ကိုးပါး၊ အခြေပြုမူလတန်းအောင် ရှစ်ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့ခင်းသာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဋိလ ဟောကြားသည့် တရားတော်မြတ်ကို နာယူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**






# အနာဂတ်ဘဝလမ်းညွှန်သင်တန်းဖွင့်ပွဲ ကျင်းပ

**အိမ်မဲ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သရက်ပင်ကွင်းကျေးရွာအုပ်စု ကျွဲလမ်းကျေးရွာ ဇေယျသိဒ္ဓိဓမ္မာရုံ၌ နွေရာသီအနာဂတ် ဘဝလမ်းညွှန်သင်တန်း ဖွင့်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး အဆင့်(၁) ဦးမန်းသက်ဦးနှင့် ဆရာမင်းကိုနိုင်တို့က အမှာစကားများ ပြောကြားကြသည်။

အနာဂတ်ဘဝလမ်းညွှန်သင်တန်းတွင် သင်ကြားပေးသည့် ဘာသာရပ်များမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အင်္ဂလိပ်စကားပြော၊ ကွန်ပျူတာ၊ ခေါင်းဆောင်မှုစွမ်းရည်၊ အထွေထွေဗဟုသုတနှင့် စကားပြောစွမ်းရည်၊ အရေးအသားစွမ်းရည်များကို သင်ကြားပေးကြောင်းနှင့် သင်တန်းသား ၂၆၅ ဦး ရှိကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဟွာဝေးဖုန်းအလုံး တစ်သန်းကျော်ရောင်းချ

**ရန်ကုန် မေ ၈**

ကမ္ဘာ့ထိပ်တန်း စမတ်ဖုန်းအရောင်းကုမ္ပဏီတစ်ခုဖြစ်သည့် ဟွာဝေးက မြန်မာနိုင်ငံ၌ ၂၀၁၈ ခုနှစ်အတွင်း ဟွာဝေးစမတ်ဖုန်း အလုံးတစ်သန်းကျော်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ်အတွင်း ရောင်းချပေးခဲ့တဲ့ စမတ်ဖုန်းတွေကတော့ အရည်အသွေးကောင်းပြီး တန်ဖိုးနည်း၊ တန်ဖိုးသင့်တဲ့ ဖုန်းတွေအများစု ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ စမတ်ဖုန်းအလုံးရေ တစ်သန်းကျော် ရောင်းချနိုင်ခဲ့ပြီး ကျွန်တော်တို့ရဲ့ Consumer business က မနှစ်ကထက် ၃၆ ရာခိုင်နှုန်း ပိုပြီးတိုးတက်လာပါတယ်"ဟု ဟွာဝေးမြန်မာ၏ ဒုတိယအထွေထွေမန်နေဂျာ မစ္စတာဘော့ဇူက ပြောသည်။

အဆိုပါ ဟွာဝေးမြန်မာမှ ၂၀၁၈ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာပလာဇာ၌ကျင်းပခဲ့ရာ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ လာရောက်သတင်းရယူကြသည်။

၂၀၁၈ ခုနှစ်အတွင်း တစ်ကမ္ဘာလုံး အရောင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၁၉ ဘီလီယံဖြစ်ပြီး ယမန်နှစ်ကထက် ၁၉ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ယင်းကာလအတွင်း အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၄ ဘီလီယံရရှိခဲ့ရာ ၂၀၁၇ ခုနှစ်ကထက် ၂၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

လက်ရှိအချိန်တွင် ဟွာဝေးအနေဖြင့် 4G ကွန်ရက်ဖြန့်ကြက်မှုနှင့် အရည်အသွေးမီ စမတ်ဖုန်းများ မြန်မာနိုင်ငံအတွင်း လူတိုင်းလက်လှမ်းမီနိုင်အောင်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း မြန်မာပြည်သူများ နိုင်ငံတကာနှင့်အညီ အရည်အသွေးမီထုတ်ကုန်များ ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မရမ်းခြံဆိပ်ကမ်းတွင် အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**မန္တလေး မေ ၈**

ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်လည်ပတ်လျက်ရှိရာ ခရီးသွားဧည့်သည်များ အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်၊ ရေယာဉ်များကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအနေဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိပြီး အရေးပေါ်အခြေအနေများတွင် ခရီးသွားဧည့်သည်များကို အချိန်မရွေးပြုစုကုသနိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မန္တလေး)နှင့် Myanmar Tourism Transportation Association (Mandalay Zone) တို့ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး မရမ်းခြံဆိပ်ကမ်းရှိ GMB Jetty ၌ မေ ၇ ရက်တွင် အခြေခံရှေးဦးသူနာပြု(ရက်တို)သင်တန်း ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ ရေယာဉ်၊ မော်တော်ယာဉ်များတွင် တာဝန်ထမ်းဆောင်နေသည့် လုပ်သား စုစုပေါင်း ၅၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ဟိုတယ်/ခရီး**

# ညောင်တုန်းမြို့တွင် မဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ညောင်တုန်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မဟာသင်္ကြန်ပွဲတော်ကို ပြည်သူလူထု စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ရပ်ကွက်အလိုက် သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက သင်္ကြန်ပွဲတော်ကျင်းပမည့်နေရာများနှင့် ဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးအခြေအနေများကို ရှင်းလင်းကာ သက်ကြီးပူဇော်ပွဲ၊ ပရိတ်တရားနာနှင့် ငါးလွှတ်ပွဲကျင်းပနိုင်ရေး၊ အများပြည်သူများ သင်္ကြန်ပွဲတော်တွင် စိတ်အေးချမ်းသာစွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးတို့အား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ၊ ရဲအုပ်၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့က သင်္ကြန်ကာလအတွင်း ညောင်တုန်းမြို့နယ်ရှိ လမ်းများတွင် ယာဉ်များ သွားလာမှုကို တစ်လမ်းသွားစနစ်ထားရှိခြင်း၊ ဗဟိုမဏ္ဍပ်၊ လမ်းမများ တစ်လျှောက် လုံခြုံရေးထားရှိရေးနှင့် ညောင်ချောင်းသာ ကမ်းခြေတွင် အပန်းဖြေသူများအတွက် လုံခြုံရေးအစီအမံများထားရှိရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရေးတို့အတွက် ကြိုတင်ဆောင်ရွက်ထားရှိမည့်အခြေအနေများကို တင်ပြခဲ့ကြကြောင်း သိရသည်။ **ဝဋ္ဋာနိုင်(ညောင်တုန်း)**

# ဆီဆိုင်မြို့တွင် သင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ဆွေးနွေး

**ဆီဆိုင် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် မြို့လုံးကျွတ် အန္တရာယ်ကင်းပရိတ်တရားရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော်ကို ဆီဆိုင်မြို့တွင် ဗဟိုမဏ္ဍပ် အပါအဝင် မဏ္ဍပ် လေးခုဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပြီး ဗဟိုမဏ္ဍပ်ကို မြို့နယ်သမဝါယမရုံးရှေ့ ဆီဆိုင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးဘေးတွင် ဆောက်လုပ်၍ ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ တေးဂီတ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ စတုဒိသာ အကျွေးအမွေးများဖြင့် စည်ကားစွာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**


မဟာသင်္ကြန်မဏ္ဍပ် ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

# အင်းတော်မြို့တွင် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆရာမ(အခပေး)သင်တန်းဆင်းပွဲကျင်းပ



**အင်းတော် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆရာမ(အခပေး)သင်တန်းဆင်းပွဲကို မေ ၇ ရက် နံနက်ပိုင်းက အင်းတော်မြို့ မြို့မဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်းရှိ အေးရိပ်သာဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးသိန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းနိုင်တို့က အမှာစကားပြောကြားပြီး အင်းတော်မြို့နယ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်ဥက္ကဋ္ဌ ဦးညဏ်ထွန်းက ဆရာမ(အခပေး)သင်တန်းများ ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ပြီး သင်တန်းသူများကိုယ်စား ဝန်းသိုမြို့နယ်မှ သင်တန်းသူ ဒေါ်မော်မော်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ဖားကန့်၊ ဟိုပင်၊ ထီးချိုင့်၊ ကောလင်း၊ ဗန်းမောက်၊ အင်းတော်မြို့နယ်တို့မှ သင်တန်းသူ ၆၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ပြည်သူ့အတွက် ခေတ်မီစာကြည့်တိုက်

## မြတ်စန်းငြိမ်း

တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်နဲ့ပတ်သက်လို့ပြောကြ ရေးကြလျှင် Life Long Learning (သက်ဆုံးတိုင် လေ့လာသင်ယူခြင်း) ဆိုသည့်စကားကို မကြာခဏ ကြားနေရပြီး အစိုးရအနေဖြင့် ပြည်သူများကို ထိုယဉ်ကျေးမှုနှင့် နီးစပ်လာစေရန်၊ အသားကျစေရန် မည်သို့ဆောင်ရွက်ပေးမည်ဆိုသည့် အချက်က အရေးကြီးပါသည်။

အကယ်၍ ထိုယဉ်ကျေးမှုနှင့် အသားကျအောင် လုပ်ဆောင်ပေးခြင်းမျိုးမရှိခဲ့လျှင် ပြည်သူများအဖို့ ရှေ့လာမည့် ဆယ်စုနှစ်အတွင်း ပေါ်ပေါက်လာမည့် နည်းပညာအသစ်များ၊ အလုပ်အကိုင်အသစ်များအတွက် ကြိုတင်ပြင်ဆင်နိုင်မည့် အခွင့်အလမ်းမရှိတာကြောင့် အနာဂတ်မှာအလုပ်အကိုင်နှင့် ကျွမ်းကျင်မှု နှစ်ခုအကြား ကွာဟမှုကြီးမားလာပါလိမ့်မည်။

ဤကဲ့သို့ သက်ဆုံးတိုင်လေ့လာသင်ယူခြင်းအတွက် ပြည်သူ့စာကြည့်တိုက်များသည် စာအုပ်ငှားရုံ၊ ထိန်းသိမ်းထားရုံမဟုတ်တော့ဘဲ စာကြည့်တိုက်ဆိုင်ရာအစီအစဉ်များ၊ ရပ်ရွာအကျိုးပြု၊ လူမှုအကျိုးပြုအစီအစဉ်များအား စာကြည့်တိုက်ကို အခြေခံပြီး အသွင်ပြောင်းလဲမှု အစီအစဉ်များဖြင့် အထောက်အကူပြုကြရမည် ဖြစ်ပါသည်။

ပြည်သူ့စာကြည့်တိုက်များ၊ လူမှုအခြေပြု စာကြည့်တိုက်များတွင် စာဖတ်သူအခြေပြု အစီအစဉ်အသစ်များ၊ စာကြည့်တိုက်လုပ်ငန်းအသစ်များဖြင့် အသွင်ပြောင်းလဲရာတွင် အကောင်းဆုံးခေတ်မီ ပြည်သူ့စာကြည့်တိုက်များဖြစ်အောင် ကဏ္ဍခုနစ်ခုဖြင့် လုပ်ဆောင်လာကြပါသည်။

**ကဏ္ဍ(၁) ။ စာကြည့်တိုက်ဆိုင်ရာ ဝန်ဆောင်မှုအသစ်များနှင့် စာကြည့်တိုက်အစီအစဉ်အသစ်များ။**

ပြည်သူ့စာကြည့်တိုက်တစ်တိုက်သည် စာဖတ်သူလိုအပ်ချက်၊ ရပ်ရွာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ဝန်ဆောင်မှုအသစ်များကို တစ်လလျှင်အနည်းဆုံး တစ်ကြိမ် ပုံမှန်အချိန်၊ ရက်သတ်မှတ်ပြီး လစဉ်လုပ်ဆောင်သော စာကြည့်တိုက်များ၊ ဥပမာ-အတတ်ပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို Onlineတွင် ရှာဖွေပေးခြင်း၊ ပညာရပ်ဆိုင်ရာ၊ မျက်မှောက်ရေးရာဆွေးနွေးပွဲများ၊ စာသင်သားများအတွက် အိမ်စာကူညီပေးသောအစီအစဉ်များ၊ စာအုပ်ပြပွဲများ စသည့်အစီအစဉ်များ ပြုလုပ်ပေးနိုင်ပါသည်။ စာကြည့်တိုက်တွင်ဖြစ်စေ၊ အခြားဌာန၊ ကျောင်းများမှာဖြစ်စေ၊ စာဖတ်အသင်းများ၊ လူငယ်များအတွက် စကားဝိုင်းများ၊ Debate များ၊ ရသ၊ သုတစာအုပ် Book Reviewများ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ လူငယ်များ၊ ကျောင်းသားများအတွက် ရည်ရွယ်သောအစီအစဉ်များ၊ ကျောင်းမနေနိုင်သောကလေးများ၊ ကျောင်းထွက်ထားရသောကလေးများအတွက် အစီအစဉ်များ၊ နယ်လှည့်စာကြည့်တိုက်အစီအစဉ်များစသဖြင့် ရပ်ရွာလိုအပ်ချက်နှင့်ကိုက်ညီသော စာကြည့်တိုက်အခြေခံ ဝန်ဆောင်မှုအသစ်၊ အစီအစဉ်အသစ်များကို ဆိုလိုပါသည်။ ဥပမာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် စာကြည့်တိုက်တွင် ဟောပြောပွဲ၊ ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ချိတ်ဆက် စီစဉ်ပေးနိုင်သည်။

**ကဏ္ဍ(၂) ။နည်းပညာဖြင့် အသိပညာတိုးတက်စေမည့် အစီအစဉ်များ။**

အများပြည်သူအခမဲ့သုံးနိုင်သော wifi စနစ် (အနိမ့်ဆုံး2mbps) တပ်ဆင်ထားခြင်းဖြင့် စာကြည့်တိုက်မှူးများနှင့် စာဖတ်သူများ Internet အတွင်း သတင်းအချက်အလက် ရှာဖွေမှု၊ web searching ကျွမ်းကျင်မှု၊ Skype ပြောဆိုတတ်မှု၊ Emailကို စနစ်တကျ သုံးစွဲတတ်မှု၊ ပညာရပ်ဆိုင်ရာ Application များ၊ Download လုပ်၍ လေ့လာခြင်း၊ Audio Book များ၊ Do it yourself video clips များကို ပြည်သူများ အသုံးပြုနိုင်သောTablet၊ Laptop၊Desktop များတွင် Download လုပ်၍ ထားရှိပေးနိုင်သည့်အဆင့်အထိ ပံ့ပိုးပေးထားနိုင်ပါသည်။

**ကဏ္ဍ(၃) ။ စာကြည့်တိုက်ဖွင့်ချိန်။**

စာကြည့်တိုက်အများစုရှိ စာကြည့်တိုက်မှူးများသည် စေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးများဖြစ်ပြီး ဝါသနာ၊ စေတနာအရင်းခံ၍ပြည်သူများအတွက် ဝန်ဆောင်မှုပေးနေသူများဖြစ်ပါသည်။ စာကြည့်တိုက်ဖွင့်ချိန်ကို တစ်ပတ်လျှင် အနည်းဆုံး ၃၅ နာရီဖွင့်သော စာကြည့်တိုက်များ ရှိသကဲ့သို့ ညနေခင်းများနှင့် စနေ၊ တနင်္ဂနွေနေ့များ အပါအဝင် တစ်ပတ်လျှင် ၄၅ နာရီအထိဖွင့်သော စာကြည့်တိုက်များလည်းရှိသည့်အတွက် ပြည်သူများအားလုံး အတွက် ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ပါသည်။

> **အခြေခံအချက်တစ်ခုအနေဖြင့် စာကြည့်တိုက်တစ်ခု၏ လစဉ်အစီရင်ခံစာကို ပြုစုထားရမည်ဖြစ်ပါသည်။ လစဉ်အသုံးပြုသူအရေအတွက်၊ ငှားရမ်းသော စာအုပ်အရေအတွက်၊ အငှားအများဆုံးစာအုပ်များ၊ စာဖတ်သူအကြိုက်စာအုပ်၊ စာကြည့်တိုက်မှူးအကြိုက် စာအုပ်စာရင်းတို့ကို မှတ်သားထားနိုင်ပါသည်။ အသက်အရွယ်အလိုက် ကျား / မ၊ လူကြီး၊ လူငယ်၊ ကလေးများ စာကြည့်တိုက်အစီအစဉ်များတွင် တက်ရောက်မှုအခြေအနေ၊ တက်ရောက်သူဦးရေများကို မှတ်သားထားရမည်ဖြစ်**

စာကြည့်တိုက်ဖွင့်ချိန်တိုးနိုင်ပါက ရပ်ရွာရှိ လူငယ်၊ လူကြီးများ၊ ကလေးများလက်ဖက်ရည်ဆိုင်၊ ဂိမ်းဆိုင်များတွင် အချိန်မဖြုန်းတော့ဘဲ စာကြည့်တိုက်များတွင် စာဖတ်ချိန် ပိုရကာအကျိုးရှိစေမှာဖြစ်၍ ပြည်သူများကြားတွင် စာကြည့်တိုက်ယဉ်ကျေးမှု ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာမည်ဖြစ်ပါသည်

**ကဏ္ဍ(၄) ။စာကြည့်တိုက်ကို လစဉ် လာရောက်အသုံးပြုသူအရေအတွက်နှင့် အသင်းဝင်အရေအတွက်။**

စာကြည့်တိုက်များသို့ နေ့စဉ်၊ လစဉ်လာရောက်အသုံးပြုသူ အရေအတွက်ကို မှတ်သားထားပြီး နှစ်စဉ်အနည်းဆုံး ၁၀ ရာခိုင်နှုန်းတိုးရန် ရည်မှန်းထားကာ အသင်းဝင်များနှင့် စာကြည့်တိုက်လာရောက်အသုံးပြုသူများတွင် ကလေး၊ လူကြီး၊ သက်ကြီးရွယ်အိုအဘိုး၊ အဘွားများအထိ ဥပမာ- အသက် လေးနှစ်မှ အသက် ၉၀ ကျော်အထိ အရွယ်စုံကို ကိုယ်စားပြုပါဝင်ဖို့ လိုပါသည်။

ဥပမာ အမြင်သစ်စာကြည့်တိုက် အင်းစိန်မြို့နယ်သည် စာကြည့်တိုက်အသုံးပြုသူအရေအတွက်၊ စာအုပ်ငှားရမှုအရေအတွက်၊ သင်တန်းတက်သူအရေအတွက်တို့ကို Facebook အမြင်သစ် စာကြည့်တိုက်စာမျက်နှာတွင်လည်းကောင်း၊ စာကြည့်တိုက်အတွင်းတွင် လည်းကောင်း လစဉ်ဖော်ပြလျက်ရှိပါသည်။

ဤနေရာတွင် စာကြည့်တိုက်အသုံးပြုသူများအပြင် စာကြည့်တိုက်နှင့် စာအုပ်ကို နှစ်သက်သော်လည်း စာကြည့်တိုက်သို့ လာရောက်ခြင်းမရှိသောသူများထံမှ အကြံဉာဏ်သဘောထားတောင်းခံပြီး စာကြည့်တိုက် ဝန်ဆောင်မှုအသစ်များ ဖန်တီးနိုင်ပါသည်။

ဥပမာစာကြည့်တိုက်ကို အမြဲတမ်းအသုံးပြုသူဖြစ်စေ၊ လုံးဝအသုံးမပြုဖူးသူဖြစ်စေ၊ စာကြည့်တိုက်တန်ဖိုးနားလည်လာစေရန်၊ စာကြည့်တိုက်အကြောင်းသိစေရန်၊ အခွင့်အလမ်းရှာဖွေပြောပြနေခြင်းဖြင့်လည်းကောင်း၊ စာကြည့်တိုက်သို့ လာရောက်အသုံးပြုရန် စည်းရုံးခြင်းဖြင့်လည်းကောင်း၊ အသင်းဝင်အရေအတွက် တိုးတက်လာမည်ဖြစ်ပါသည်။

**ကဏ္ဍ(၅) ။ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု**

အခြေခံအချက်အနေဖြင့် ပညာရေးဆိုင်ရာလုပ်ရှားမှုနှင့် ပုံပြင်ပြောချိန်၊ စာဖတ်လေ့ကျင့်ခန်းများ စသည်တို့ကို ကျောင်းစာကြည့်တိုက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး ၎င်းအဖွဲ့မှ ကိုယ်စားလှယ်များကလည်း စာကြည့်တိုက်သို့ပုံမှန်လာရောက်၍ စာကြည့်တိုက်ဆိုင်ရာ အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြပါသည်။

စာကြည့်တိုက်တစ်ခု သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ လက်ရှိရင်ဆိုင်နေရသော အခက်အခဲမှာ အထောက်အပံ့ရရှိရေးဖြစ်ပါသည်။ ကျေးရွာ၊ ရပ်ရွာ စာကြည့်တိုက်များတွင် လုပ်ကိုင်ရန်ခက်ခဲနေသော အရာမှာ လိုအပ်ချက်တွေများပြီး မိမိတွင်ရှိသည့် အရင်းအမြစ်က နည်းနေခြင်းဖြစ်ပါသည်။

ယခုမှ စတင်တည်ထောင်သော စာကြည့်တိုက်များ အနေဖြင့် မိမိမြို့နယ်၊ ကျေးရွာများ၏ အုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းသမားများနှင့် တွေ့ဆုံထားဖို့ လိုအပ်ပါသည်။ လူမှုအသိုင်းအဝိုင်းကို ဆွဲဆောင်စည်းရုံးနိုင်သော အရည်အချင်းနှင့်အတူ အလှူငွေပေးနိုင်၊ ထောက်ပံ့နိုင်သော အဖွဲ့အစည်းများကိုစည်းရုံး၍ စာကြည့်တိုက်ရေရှည်တည်တံ့နိုင်အောင် အထောက်အကူရရေးဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထို့အပြင် စာကြည့်တိုက်အရေး တက်ကြွလှုပ်ရှားသော မိတ်ဖက်အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြားဝင်ဆောင်ရွက်ပေးနိုင်ဖို့ လိုသလို စာကြည့်တိုက်နေရာကိုလည်း ရပ်ရွာလူထုတွေ့ဆုံရာနေရာအဖြစ် အသုံးပြုနိုင်ရန် စီစဉ်ပေးနိုင်ရမည် ဖြစ်ပါသည်။

**ကဏ္ဍ(၆) ။ အချက်အလက်များ စုဆောင်းခြင်း။**

အခြေခံအချက်တစ်ခုအနေဖြင့် စာကြည့်တိုက်တစ်ခု၏ လစဉ်အစီရင်ခံစာကို ပြုစုထားရမည်ဖြစ်ပါသည်။ လစဉ်အသုံးပြုသူအရေအတွက်၊ ငှားရမ်းသော စာအုပ်အရေအတွက်၊ အငှားအများဆုံးစာအုပ်များ၊ စာဖတ်သူအကြိုက် စာအုပ်၊ စာကြည့်တိုက်မှူးအကြိုက် စာအုပ်စာရင်းတို့ကို မှတ်သားထားနိုင်ပါသည်။ အသက်အရွယ်အလိုက် ကျား / မ၊ လူကြီး ၊ လူငယ် ၊ ကလေးများ စာကြည့်တိုက်အစီအစဉ်များတွင် တက်ရောက်မှုအခြေအနေ၊ တက်ရောက်သူဦးရေများကို မှတ်သားထားရမည် ဖြစ်ပါသည်။ စာကြည့်တိုက်အစီအစဉ်များကိုလည်း လူမှုကွန်ရက်တွင် ဓာတ်ပုံနှင့်တကွ မှတ်တမ်းတင်ထားခြင်းဖြင့် စာကြည့်တိုက်ကို လူသိအောင် ပြုလုပ်ပေးနိုင်ပါသည်။

အချက်အလက်စုဆောင်းရာတွင် စာဖတ်သူများထံမှ အကြံဉာဏ်များလည်း ပါဝင်ပါသည်။ အကြံပေးစာများအတွက် သီးသန့်အကြံပြုသေတ္တာ (Suggestion Box) ထားရှိပြီး ပေးလာသောအကြံများကိုလည်း စာကြည့်တိုက်မှူးက အရေးတယူဆောင်ရွက်ဖြေရှင်းပေးပြီး ဖြေရှင်းပြီးကြောင်းကိုလည်း စာဖတ်သူများသိရှိရန် ပွင့်လင်းမြင်သာစွာ ပြုလုပ်ပေးရမည်ဖြစ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် စာကြည့်တိုက်အစီအစဉ်များကို ရည်မှန်းချက်များချမှတ်ပြီး လုပ်ဆောင်ရမည့် စီမံကိန်းများနှင့်အတူ သုံးလတစ်ကြိမ်ရေးဆွဲထားပြီး ပြည်သူများကို အသိပေးကြေညာထားရမည် ဖြစ်ပါသည်။

**ကဏ္ဍ(၇) ။ လူအများနှင့် ထိတွေ့မှုအစီအစဉ်နှင့် အကြံဉာဏ်ပေးမှု။**

စာကြည့်တိုက်ဆိုင်ရာအချက်အလက်များ၊ အစီအစဉ်များ၊ လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ လက်ကမ်းစာစောင်များနှင့် Bulletin Boardsများ၊ လူမှုမီဒီယာများအပြင် စာကြည့်တိုက်အတွင်း၊ အပြင် နှစ်ရပ်လုံး၌ လူသိများအောင် ပြုလုပ်ပေးနိုင်ပါသည်။

စာကြည့်တိုက်လှုပ်ရှားမှုများကို ဒေသဆိုင်ရာ သတင်းစာ၊ စာနယ်ဇင်း၊ ရုပ်သံဌာန၊ အင်တာနက်တို့တွင် သုံးလတစ်ကြိမ် ဖော်ပြပေးနိုင်ပါသည်။

စာကြည့်တိုက်မှူးသည် ရပ်ရွာလူထုနှင့် ထိတွေ့နိုင်ရန် အခြားသော လှုပ်ရှားမှုများ (ရပ်ရွာအစည်းအဝေး၊ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ)တွင်ပါဝင်ပြီး စာကြည့်တိုက်က ပါဝင်ကူညီနိုင်မည့်နည်းလမ်းများကို ရှာဖွေနိုင်သူဖြစ်ရပါမည်။

စာကြည့်တိုက်လုပ်ငန်းများ၊ အစီအစဉ်များအထဲမှ အောင်မြင်မှုအရဆုံးအစီအစဉ်ကို ရေးသား၍ ဂျာနယ် သတင်းစာတို့တွင် ရေးသားဖော်ပြနိုင်ပါသည်။


ဥပမာ-မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့မှ အိပ်မက်သစ်စာကြည့်တိုက်ကို လူမှုကွန်ရက်မှတစ်ဆင့် စတင်သတိထားမိကာ ၎င်းစာကြည့်တိုက်၏ လှုပ်ရှားမှုများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှသည် ကျိုက်ထိုမြို့နယ်၏ ဂုဏ်ဆောင် ပြည်သူ့စာကြည့်တိုက်အဖြစ် ရပ်တည်ကာ အခြားစာကြည့်တိုက်များ နမူနာယူရသော ချိတ်ဆက်ဆောင်ရွက်မှုရလဒ်များကို တွေ့မြင်နေရပြီ ဖြစ်ပါသည်။ ယခုအခါ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ် ပြည်သူ့လူမှုရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သည်မှာ ဂုဏ်ယူမှတ်တမ်းတင်စရာ စံနမူနာဖြစ်ပါသည်။

ဖော်ပြပါအချက်များဖြင့် ကျေးရွာ၊ ရပ်ရွာ၊ ပြည်သူ့စာကြည့်တိုက်များ အသွင်ပြောင်းလဲရာတွင် စာကြည့်တိုက်မှူးတစ်ဦးတည်း၊ ရပ်ရွာတစ်ရွာတည်း၊ မြို့နယ်တစ်ခုတည်း အကောင်အထည်ဖော်ရန်၊ အသွင်ပြောင်းရန် မဖြစ်နိုင်ဘဲ အားလုံးဝိုင်း၍ လက်တွဲကူညီရမည် ဖြစ်ပါသည်။ ကျေးရွာ၊ ရပ်ရွာများရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် အသွင်ပြောင်းလာသော စာကြည့်တိုက်ဝန်ဆောင်မှုများကို ထိုစာကြည့်တိုက်များက ခေတ်နှင့်အညီ လုပ်ဆောင်နိုင်ရန်၊ ပြည်သူ့အစိုးရများ၊ ဒေသဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် သီးခြားရန်ပုံငွေသတ်မှတ်ပြီး တိုင်းပြည်တစ်ပြည်၏ အနာဂတ်လူပရေး၊ အသိပညာအတတ်ပညာပြည့်ဝသော လူမှုအဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးတို့တွင် ရင်းနှီးမြှုပ်နှံပြီး ပူးပေါင်းဆောင်ရွက်ပံ့ပိုးနိုင်ရန် အထူးတိုက်တွန်းလိုပါသည်။

ထိုသို့ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် ရှေ့တန်းမှ ဦးဆောင်အလုပ်လုပ်နေကြသော ပြည်သူ့စာကြည့်တိုက်မှူးများ၏ အသံနှင့် အရည်အချင်းတို့သည် အရေးအကြီးဆုံး အင်အားအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ကြောင်း ဂုဏ်ယူစွာ ရေးသားမှတ်တမ်းတင်အပ်ပါသည်။ ။

# Times Link Training Center

01 - 515611
01 - 515622




ဗဟန်းမြို့နယ်ရှိ ဓမ္မစေတီလမ်း နှင့် လင့်လမ်းထောင့်တွင် တည်ရှိသော Times Link Training Center သည် သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ Bank လူနေအိမ်များ နှင့် အခြားသော စားသောက်ဆိုင်များ၊ ဆိုင်ခန်းများဖြင့် ဖွဲ့စည်းထားသော အဆင့်မြင့် Condominium ကြီးဖြစ်သည့်အပြင် ရန်ကုန်မြို့၏ အချက်အချာကျသောနေရာတွင်တည်ရှိပြီး ကျောင်းသူ၊ကျောင်းသားများသာမက လာရောက်လည်ပတ်အပန်းဖြေလိုသူများအတွက် အလွယ်တကူသွားလာနိုင်သော နေရာတစ်ခုဖြစ်သည်။

Times Link Training Center တွင် Benchmark Management College International (BMCI) ၊ Shichida (Whole Brain Development School) ၊ Baby Steps Myanmar ၊ Japan Innovation Academy Yangon (JIA) ၊ Kyoshin Language Academy နှင့် Sport Light Innovation Hub အစရှိသော သင်တန်းများကို ဖွင့်လှစ်ထားသောကြောင့် လာရောက်လေ့လာရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

Times Link Training Center အကြောင်းကို အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁၅၁၅၆၁၁ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည့်အပြင် "Times Link Yangon" facebook page - [illegible] တွင်လည်း ဝင်ရောက်လေ့လာနိုင်ပြီဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။



## ငွေရည်ပုလဲသကြားကုမ္ပဏီလီမိတက်

ပြည်တွင်းသကြားစက်များမှ စံချိန်စံညွှန်းနှင့်အညီထုတ်လုပ်သော
ဆင်းရွှေလီ သကြားဖြူ (White Sugar) ကို
လက်လီ၊ လက္ကား ဝယ်ယူနိုင်ပါသည်။




**အရောင်းဌာန**

အမှတ် (၁၅၇)၊ ၃၃လမ်း၊ ၇၅×၇၆ ကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
✆ ၀၂-၄၀၇၁၀၀၃
📱 ၀၉-၄၄၄၀၄၁၁၁၃၊ ၀၉-၉၇၄၄၇၇၉၉၉

**စက်ရုံ**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ အင်းပိုင်းကျေးရွာ၊

FDA ထောက်ခံချက်အမှတ် – ၈၅/၁၆၁၂၅/ထလ







## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

[illegible]


**EAZY DRIVE**
(အမျိုးသမီးသီးသန့်)
(ကားမောင်းအမြန်ရက်တိုသင်တန်း)

- ရန်ကုန်မြို့ထဲ လမ်းများပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ပြီး၊ ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် ကားပါကင် အမြန်ထိုးနိုင်အောင် စနစ်တကျ တစ်ဦးချင်း သီးသန့်သင်ပေးသည်။(သင်္ကြန်ပိတ်ရက် အထူးအမြန် သင်ပေးသည်။)

ဖုန်း-၀၉-၂၆၄၈၀၇၆၉၉

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534

GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း


## အများသိရှိစေရန်

ကျွန်တော် ဦးမြင့်ဟန်[၁၂/ရကန(နိုင်)၀၂၆၁၄၉]နှင့် ဒေါ်သွယ်သွယ်ဦး[၁၂/သလန(နိုင်)၀၀၀၅၉၇]တို့သည် ၁၉၉၇-ခုနှစ်တွင် တရားဝင်လက်ထပ်၍ (၁၆)နှစ်အရွယ်ရှိ သမီးတစ်ဦးတည်းမွေးဖွားပါသည်။ လင်မယားသဘာဝ စကားများကြခြင်းသာဖြစ်ပါသည်။ ကျွန်တော် ဦးမြင့်ဟန်နှင့်ဒေါ်သွယ်သွယ်ဦးတို့သည် နှစ်ဦးသဘောတူ ကွာရှင်ခြင်း၊ တရားဝင်ကွာရှင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ဟန်
ဖုန်း-၀၉-၂၅၀၃၅၆၆၅၅


အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကင်းမြို့နယ် ၊ ရွှေသစ္စာလမ်း ၊ (၁၃)ရပ်ကွက်၊ ပြည့်မြန်မာစံကွန်ဒို၊ တိုက်အမျိုးအစား (ဂျ)ထပ်ခွဲ၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ် (7-B) ၊ ၈-လွှာ (ခြေရင်းခြမ်း) ဟု ခေါ်တွင်သော ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် အနိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို **ဒေါ်မိုးမိုးကျော်** (၁၂/ရကန(နိုင်)၀၄၇၁၉၆) မှ ဝိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်းနှင့် ဖြန့်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်စုမြတ်မောင်** (LL.B) ၊ (စဉ်-၄၄၅၉၃)
**အထက်တန်းရှေ့နေ**
အမှတ် (၂၇) ၊ မြရတနာ (၇) လမ်း ၊ (ခ) ရပ်ကွက် ၊
မြောက်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၄၂၈၀၂၂၇၈၄

# (၈) နှစ်ပြည့်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးဇေယျကျော်ထင် သိန်းညွန့်

ဒုတိယဝန်ကြီး(ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)

၉-၄-၂၀၁၁ မှ ၉-၄-၂၀၁၉

စိတ်ထားလှသူ အန်ကယ်ကြီးကွယ်လွန်သွားတာ (၈)နှစ်ရှိခဲ့ပြန်ပါပြီ။ အန်တီမူကို စိတ်ချသွားပြီဆိုတဲ့ အိမ်ခန်းလေးမှာ နေထိုင်ရင်း ကိုယ့်ခန္ဓာကိုယ်က ကိုယ့်ကို ဆုံးမနေတာ သိရပါတယ်။

ယခုဘဝရဲ့ အဖြစ်အပျက်ဒုက္ခကိုမြင်ပြီး နောက်နောင်ဘဝကို မလိုချင် မတောင့်တတော့ဘဲ ပျော်သူတွေကြားမှာ မပျော်အောင်နေရင်း ထိတ်လန့်တဲ့ သံဝေဂများရနေပါတယ်။

ပြုနိုင်သမျှ ကုသိုလ်ကောင်းမှုများကို ပြုနေပါတယ်။ ထိုကုသိုလ်ကောင်းမှုများကို အထူးအမျှပေးပါတယ်။

မြင့်မြတ်သောဘုံဘဝမှ စိတ်ထားလှသူ အန်ကယ်ကြီး ဝမ်းမြောက်ဝမ်းသာ သာဓုအကြိမ်ကြိမ်ခေါ်ဆိုပါ။

အမျှ-အမျှ-အမျှ

**ဇနီး-ဒေါ်မူမူဆွေ (မြစန္ဒာရတနာ)**

---

ရဟန်းဒါယကာ

## ဦးကျော်အောင်

လေ/၆၇၉၆၊ အစတကက-ငြိမ်း

**အသက် (၈၄) နှစ်**

မြစ်သားမြို့နယ်၊ သပြေတောင်းကျေးရွာနေ (ဦးအောင်မြို့-ဒေါ်အေးသောင်)တို့၏သမီး၊ မိတ္ထီလာမြို့နေ (ဦးစိုးမင်း-ဒေါ်ဖွားရင်)တို့၏ သားသမက်၊ ဗိုလ်မှူးမြင့်စိုး (ငြိမ်း)-ဗိုလ်ကြီးခင်စန်းယု(ငြိမ်း၊ ခေတ္တ-စင်ကာပူ)၊ ဦးကျော်နိုင်-(ဒေါ်အေးအေးမော်)၊ ဒေါ်စန်းစန်းမော်၊ တပ်ကြပ်ဝင်းနိုင်-ဒေါ်စန်းတင့်၊ (တပ်ကြပ်ကြီးတင်ထွန်းလွင်)-ဒေါ်ခင်မိုးမိုး၊ ဗိုလ်ကြီးသန်းတိုက်-ဒေါ်လှလှဝင်း၊ ဒုဗိုလ်မှူးကြီး/ဗိုလ်မှူးစိုးနိုင်-ဒေါ်အိရွှေစင်၊ ဦးသန်းထွေး-ဒေါ်ပန်းအိဖြူတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ မိတ္ထီလာမြို့ အောင်ဇေယျာ(၁၂)နယ်မြေ၊ စကြာလမ်းနေ ဒေါ်လှရီ၏ခင်ပွန်းသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အောင်မြင်သာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းဝင်း

မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)

**အသက် (၉၀)**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ (ဦးစိန်ဒါ-ဒေါ်စိန်)တို့၏ သား၊ (ဦးကျော်ငြိမ်း-ဒေါ်ခင်စန်း)၊ (ဦးစိုးထွန်း)-ဒေါ်ခင်သောင်းတို့၏ ညီ/အစ်ကို၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ကံ့ကော်မြိုင်(၁)လမ်း၊ အမှတ်(၇၁)၊ တိုက်(A-2)နေ ဒေါ်လှခင်၏ခင်ပွန်း၊ ဦးရဲထွန်း၊ ဦးမြင့်အောင်တို့၏ ဖခင်သည် ၈-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းဝင်း (မြိတ်)

[လ/ထ ညွှန်ကြားရေးမှူး-စွမ်းအင်ဝန်ကြီးဌာန-ငြိမ်း]

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၉၈)၊ ဒုတိယထပ်နေ (ဦးကျင်ရီ-ဒေါ်အုန်းကြည်)တို့၏ သားကြီး၊ (ဦးဟင်ဂ့ါ-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ မောင်နေအောင်၊ မောင်ပြည့်ဖြိုး-သင်းမီမီစိုးတို့၏ မွေးသဖခင်၊ မသူသူဖြိုးဟန်၊ မယွန်းမီမီစိုး တို့၏ အဘိုး၊ စင်္ကာပူနိုင်ငံနေ ဦးကျော်ဝင်း-ဒေါ်ခင်သန်းရီ၊ ဒေါက်တာမြင့်ဆွေ-ဒေါ်လှစိန်၊ ဒေါ်ဝင်းကြူ၊ စင်္ကာပူနိုင်ငံနေ ဦးစန်းဝင်း-ဒေါ်ကျင်ရီတို့၏ အစ်ကို၊ ဒေါ်ရှုဟုန်၏ခင်ပွန်း ဦးထွန်းဝင်းသည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉း၁၀ နာရီတွင် ရန်ကုန်မြို့ ဂရမ်းဟံသာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ လမ်းမတော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရီ

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ်(၁၃၁၁)၊ စွယ်တော်လမ်းနေ ဦးဉာဏ်ထွန်း ၏ ဇနီး၊ ကိုအောင်မျိုးသက်-မဥမ္မာထွန်း၊ ကိုမောင်မောင်ဆန်း-မယမင်းထွန်းတို့၏ မိခင်၊ မောင်ဘုန်းမင်းနေလ၊ မသီဂီနေလ တို့၏ အဘွားသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယကာကြီး

## ဦးကြင်သိန်း

**အသက်(၇၄)နှစ်**

G.E (ငြိမ်း)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၂)ရပ်ကွက်၊ အေးမြသာယာလမ်း၊ ခြံအမှတ်(၁၇)နေ (ဦးလှမောင်-ဒေါ်မမ)တို့၏ သား၊ ဦးပေါ်သစ်-ဒေါ်ခင်အေး၊ ဦးမြသိမ်း-ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဒေါ်တင်တင်နွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမြင့်ဦး၊ ကိုညီညီတင့်ဆွေ-မအေးအေးသန့်၊ ကိုဝေဖြိုးလင်း၊ ကိုရာဇာလင်းသိန်းတို့၏ ဖခင်၊ မမေသုခ (အထက-၂၊ ရန်ကင်း)၊ မောင်သက်တန့်ညီညီ (အထက-၂၊ ရန်ကင်း)တို့၏အဘိုး ဦးကြင်သိန်းသည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစောအိစိန် (B.E-Civil, 1974)

ဆည်မြောင်းဦးစီးဌာန (ငြိမ်း)

**အသက် (၇၀)**

အောင်လံမြို့နေ (ဒေါက်တာဦးစောထွန်းစိန်-ဒေါ်ဆုံရှင်)တို့၏ သား၊ ဦးစောပေါက်စိမ်း-ဒေါ်မိမိခိုင်၊ ဦးမောင်မောင်ခင်-ဒေါ်နော်စီစီတို့၏ ညီ/မောင်၊ ဦးစောမြင့် စိန်၊ (ဦးစောကြည်ထွန်း)၊ ဦးစောမြင့်ဇော်-ဒေါ်ကျင်ငွေတို့၏ အစ်ကို၊ ပြင်ဦးလွင်မြို့နေ [ဗိုလ်ကြီးဗဟိန်း(ငြိမ်း)-ဒေါ်သန်းသန်းမြင့်]တို့၏ သားသမက်၊ ဒေါ်ခင်မြသွေး၊ ဦးမျိုးသန့်၊ ဒေါ်ချယ်ရီမြင့်၊ ဦးမင်းနိုင်တို့၏ အစ်ကို၊ ရန်ကုန်မြို့ အခန်း(၂၁)၊ တိုက်(၇၇/၈၃)၊ မန္တလေးလမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါက်တာနုနုကြည် (M.B.B.S-Mdy)၏ ခင်ပွန်း၊ ဒေါက်တာစောပြည့်ဟိန်း(ZONE Architectural Consultaney)၏ ချစ်လှစွာသောဖခင် ဦးစောအိစိန်သည် ၅-၄-၂၀၁၉ (သောကြာနေ့) ည ၇း၄၀ နာရီတွင် ပင်လုံဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၆-၄-၂၀၁၉ ရက်တွင် ဇဟိုရ်နာမာဇ်အပြီး ရေဝေးကဘာရ်စသာန်(န်)ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး

## ဦးမျိုးမြင့်

တိုင်းဥပဒေအရာရှိ-ငြိမ်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ခရမ်းမြို့နယ်၊ တွဲဖက်အတွင်းရေးမှူး

မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့-ဥက္ကဋ္ဌ

**အသက် (၇၀)**

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၇၃)နေ (ဦးမိုးသီး-ဒေါ်သန်း)တို့၏ သား၊ ကံဘဲ့ကျေးရွာနေ (ဦးလူရင်-ဒေါ်စောညွန့်)တို့၏ သားသမက်၊ ခရမ်းမြို့နေ ကိုစောသူရ-မအေးစုစုလှိုင်၊ ကိုသက်ခိုင်မင်း(မှုအုပ်၊ မူလွန်-ကျုံတူး)-မခက်ခက်မြင့်(မူလွန်-စက်သစ်)၊ ကိုကျော်နိုင်ဝင်း (ဒု-ဦးစီးအထွေထွေအုပ်ချုပ်ရေး)-မဇာဇာမျိုးလှိုင်(မူလွန်-စက်သစ်)၊ မထိုက်ဟေမာမြင့်၊ ကိုမျိုးထွန်းလင်း(မြို့နယ်တရားသူကြီး-ရမ်းဗြဲမြို့)-မဝတ်မှုံဖြူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ ဒေါ်တင်လှိုင်(လယ်ပြ-ငြိမ်း)၏ခင်ပွန်း ဦးမျိုးမြင့်သည် ၈-၄-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်းမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီး ချစ်ကိုကို (ကြည်း-၄၇၂၀၆)

**အသက်(၃၁)နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ အမှတ်(၁၂၁၂)၊ အောင်သုခ (၂၄)လမ်း၊ ၆/အရှေ့ရပ်ကွက်နေ ဦးသန့်ဇင်-ဒေါ်ကျင်မိတို့၏ သားကြီး၊ ဦးတင်အေး-ဒေါ်ညိုတို့၏ သားသမက်၊ မရွှေဇင်မေ(ခ)ဖူးဖူး၏အစ်ကို၊ ဒေါ်ငယ်ငယ်ထွေး၏ခင်ပွန်း၊ မလင်းလက်ကိုကို၏ မွေးသဖခင်သည် ၅-၄-၂၀၁၉ (သောကြာနေ့) ည ၈ နာရီတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဦးတင့်အောင် (ခ) ဦးရှင်ဟိုး

**အသက် (၈၄) နှစ်**

သူငယ်ချင်း ဒေါက်တာမျိုးမြင့်နိုင်၏ဖခင် ဦးတင့်အောင် (ခ) ဦးရှင်ဟိုးသည် ၄-၄-၂၀၁၉ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၉၃ M.B.B.S ဆေး-၂ သူငယ်ချင်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှရီ(မြိတ်)

**အသက်(၈၂)နှစ်**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)မှ သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးခင်ဇော်(ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ခင်မေစုတို့၏မိခင် ဒေါ်လှရီ(မြိတ်) အသက်(၈၂)နှစ်သည် ၆-၄-၂၀၁၉ ရက် နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

# အထူးကျေးဇူးတင်ရှိခြင်း

## ဒေါက်တာသံဒိုင်

ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

**အသက် (၇၄) နှစ်**

၂၆-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာသံဒိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၏နာရေးကိစ္စအဝဝအား ဝမ်းနည်းခြင်းနှင့်အတူ လူကိုယ်တိုင်နေအိမ်၌ လာရောက်တွေ့ဆုံနှစ်သိမ့်အားပေးခြင်း၊ တယ်လီဖုန်းဖြင့် မေးမြန်းခြင်းနှင့် သတင်းစာများတွင် ဝမ်းနည်းကြောင်း ကြော်ငြာထည့်ခြင်း၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ဝတ္ထုနှင့်ပန်းခြင်းပေးပို့ခြင်း၊ နာရေးသို့မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ပေးကြသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၊ တပည့်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီကြခြင်းနှင့် ၁-၄-၂၀၁၉ (တနင်္လာနေ့)တွင် နေအိမ်၌ ပြုလုပ်သော ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ ကြွရောက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ လိုအပ်ချက်များ မပြည့်စုံမှုများအတွက်လည်း နားလည်ခွင့်လွှတ်ပေးပါရန် ညှိုးငယ်သော စိတ်ထားဖြင့် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးချစ်ကိုကို (ခမရ-၃၇၃)

ကြည်း-၄၇၂၀၆ DSA(၄၉)

**အသက်(၃၁)နှစ်**

လာချိန်ရှိသလို ပြန်ချိန်ရှိတယ်ဆိုပေမဲ့ ၅-၄-၂၀၁၉ ရက်မှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရင်း အစောကြီးထွက်ခွာသွားတဲ့သူငယ်ချင်းကို နှမြောစွာနဲ့ ငါတို့ရင်ထဲက အမြဲတမ်း အမှတ်ရနေမှာပါ။ သူငယ်ချင်း ဗိုလ်ကြီးချစ်ကိုကို ကောင်းရာသုဂတိ လားပါစေကွာ။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၉)ဗိုလ်လောင်းသင်တန်း**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

အာနိစ္စ

## ဒေါ်သုန်ကြူ(ခ) ဒေါ်ချောင်တောင်ချောင်

**အသက်(၁၀၅)နှစ်**

ရန်ကုန်မြို့ လသာမြို့နယ်၊ အမှတ် (၁၈/၂၂)၊ (၂၃)လမ်းနေ ဦးမောင်စိန်၏ ဇနီး၊ (ဦးတင်ဦး)-ဒေါ်အေးစန်း၊ (ဦးစိုးမြင့်)-ဒေါ်ယဉ်ယဉ်၊ ဦးဟန်ဝင်း-ဒေါ်မြမြအေး၊ ဒေါ်သန်းသန်းနု၊ ဒေါ်ဝင်းဝင်းလွင်၊ ဒေါ်ဝင်းဝင်းငွေ၊ ဦးပုတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား ဒေါ်သုန်ကြူသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း (ရန်ကုန်)

## ဦးထွန်းဝင်း (မြိတ်)

အသင်းဝင်အမှတ်(၄၂၀၁)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၇၉၈)၊ ဒုတိယထပ်နေ ဒေါ်ရှုဟုန် (အသင်းဝင်အမှတ်-၄၂၀၂)၏ ခင်ပွန်းသည် ၇-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးနေအောင်

တပ်မတော်ရေ(ငြိမ်း)

အဏ္ဏဝါနာရေးကူညီမှုအသင်းဝင်

အမှတ် (၀၁၈၂)

**အသက် (၇၆) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးပြုံးချို-ဒေါ်တင်အိ)တို့၏ သား၊ ဒေါ်ကြည်လှိုင်၏ခင်ပွန်း၊ ဦးသိန်းငွေ၊ (ဦးသိန်းရွှေ)၊ ဒေါ်မြရွှေ၊ (ဦးသိန်းကြွေ)၊ (ဦး စိန်ဝင်း)တို့၏ညီ/မောင်၊ ကိုကျော်နိုင်ထွန်း-မစန္ဒာဝင်း၊ ကိုထွန်းလင်းအောင်၊ ကိုရန်နိုင်စိုး-ဒေါ်မာလာအောင်တို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ်(၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်အောင် (ခ) အောင်မျိုးဇော်

(ဝါးခယ်မမြို့)

**အသက် (၄၆) နှစ်**

ဝါးခယ်မမြို့ ပတ္တမြားရပ်ကွက်၊ ဘုရားကြီးလမ်း၊ အမှတ် (၁၂၄)နေ ဦးကြင်လှ-(ဒေါ်ခင်စိန်)တို့၏ သား၊ ဦးနိုင်ဦး-ဒေါ်မြတ်မြတ်အေး၊ ဗိုလ်မှူးလှမျိုး (ငြိမ်း)-ဒေါက်တာမေခိုင်ရဲနောင်၊ ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)-ဒေါ်စန်းစန်းတို့၏ညီ၊ ဒေါ်ခိုင်ခိုင်စိုး၏ ခင်ပွန်း ဦးအောင်အောင်(ခ)အောင်မျိုးဇော်သည် ၈-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အနှစ်(၂၀) အလွမ်း

## ဒေါ်မြင့်မြင့်မာ

၉-၄-၁၉၉၉

မိသားစုနဲ့ ခွဲခွာခဲ့တာ အနှစ်(၂၀)တိုင်ခဲ့ပေမယ့် အချစ်မပြယ်နိုင်ကြသေးပါ။ ချစ်မြေးလေးတွေနဲ့ ကြည်နူးရတိုင်း တမ်းတမိရပါတယ်။ ခွဲခွာသည့်နေ့မှ ယနေ့ထက်တိုင်ပြုသမျှ ကုသိုလ်အစုစု သာဓု ခေါ်နိုင်ပါစေ။

ချစ်ခင်ပွန်း - ဦးသန်းအေး
ချစ်သမီးကြီး - မမြင့်မွန်အေး
ချစ်သမီးလေး- ကိုလူဟန်၊ မသက်မွန်အေး
ချစ်သားငယ် - ကိုနေလွင်အေး၊ မကေဇင်
ချစ်မြေးလေးများ- ဇွဲဟိန်းထက် Dexter
စွမ်းရည်သန့် Ethan

---

## တစ်လပြည့်အထူးလွမ်းဆွတ်သတိရခြင်း

(၁၀-၃-၂၀၁၉)ရက်တွင် ကွယ်လွန်သွားခဲ့သော ရန်ကုန်မြို့ သီရိကွန်ဒိုနေ ငယ်သူငယ်ချင်း ဒေါက်တာမသွင်ဦး၏ ကွယ်လွန်ခြင်းတစ်လပြည့်အခါသမယတွင် လေ့ကျင့်ရေးအလယ်တန်းကျောင်း (စံပြကျောင်း)၊ မန္တလေးမြို့မှ သူငယ်ချင်းများက အထူးကြေကွဲဝမ်းနည်း လွမ်းဆွတ်သတိရမိပါသည်။

**လေ့ကျင့်ရေးအလယ်တန်းကျောင်း (စံပြကျောင်း)**
**ငယ်သူငယ်ချင်းများ။**
**မန္တလေးမြို့။**

# အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြား

နေပြည်တော် မေ ၈

**အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေးနှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလှကျော်၊ ဦးသာဦး၊ ဒေါက်တာထွန်းနိုင်၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳





ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ၏ (၁/၂၀၁၉)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ပဉ္စမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC)၏ ပဉ္စမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျ ထုတ်ဝေမည်

**နေပြည်တော် မေ ၈**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ (စနေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် စာမျက်နှာ ၄ ကော်လံ ၃ သို့ ❍




ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၉၊ ၂၀၁၉ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ

**အစိုးရသစ် တာဝန်ထမ်းဆောင်သည့် သုံးနှစ်ပြည့်မြောက်သည့် အချိန်အထိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အပြောင်းအလဲများကို ဖော်ဆောင်ရန်အတွက် ပြည်သူများနှင့်အနီးစပ်ဆုံးဖြစ်အောင် ကြိုးစား၍ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရှေ့ဆက်၍လည်း ပူးပေါင်းဆောင်ရွက်နေဦးမည်ဖြစ်သည်။**

**သတင်းဆောင်းပါး - နိုင်လင်းကြည်၊ ဓာတ်ပုံမှတ်တမ်းစုစည်း - အေးသန်း**

ဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်း၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်နိုင်သည့် လူမှုကာကွယ်စောင့်ရှောက်မှုများ၊ ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးရန်နှင့် ကျရောက်ပါက အလျင်အမြန်ကူညီပေးခြင်း၊ မူလထက် ပိုမိုကောင်းမွန်သော အခြေအနေ ပြန်လည်ရောက်ရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

လူမှုဒုက္ခများ၊ ဘေးအန္တရာယ်ခံစားရမှုများတွင် ထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် အလွန်အရေးကြီးသည်ကို သိရှိသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် မူလက လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နှစ်ခုသာ ရှိရာမှ ပြန်လည်ထူထောင်ရေးဦးစီးဌာနအသစ်ကို ၂၀၁၈ ခုနှစ်တွင် ထပ်မံဖွဲ့စည်းဖွင့်လှစ်ခဲ့သည်။

ပြည်သူကို တိုက်ရိုက်အကျိုးရှိမည့် လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်၏ ဘတ်ဂျက်ရရှိငွေကို မူလက ၀ ဒသမ ၀၉ ရာခိုင်နှုန်းမှ အစိုးရသစ်လက်ထက် တတိယနှစ်တွင် ၀ ဒသမ ၄၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိခဲ့သည်။

ပြည်သူ့ဘဏ္ဍာကို ပြည်သူ့ထံသို့ အလေအလွင့်မရှိ ရောက်ရှိအောင် ဆောင်ရွက်ရာတွင် မိမိတို့ ဝန်ကြီးဌာန၏ ဝန်ထမ်းအင်အား နည်းပါးသည့်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ အင်အားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပြည်သူများ အပြည့်အဝခံစားရရှိရန် ကြိုးပမ်းလျက်ရှိရာ ပြည်သူများ၏ တုံ့ပြန်သံများဖြင့် ပိုမိုထိရောက်သော နည်းလမ်းများကို ကြံဆဆောင်ရွက်လျက်ရှိသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲရာတွင် အထောက်အထား အခြေပြု သုတေသနရလဒ်များအပေါ်တွင် အခြေခံရန် လိုအပ်သဖြင့် သုတေသနစင်တာကို ဖွင့်လှစ်ပြီး ယင်းစင်တာမှ Protocol and Ethics Board (PEB)က သုတေသနစာတမ်းလေးခု အတည်ပြုဆောင်ရွက်နိုင်ခဲ့သည်။ MCCT၊ Social Cohesion၊ Survey on Earthquake နှင့် Rakhine Joint Assessment တို့နှင့်ပတ်သက်၍ လက်တွေ့အကျိုးပြုနိုင်သည့် စာတမ်းများကို ပြုစုနိုင်ခဲ့သည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ပြည်သူလူထု၏ လိုအပ်ချက်နှင့် အကျိုးပြုမှုကို စိစစ်ကွပ်ကဲနိုင်ရန် စီမံကိန်းအကောင်အထည်ဖော် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဖွဲ့စည်းပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း ၁၄ ဖွဲ့ကို စိစစ်နိုင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိနိုင်ရန် နိုင်ငံတကာမှ အစိုးရအဖွဲ့ဝင်များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ၍ မူဝါဒဆိုင်ရာများ၊ နည်းပညာဆိုင်ရာများတွင် အပြုသဘောဆောင်သော ဆွေးနွေးမှုများမှ တစ်ဆင့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ကိုယ်ဝန်ဆောင်ချိန်မှ မွေးဖွားပြီး အသက်ရှစ်နှစ်အထိ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။

**ကလေးသူငယ်ပြုစု ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း**

ကိုယ်ဝန်ဆောင်ချိန်မှ မွေးဖွားပြီး နှစ်နှစ်အထိ လူသားဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလတွင် ဦးနှောက်ဖွံ့ဖြိုးမှု အမြင့်မားဆုံးကာလဖြစ်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်အထိ အာဟာရပညာပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းကို မိခင်တစ်ဦးလျှင် တစ်လငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ချင်း၊ ရခိုင်နှင့် နာဂ တို့တွင် စတင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ကရင်နှင့် ကယားပြည်နယ်တို့တွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ အစိုးရရန်ပုံငွေမှ ငွေကျပ် ၁၇ ဒသမ ၈၃၂ ဘီလီယံနှင့် နိုင်ငံတကာ ရန်ပုံငွေမှ ငွေကျပ် ၅ ဒသမ ၅၉၂ ဘီလီယံ ထောက်ပံ့နိုင်ခဲ့သည်။

အသက် ခြောက်လမှ သုံးနှစ်အထိ နေ့ကလေးထိန်းအရွယ်နှင့် မူကြိုကျောင်း မရှိသော ဒေသများရှိ သုံးနှစ်မှ ငါးနှစ်အထိ ကလေးများအတွက် နည်းစနစ်မှန်စွာ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းကို ဆောင်ရွက်နိုင်ရန် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် မိခင်ဝိုင်း ၆၅၀ အထိ အရှိန်အဟုန်မြှင့်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုလေ့လာစဉ်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လွှမ်းခြုံမှု ပိုမိုမြင့်မားလာရန်နှင့် ဘဝတစ်သက်တာ အခြေခံအလေ့အကျင့်ကောင်းများရရှိရန် အတွက် မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတွင် ရပ်ရွာအခြေပြုကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို အစိုးရ၏ အသိအမှတ်ပြု ပံ့ပိုးကူညီမှုဖြင့် ၁၀၂၅ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နည်းစနစ်ကျသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်မှု လွှမ်းခြုံမှု မြင့်မားလာရန် ဆရာဖြစ်တစ်လသင်တန်းများကို ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် မြို့နယ် ၂၀၀ အထိ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

**ရှေ့ပြေးအစီအစဉ်**

ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုမရှိသော ကလေးသူငယ်များကို စောစီးစွာသိရှိပြီး အချိန်မီလိုအပ်သော ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နိုင်ရန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်း (Early Childhood Intervention - ECI)ကို ရန်ကုန်၊ ဧရာဝတီ၊

အထူးကဏ္ဍ [ ခ ] သို့ »»



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ ကော့သောင်းမြို့၌ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိခင်ဝိုင်းအသစ်ဖွင့်လှစ်ခြင်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ကလေးငယ်များအတွက် အာဟာရမုန့်များနှင့်ကစားစရာအရုပ်များ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ ရပ်ကွက်ကျေးရွာများတွင် ရွေ့ပြောင်းအစီအစဉ်အရ ကလေးသူငယ် ၈၅၁ ဦးကို အိမ်တိုင်ရာရောက် စစ်ဆေးပံ့ပိုးပေးလျက်ရှိသည်။

ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများကို မွေးစမှ အသက် ၁၀ နှစ်အထိ ကလေးပြုစုရေးဌာန ခုနစ်ခုနှင့် အသက် ၁၈ နှစ်အောက် ကလေးသူငယ်များအား လူငယ်သင်တန်းကျောင်း ၁၀ ကျောင်းဖွင့်လှစ်၍ ပြုစုစောင့်ရှောက်ပေးလျက်ရှိရာ အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း (မိဘရင်းသဖွယ် ခေတ္တလက်ခံ ပြုစုစောင့်ရှောက်ပေးခြင်းနည်းလမ်း)ကို ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် ဇွန်လတွင် စီမံချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ဒလ၊ အင်းစိန်၊ လှိုင်သာယာနှင့် မြောက်ဥက္ကလာပမြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီး၌ မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်များတွင် စတင်အကောင်ထည်ဖော်လျက်ရှိသည်။

နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ကလေး ၁၀၀ ဆံ့ စံနမူနာပြကလေးပြုစုရေးဌာနတစ်ခုကို ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)၏ ဦးဆောင်မှု၊ အလှူရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုများဖြင့် ဖွင့်လှစ်နိုင်ရန် အဆောက်အအုံ စတင်ဆောက်လုပ်လျက်ရှိပြီး ၎င်းကို တစ်ကိုယ်ရေမိခင်များနှင့် ရင်ခွင်မဲ့ကလေးငယ်များကို စနစ်တကျစောင့်ရှောက်ရန် အသုံးပြုသွားမည်ဖြစ်သည်။

**လူငယ်စောင့်ရှောက်ရေးလုပ်ငန်း**

မြန်မာနိုင်ငံရှိ လူငယ်ထုတစ်ရပ်လုံးအတွက် လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲသည့် လူငယ်ရေးရာမူဝါဒကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် မိတ်ဆက်ဖြန့်ချိ၍ ၎င်းမူဝါဒပါ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကျား - မ ရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စများတွင် လူငယ်များကိုယ်တိုင် ပါဝင်ဆုံးဖြတ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ညှိနှိုင်းဆွေးနွေးအတည်ပြုမည်ဖြစ်သည်။

**အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး**

အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖြစ် အမျိုးသမီးအရေး တက်ကြွစွာ လှုပ်ရှားလျက်ရှိသောအဖွဲ့ ခုနစ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အရ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကော်မတီ(CEDAW)၏ ရခိုင်ပြည်နယ်ဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်းပြီး သီးခြားအစီရင်ခံစာတင်သွင်းရန် မေတ္တာရပ်ခံချက်အရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကော်မတီ (၇၂)ကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သွားရောက်ဆွေးနွေးဖြေကြားခဲ့သည်။

ကယ်ဆယ်ရေးစခန်းများနှင့် IDP Camp များအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဝင်ငွေရအလုပ်အကိုင်များကို ၂၀၁၈ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။

အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် အခြေခံနှင့်အဆင့်မြင့် စက်ချုပ်၊ မြန်မာ့အစားအစာနှင့်မုန့်မျိုးစုံ၊ ဇာထိုးပန်းထိုး၊ သီးယိုဆီစိမ်၊ ပန်းအလှပြင်သင်တန်းများကို ရပ်ရွာအခြေပြုနှင့် ဌာနအခြေပြုတို့ဖြင့် ၂၀၁၈ ခုနှစ်အတွင်း တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ ကျား-မရေးရာ၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂)၏ နောက်ဆုံးလေးနှစ်(၂၀၁၉-၂၀၂၂)ဆိုင်ရာ အသိပညာပေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဝန်ကြီးဌာနများတွင် ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် အမည်သစ်ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေး ၁၆ ရက်တာ လှုပ်ရှားမှုများကို နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အသိပညာပေးမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူများ၏ လိုအပ်ချက် ပြဿနာကို ပိုမိုသိရှိဖော်ထုတ်ပြီး ပြည်သူ့အသံနားထောင်နိုင်ရန် ၂၄ နာရီ သတင်းရယူနိုင်သော Help Line ၀၆၇ - ၃၄၀၄၂၂၂၊ ၀၆၇ - ၃၄၀၄၉၉၉ တို့ကို ဖွင့်လှစ်၍ ကူညီပံ့ပိုးပေးခြင်း၊ သက်ဆိုင်ရာများသို့ ချိတ်ဆက်လမ်းညွှန်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် သတင်းအချက်အလက် ပိုမိုရရှိခဲ့ပြီး ပြဿနာများကို ဖြေရှင်းနိုင်ခဲ့သည်။

နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်သူများအတွက် ဝန်ဆောင်မှုများ တစ်နေရာတည်းတွင် ရရှိနိုင်သည့်စင်တာ (One Stop Women Support Center - OSWSC) များကို ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များတွင် ဖွင့်လှစ်ထားရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် လားရှိုးနှင့် ဘားအံမြို့တို့တွင် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စင်တာများတွင် အမျိုးသမီး ၉၀ ကို လက်ခံစောင့်ရှောက်ပေးနိုင်ခဲ့ပြီး ဆင်းရဲနွမ်းပါးသူ ၆၀ ကို ဘဝရပ်တည်နေထိုင်နိုင်ရန် ပံ့ပိုးမှုစုစုပေါင်းငွေကျပ် ၂၆ ဒသမ ၂၄ သန်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

**လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ပေးအပ်မှုများ**

စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၂၂၅ ခု၊ မသန်စွမ်းဂေဟာ ၁၂ ခု၊ ဘိုးဘွားရိပ်သာ ၈၀၊ အမျိုးသမီးဂေဟာ ၁၃ ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၀၂၅ ကျောင်းတို့ကို ငွေကျပ် ၂၂၉၉ ဒသမ ၉၅၅ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့သည်။

ကိုယ်ဝန်ဆောင်မိခင် ၆၂၂ ဦးကို ငွေကျပ်သန်း ၂၁ ဒသမ ၅၄၅ သန်း၊ အသက် ငါးနှစ်အောက် ကလေးငယ် ၁၂၀၁ ဦးကို ငွေကျပ်သန်း ၄၆ ဒသမ ၉၉၀၊ မသန်စွမ်း ၄၃၁၂၈ ဦးကို ငွေကျပ် ၁၂၉၁ ဒသမ ၃၈၅ သန်းနှင့် အမျိုးသမီး ဦးဆောင်သော မိသားစု ၅၇၈၅ စုကို ငွေကျပ် ၁၁၄ ဒသမ ၈၅၅ သန်း စုစုပေါင်း ငွေကျပ် ၁၄၇၂ ဒသမ ၁၂၃ သန်း ထောက်ပံ့နိုင်ခဲ့သည်။

ဘိုးဘွားများအတွက် လစဉ်လူမှုရေးပင်စင် ထောက်ပံ့မှုများကို ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံး အသက် ၉၀ နှစ်နှင့် အထက် ထောက်ပံ့ရာမှ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် အသက် ၈၅ နှစ်နှင့်အထက်သို့ အသက်လျှော့ချထောက်ပံ့ခဲ့ရာ အကျိုးခံစားခွင့်ရှိသူ ဘိုးဘွား ၁၆၈၅၇၈ ဦးကို ငွေကျပ်သန်းပေါင်း ၅၀၅၇ ဒသမ ၃၄၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။

နေရပ်စွန့်ခွာပြောင်းရွှေ့မှု ဒုက္ခခံစားနေရသော တိုက်ပွဲရှောင်စခန်းများရှိ ကလေးများအတွက် ကလေးပျော်နေရာ တစ်ခုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ကလေးပျော်နေရာ ၆၈ ခုအတွက် ငွေကျပ် ၁၀၂ သန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**မူဝါဒနှင့် ဥပဒေများရေးဆွဲ**

ထို့ပြင် လူငယ်များ၏ ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အရေးများကို အကောင်အထည်ဖော်နေသော ဝန်ကြီးဌာနက လူငယ်ရေးရာမူဝါဒပါ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၈ ခုနှစ် မတ်လတွင် စတင်ရေးဆွဲခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လအတွင်း အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ၂၀၁၈ ခုနှစ်အတွင်း အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်သည်။

ပြည့်တန်ဆာဆိုင်ရာဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ သက်ကြီးရွယ်အိုများအတွက် အမျိုးသားအဆင့် သက်ကြီးမူဝါဒနှင့် သက်ကြီးရွယ်အိုဆိုင်ရာနည်းဥပဒေကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိရေး ဦးတည်ဆောင်ရွက်လျက် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်း ဖြစ်ပေါ်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ်ရရှိသည့် ဘတ်ဂျက်၏ သုံးပုံနှစ်ပုံကျော်ကို ပြည်သူများအတွက် တိုက်ရိုက်အကျိုးရှိမည့် ထောက်ပံ့မှုလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည်။ ကြိုတင်သတိပေးခြင်းဆိုင်ရာအစီအစဉ်များတွင် မိုးလေဝသသတင်းများကို ဘေးအမျိုးအစားအလိုက် ပြည်သူများလိုက်နာဆောင်ရွက်ရန် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များသို့ပေးပို့၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ DAN မိုဘိုင်း Application မှတစ်ဆင့် ကြိုတင်သတိပေးချက်များဖြန့်ဝေခြင်း၊ ဝန်ကြီးဌာန၏ ဖေ့စ်ဘွတ်စာမျက်နှာများမှတစ်ဆင့် ရာသီဥတုအရေးပေါ် သတိပေးချက်များကို ဖြန့်ဝေပေးခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားမှ Video Clip များထုတ်လွှင့်ခြင်း၊ သတိပေးထုတ်ပြန်ချက်များ ပြုလုပ်ခြင်း၊ ရေဒီယိုလိုင်းများမှ အရေးပေါ်သတိပေးချက် ထုတ်ပြန်ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးစနစ် ပြတ်တောက်သွားပါက အသုံးပြုရန် ဘေးဖြစ်ပွားမှုများပြားပြီး ဝေးလံခက်ခဲသော ဒေသများတွင် Single Side Band စက် ၃၇ လုံးကို တပ်ဆင်အသုံးပြုခြင်း၊ ပြည်သူများက ဆက်သွယ်သတင်းရယူနိုင်ရန် Call Center ကို နေပြည်တော်ရုံးချုပ်၌ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရာသီအလိုက်ပြည်နယ်/တိုင်းဒေသကြီးများတွင် ဗီနိုင်း

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

ဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဖြင့် အသိပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကြိုတင်ကာကွယ် ဆောင်ရွက်ခြင်းများတွင် လေပြင်းဒဏ်ခံနိုင်သော အိုးအိမ်များ ဖြစ်ရေး မွမ်းမံအားဖြည့် ပြင်ဆင်ပေးခြင်းလုပ်ငန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုရှိ မြို့နယ် ၄၂ ခုတွင် အိမ်ပေါင်း ၁၂၀၀၀ ကျော်အတွက် အားဖြည့်ပြင်ဆင်ခြင်း လုပ်ငန်းများကို ငွေကျပ် ၃၁၁ ဒသမ ၀၀ သန်းကျော် ကျခံဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခု၊ မြို့နယ် ၄၁ မြို့နယ်တို့တွင် အိမ်ပေါင်း ၈၆၅၇ လုံးအတွက် အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ငွေကျပ် ၁၉၈ ဒသမ ၉ သန်း ကျခံဆောင်ရွက်ခဲ့သည်။

အရေးပေါ်အခြေအနေတွင် အလျင်အမြန် တုံ့ပြန်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများနှင့် ကောင်းကင်မှတ်တမ်းမြေပုံများ ရိုက်ကူးထုတ်လုပ်နိုင်ရန် မောင်းသူမဲ့လေယာဉ်ငယ်များ ဝယ်ယူထားရှိပြီး ကလေးမြို့နှင့် ပဲခူးမြို့များတွင် ကွင်းဆင်းစမ်းသပ်ခဲ့ပြီး ပေါက်ခေါင်းမြို့နယ် တောင်နဝင်းဆည်၏ အနေအထားများကို ကောင်းကင်မြေပုံ ရိုက်ကူးခြင်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ချိတ်ဆက်ထားသည်။ အထောက်အကူပြုပစ္စည်းများအဖြစ် စက်လှေ၊ ဖိုင်ဘာလှေ ၁၇၁ စင်းနှင့် အသက်ကယ်အင်္ကျီ ၈၉၅၂ ထည်ကို ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သိုလှောင်ရုံ ၆၆ ခုရှိခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၇၄ ခုအထိ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းများကို အိမ်ထောင်စု ၇၆၀၅၀ အထိ အဆင်သင့် သိုလှောင်ထားရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် သိုလှောင်ရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

**အကြံဉာဏ်များရယူ**

ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အအုံ ၁၁၆ လုံးကို ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တို့တွင် ပဲခူး၊ တနင်္သာရီ၊ ဧရာဝတီ၊ စစ်ကိုင်း၊ ကရင်၊ မွန် ၊ ရခိုင်၊ ချင်းနှင့် ရှမ်းတို့တွင် တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်အဆင့် ငလျင်ဘေးဇာတ်တိုက်လေ့ကျင့်ခြင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့၍ အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ရေးစီမံချက်ကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့သည်။ ထို့ပြင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြံပေးပညာရှင်များအဖွဲ့ ဖွဲ့စည်း၍ အကြံဉာဏ်များ ရယူလျက်ရှိသည်။

**ပြန်လည်ထူထောင်ရေး**

သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ အနက် ဆောင်ရွက်မှုအားနည်းခဲ့သော ဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ယခုနှစ်အတွင်း အထူးအလေးပေးဆောင်ရွက်နိုင်ခဲ့ပြီး ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် ကရင်နှင့် မွန်ပြည်နယ်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ မျိုးစပါးနှင့် အခြားသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးထောက်ပံ့ခြင်း၊ လမ်း၊ တံတားပျက်စီးမှုများ ပြန်လည်ပြုပြင်ခြင်း၊ လူနေအိမ်နှင့် ဘာသာရေးကျောင်းများ ပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ခြင်းတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် ဝန်ကြီးဌာန ဘတ်ဂျက်တို့မှ စုစုပေါင်းငွေကျပ် ၆၁၆၇ ဒသမ ၇၈၉၇၉ သန်း ထောက်ပံ့ပေးခဲ့သည်။

**အကောင်အထည်ဖော်ဆောင်**

မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့ (Myanmar Preparedness Partnership-MPP)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကနေဒါနိုင်ငံအစိုးရ၏ထောက်ပံ့မှု၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ နည်းပညာပံ့ပိုးမှုဖြင့် "Strengthening Climate and Disaster Reslience in Myanmar" မြန်မာနိုင်ငံ ပြည်သူလူထု၏ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားရေးအတွက် နည်းပညာပံ့ပိုးမှုစီမံကိန်း (Technical Assistance Project)ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့နှင့် ပူးပေါင်းကာ သဘာဝဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါ စံအဖြစ်ထားရှိမည့် လမ်းညွှန်စာအုပ်(Recovery Guideline)ကို ရေးဆွဲထားရှိခြင်း၊ (၉)ကြိမ်မြောက် အာဆီယံဒေသတွင်း အရေးပေါ်တုံ့ပြန်မှုနှင့် အကဲဖြတ်မှုဆိုင်ရာအဖွဲ့၏ လုပ်ငန်းခွင်သင်တန်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူလေ့ကျင့်ခန်း အစီအစဉ်ကို ၂၀၁၈ ခုနှစ် မတ် ၂၆ ရက်မှ ဧပြီ ၁ ရက်အထိ ပြုလုပ်ခဲ့ခြင်း၊ ၂၀၁၉ ခုနှစ်တွင် အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ဧပြီ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၌ နည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပံ့ပိုးပေးနိုင်ရန်အတွက် အာဆီယံအတွင်း ရေးမှူးချုပ်ရုံး၊ AHA Centre တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံရေးသားခြင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုဆိုင်ရာ စာရင်းဇယားများကို Online System မှ တစ်ဆင့် စာရင်းသွင်းခြင်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် UNISDR သို့ တင်သွင်းနိုင်ခဲ့သည်။

သဘာဝ ဘေးအန္တရာယ်များကို ကြိုတင်ဆန်းစစ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များနှင့် အသိပညာပေး အစီအစဉ်များအတွက် လေ့လာဆန်းစစ်ခြင်းနှင့် အရေးပေါ်ထောက်ပံ့မှုများကို ပြန်လည်ဆန်းစစ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လ နောက်ပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများအတွက် မော်တော်ယာဉ်များ ပေးအပ်နိုင်ခြင်းနှင့် ခရိုင်/မြို့နယ်ရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းတို့ကြောင့် ထောက်ပံ့မှုများတွင် ပိုမိုသွက်လက်မြန်ဆန်လာခြင်းကို တွေ့ရှိရသည်။

ဦးစီးဌာန၏ ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားကို နှစ်အလိုက် တိုးမြှင့်ခန့်ထားခြင်းနှင့်အတူ ရုံးများကို နှစ်အလိုက် တိုးမြှင့်ဖွင့်လှစ်လျက်ရှိပြီး ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ရလဒ်အနေဖြင့် ထောက်ပံ့မှုလုပ်ငန်းများ ပိုမိုမြန်ဆန်လာခြင်းကြောင့် ဘေးသင့်ပြည်သူလူထု၏ လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ပြီး စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှု လျော့နည်းသက်သာခြင်း၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပိုမိုထိရောက် ကျယ်ပြန့်စွာဆောင်ရွက်နိုင်ခြင်း၊ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်း၊ ဘေးဒဏ်ခံအဆောက်အအုံများ ပိုမိုတည်ဆောက်နိုင်ခဲ့ခြင်း၊ သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေးဗဟိုဌာန လုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုအသုံးပြုနိုင်ရေးဆောင်ရွက်ခဲ့ခြင်း၊ သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ရရှိသည်။

ဦးစီးဌာနအနေဖြင့် စီမံရေးရာဌာနခွဲ၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ၊ မူးယစ်၊ လူကုန်ကူးဌာနခွဲဟူ၍ ဌာနခွဲသုံးခု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မူးယစ်ပြန်လည်

အထူးကဏ္ဍ [ ဃ ] သို့ »»»




မြစ်ကြီးနားမြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းသော အဆောက်အအုံအား လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ သက်ကြီးရွယ်အိုဘိုးဘွားများအား ထောက်ပံ့ငွေများ ဂါရဝပြုပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တောင်ငူမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

»» အထူးကဏ္ဍ [ ၈ ] မှ

ထူထောင်ရေးစခန်း ကိုးခုနှင့် လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ သုံးခုတို့ ပါဝင်သည်။

**အရှိန်အဟုန်မြှင့်**

မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ လူကုန်ကူးခံရသူများ၊ စွန့်ပစ်ကလေးများ၊ လမ်းပေါ်နေ ကလေးများ၊ ကလေးစစ်သားများ၊ အမျိုးသမီးများ၊ တိုက်ပွဲရှောင်ပြည်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၏ မိသားစုများ စသည့်လူမှုဒုက္ခခံစားနေရသူများကို ပြန်လည်ထူထောင်မှုပေးခြင်းဖြင့် ပိုမိုကောင်းသည့် လူနေမှုဘဝရရှိရန် ဦးစီးဌာနတစ်ခု သီးခြားဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနိုင်ရန် ဖြစ်သည်။

မသန်စွမ်းများနှင့်စပ်လျဉ်း၍ အစိုးရ၏ တတိယနှစ် ဆောင်ရွက်ချက်များတွင် မသန်စွမ်း ဥပဒေ၊ နည်းဥပဒေများအပေါ် အခြေခံ၍ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီရှစ်ခု၊ ငါးနှစ် မဟာဗျူဟာစီမံကိန်းများကို ဖော်ဆောင်နိုင်ခဲ့ပြီး မသန်စွမ်းအဆင့်ခွဲခြားခြင်း၊ မသန်စွမ်း မှတ်ပုံတင်ထုတ်ပေးခြင်းနှင့် မသန်စွမ်းမှု စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများကို စတင်နိုင်ခဲ့သည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပညာပေးခြင်းနှင့် မသန်စွမ်း ထောက်ပံ့ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ကလေးစစ်သား ၇၅ ဦးကို ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး ဆောင်ရွက်နိုင်ခဲ့ပြီး လူငယ်ပြုစုပျိုးထောင်ရေး စခန်းနှစ်ခုကို ပြည်ထဲရေးဝန်ကြီးဌာနမှ လွှဲပြောင်းရယူဆောင်ရွက်ခဲ့သည်။ လူထုအခြေပြု မူးယစ်ဆေးဖြတ် ပြန်လည်ထူထောင်ရေးသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်သူများ ပိုမိုမွေးထုတ်နိုင်ခဲ့သည်။

မူးယစ်ပြန်လည်ထူထောင်ရေးလုပ်ငန်း သုံးနှစ်ဆောင်ရွက်ပြီးစီးမှုကို ဆန်းစစ်သုတေသနတစ်ရပ်ဆောင်ရွက်နိုင်ခဲ့ပြီး မူးယစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသော လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများကို ကွန်ရက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စတင်ဆောင်ရွက်လျက်ရှိသည်။

**လူမှုပဋိပက္ခများ**

ရခိုင်ပြည်နယ်သည် အညွန်းကိန်းများအရ ဒုတိယဖွံ့ဖြိုးမှုအနိမ့်ကျဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်နယ်အနေဖြင့် နှစ်ပေါင်းကြာမြင့်စွာ လူမှုပဋိပက္ခများကို ရင်ဆိုင်ခံစားနေရသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေး ကော်မတီ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီများတွင် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည်။

**ဖော်ဆောင်ပေးနိုင်**

လူမှုကာကွယ် စောင့်ရှောက်ရေး ထောက်ပံ့မှုပေးအပ်ခြင်းတွင် တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော ကလေးများ အသက်နှစ်နှစ်အထိ ထောက်ပံ့ခြင်း၊ မသန်စွမ်းများအား ကနဦးထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့သည်။

**ရခိုင်ပြည်နယ်**

ရခိုင်ဒေသခံများ အပါအဝင် ဒေသပြင်ပရောက် ရခိုင်တိုင်းရင်းသားများ ပြည်နယ်အတွင်း အလုပ်အကိုင်ရရှိရန် Smart အထည်ချုပ်စက်ရုံ၊ ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံနှင့် ရွှေကျားရိုးရာရက်ကန်းလုပ်ငန်းများကို ရင်းနှီးမတည်ငွေများထုတ်ချေးခြင်း၊ ပုံမှန်လည်ပတ် လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ရာ ရခိုင်တိုင်းရင်းသားများကို အလုပ်အကိုင် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

IDP စခန်းများ ပိတ်သိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် အပါအဝင် ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်တို့ရှိ နေရပ်စွန့်ခွာ ယာယီနေထိုင်စခန်းများကို စနစ်တကျပိတ်သိမ်းနိုင်ရန် အမျိုးသားမဟာဗျူဟာတစ်ရပ် ပေါ်ပေါက်ရေးကြိုးပမ်းနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း ရခိုင်ပြည်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ထောက်ပံ့မှုများကို စုစုပေါင်း ငွေကျပ်သန်း ၁၅၅၉၈ ဒသမ ၁၆၉ သန်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

ဝန်ကြီးဌာန၏ လုပ်ငန်းများသည် တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်နိုင်မှုများလျှော့ချပေးခြင်း၊ ထိရောက်သော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် အထောက်အပံ့များပေးခြင်း ဆောင်ရွက်၍ သွယ်ဝိုက်သောနည်းဖြင့် တိုးတက်အောင် အထောက်အကူပြုခြင်းဖြစ်သည်။ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များသည် ပြည်သူလူထုကို တိုက်ရိုက်ထိတွေ့အကျိုးပြုရခြင်းဖြစ်သည့်အတွက် ဤလုပ်ငန်းစဉ်များအတွက် ဝန်ကြီးဌာန၏ ရင်းနှီးသုံးစွဲမှု ပမာဏကို သုံးနှစ်အတွင်းမှာ ငါးဆနီးပါး တိုးမြှင့်ကာ ပြည်သူ့အတွက် ရင်းနှီးသုံးစွဲခဲ့သည်။

ဘေးဒုက္ခခံစားရသော ပြည်သူများအတွက် ဝန်ကြီးဌာန၏ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူ့ဒုက္ခကို မိမိဒုက္ခဟု သဘောထားပြီး နေ့မအားညမနား အကောင်းဆုံးကူညီနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခင်က ပြည်သူများသည် မိမိတို့၏ လိုအပ်ချက်များကို ကိုယ်ထူကိုယ်ထ ရင်ဆိုင်ဖြေရှင်းခဲ့ရသော အခြေအနေမှ ယခုသုံးနှစ်အတွင်းတွင် ပြည်သူနှင့်အတူ ပြည်သူ့အစိုးရက လက်တွဲရင်ဆိုင်ဖြေရှင်းနိုင်သော အခြေအနေကောင်းများကို စတင်ရရှိလာပြီး အတိုင်းအတာတစ်ခုအထိ ပြောင်းလဲနိုင်ခဲ့ပြီဖြစ်သည်။

ဤလုပ်ငန်းများ ဆောင်ရွက်ရာတွင် စုပေါင်းအင်အားဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဆိုပါက စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဟု အကြွင်းမဲ့ ယုံကြည်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။



ဒုတိယဝန်ကြီး ဦးစိုးအောင် မကွေးမြို့နယ်၌ လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးဖွားသည့်နေ့အခမ်းအနား ကျင်းပ

**ဟိုပုံး မေ ၈**

၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းနှင့် ညောင်နှစ်ပင်စခန်းတို့တွင် ကျင်းပသော အမျိုးသားညီလာခံရလဒ်များဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟု ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၅၆)အရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိခဲ့ကာ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်မှစ၍ ဒေသဦးစီးအဖွဲ့၏လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ခဲ့ပြီး မေ ၇ ရက် နံနက် ၉ နာရီတွင် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးခန်းမ၌ (ပထမ)အကြိမ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးဖွားသည့်နေ့အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားခြင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပေါ်လာပုံ အကျဉ်းကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ အတွင်းရေးမှူး(၃) ဦးခွန်တင်ထွဋ်က ဖတ်ကြားခြင်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းနှင့် ညောင်နှစ်ပင်စခန်းတို့တွင် ကျင်းပသော အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ် ၃၆ ဦးကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် ဦးခွန်စိန်ဝင်း(အင်းလေးမောင်ခွန်နွယ်)က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားပြီးနောက် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ် ၃၆ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆရာတော်သံဃာတော်များက ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးနှင့် ဇနီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဇနီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ ဒေသအဆင့်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ်များ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ တာဝန်ရှိသူများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) အသွင်ပြောင်း ပြည်သူ့စစ်ဌာနေမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်းကွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိထံမှ ငါးပါးသီလခံယူကာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ မြွက်ကြားသည်။ ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်းကွန်းကျောင်းတိုက်ဆရာတော်က အနုမောဒနာတရားဟောကြားပေးပြီးနောက် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းရာ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်းသိရသည်။ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ထက်ထက်(ဟိုပုံး)**



# ကျိုင်းလပ်မြို့ နမ့်ဖောင်ချောင်းကြမ်းပြင် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာဆောင်ရွက်

**ကျိုင်းလပ် မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့ အမှတ်(၁) ဝမ်လုံရပ်ကွက်ရှိ နမ့်ဖောင်ချောင်းကြမ်းပြင်တူးဖော်ခြင်းနှင့် ကမ်းထိန်းကဒစ်ရိုက်သဲအိတ်ချခြင်း လုပ်ငန်းဆောင်ရွက်ရန် မေ ၇ ရက် နံနက် ၁၀ နာရီက ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို ဒေသခံတာဝန်ရှိသူများ၏ တောင်းဆိုချက်အရ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် တာချီလိတ်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ထွန်း၊ ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့်ဝန်ထမ်းများက မြေပြင်အနေအထားများကို အသေးစိတ်ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းမှာ မိုးရာသီတွင်ကျေးရွာအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ချောင်းကြမ်းပြင်တူးဖော်ခြင်းနှင့် ကမ်းထိန်းကဒစ်ရိုက်သဲအိတ်ချခြင်းကို ရွာအဝင်တံတားမှ ချောင်းအလျား ပေ ၃၅၀၀ ခန့်၊ အကျယ် ပေ ၆၀ ခန့်အထိ တူးဖော်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ **ကျော်ဇေယျာလင်း(ပြန်/ဆက်)**

# ကင်ဆာဝေဒနာရှင်များ၏ တတိယအကြိမ်မြောက် သင်္ကြန်အကြို ပျော်ရွှင်ဖွယ်တွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် မေ ၈**

ကင်ဆာလူနာအချင်းချင်းကူညီရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော စွယ်တော်ရိပ် ကင်ဆာပရဟိတအဖွဲ့၏ တတိယအကြိမ်မြောက် နှစ်သစ်အကြိုသင်္ကြန်ပျော်ပွဲရွှင်ပွဲနှင့်တွေ့ဆုံပွဲကို မေ ၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ်၌ ကျင်းပခဲ့သည်။

“ဒီပွဲလေးလုပ်ဖြစ်တာကတော့ ကင်ဆာဝေဒနာရှင်တွေနဲ့ အဖွဲ့ဝင်မိသားစုဝင်တွေကို ပျော်စေချင်တဲ့ရည်ရွယ်ချက်ပါပဲ။ အန်တီတို့ကိုယ်တိုင်ကလည်း ကင်ဆာဝေဒနာရှင်တွေပါ။ ဒီလိုပဲရောဂါကို ကုသရင်း၊ ဖြတ်သန်းရင်းနဲ့ပဲ လုပ်နေတာပါ။ အခုဆို စွယ်တော်ရိပ်ကင်ဆာပရဟိတအဖွဲ့ရဲ့သုံးကြိမ်မြောက် သင်္ကြန်ကာလအကြိုပွဲလည်းဖြစ်ပါတယ်။ အဓိကကတော့ ကိုယ်လိုဘဝတူကင်ဆာဝေဒနာရှင်တွေကို စိတ်အား၊ လူအား၊ ငွေအားတွေအကူအညီပေးချင်တဲ့ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းဆောင်ရွက်နေတာပါ” ဟု ရှစ်နှစ်ကြာ သားအိမ်ခေါင်းကင်ဆာဝေဒနာရှင် စွယ်တော်ရိပ်ကင်ဆာပရဟိတအဖွဲ့ တည်ထောင်သူ ဒေါ်နီလာဦးက ပြောသည်။





ကင်ဆာဝေဒနာရှင်များ၏ နှစ်သစ်အကြို သင်္ကြန်တွေ့ဆုံပွဲကျင်းပစဉ်။

စွယ်တော်ရိပ်ကင်ဆာပရဟိတအဖွဲ့၏ နှစ်သစ်ကူးသင်္ကြန်အကြိုပွဲတွင်အဖွဲ့ဝင် ကင်ဆာဝေဒနာရှင်များနှင့် မိသားစုဝင်များတွေ့ဆုံကာ ချစ်ခင်ရင်းနှီးစွာ တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများ မျှဝေခြင်း၊ အားပေးစကားများပြောဆိုခြင်း၊ ကင်ဆာအထူးကုဆရာဝန်ကြီးများ၏ ဗဟုသုတရဖွယ်အကြံပြုချက်၊ အသိပညာပေးဆွေးနွေးချက်များကို နားထောင်ခြင်း၊ ကင်ဆာရောဂါဝေဒနာရှင်များစုရုံးကာ သင်္ကြန်သီချင်းများ ပျော်ရွှင်ဖွယ်သီဆိုခြင်းတို့ကို ဆောင်ရွက်ကြကြောင်းသိရသည်။

“ကင်ဆာရောဂါဖြစ်လာပြီဆိုရင် ဆေးမြီးတိုရောင်ရောင်၊ တိုင်းရင်းဆေးရောင်ရောင်အပြင် ရမ်းကုတွေနဲ့ ကုသနေတာမျိုးတွေကို ကျွန်တော်တို့အဖွဲ့အနေနဲ့ ထိန်းချုပ်တယ်။ မှားယွင်းတဲ့ ကုသမှုတွေဖြစ်တယ်ဆိုတာတွေကို လူနာတွေ ကုသမှုလမ်းမလွဲသွားအောင် အသိပညာပေးတယ်။ သွားလာလို့မရတဲ့ ကင်ဆာလူနာတွေကိုလည်း လိုက်လံကုသပေးတာမျိုးတွေလည်း လုပ်ပေးနေပါတယ်။ ကင်ဆာဝေဒနာကြောင့် စိတ်ဓာတ်ကျဆင်းတဲ့ဝေဒနာရှင်တွေကိုလည်း စိတ်ဓာတ်ခွန်အားတွေပေးတယ်။ အဓိကပြောချင်တာက လူနာတွေအနေနဲ့ ဆရာဝန်ညွှန်ကြားချက်ကို တိတိကျကျလိုက်နာစေလိုပါတယ်။ တိုင်းရင်းဆေးတွေနဲ့ကုသပြီး ရောဂါကျွမ်းလာလို့ မပျောက်တော့မှ ရောက်လာတာမျိုးတွေ၊ အချိန်လွန်မှ ကင်ဆာဆဲလ်တွေ အလွန်အကျွံပွားပြီး မကုနိုင်တော့တာတွေရှိတယ်။ ဒါကြောင့် ကင်ဆာရယ်လို့ စိတ်ထဲမသင်္ကာရင် ဆေးခန်းလာပါ။ ဆရာဝန်နဲ့ အချိန်မီဆွေးနွေးကုသရင် ပျောက်ဖို့ကရာခိုင်နှုန်း များစွာအာမခံချက်ရှိပါတယ်။ အချိန်အရမ်းအရေးကြီးတယ်။ မြန်မြန်ပြသဖို့လိုပါတယ်” ဟု သင်္ကြန်ပျော်ရွှင်ဖွယ်တွေ့ဆုံပွဲတွင် ကင်ဆာအထူးကုပါရဂူ ဒေါက်တာဟိန်းမြင့်အောင်က ပြောသည်။

စွယ်တော်ရိပ်ကင်ဆာပရဟိတအဖွဲ့သည် ကင်ဆာလူနာအချင်းချင်း ကူညီရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကင်ဆာလူနာများ၊ လူနာစောင့်မိသားစုဝင်များ စုဖွဲ့ကာ အွန်လိုင်း FB ထူထောင်ထားခဲ့ရာ ယခုသုံးနှစ်ကြာကာလအတွင်း လူဦးရေ ၁၃၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ထိုအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် ဖဆပလရပ်ကွက် တိုက်အမှတ်(၁၅)အခန်း(၆)ရှိ စွယ်တော်ရိပ်အခမဲ့အကြံပေးဆေးခန်းကို ဖွင့်လှစ်ထားပြီး တနင်္ဂနွေ၊ တနင်္လာနေ့တွင် ကင်ဆာလူနာများအပါအဝင် ရောဂါရှာဖွေစစ်ဆေးလိုသောလူနာများကို ကင်ဆာအထူးကု ဆရာဝန်ကြီးများက အခမဲ့ကြည့်ရှုစစ်ဆေးအကြံပေးကြောင်း၊ ဆေးကုသစရိတ်အခက်အခဲရှိပြီး ကင်ဆာဝေဒနာ အမှန်တကယ်ခံစားနေရသူများကို တတ်နိုင်သည့်ဘက်မှ ကူညီပေးကြောင်း သိရသည်။

ယခုအခါ ကင်ဆာဖြစ်ပွားမှုသည် အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာအဖြစ်များနေပြီး အမျိုးသားများတွင်လည်း ခံတွင်းနှင့် လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အစာအိမ်နှင့် အူလမ်းကြောင်း ကင်ဆာရောဂါများ အဖြစ်များလာနေပြီဖြစ်ကြောင်း သိရသည်။ **သတင်း - မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ - မျိုးကြီး**

# မင်္ဂလာဒုံမြို့နယ်၌ ထွေးဦး(မြန်မာ)ရုပ်သေးအဖွဲ့၏ မြန်မာ့ရုပ်သေးအနုပညာအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရုပ်သေးဖျော်ဖြေပွဲ ကျင်းပ



**မင်္ဂလာဒုံ မေ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခေတ်မီးအိမ်လူငယ်ဖွံ့ဖြိုးရေးစာကြည့်တိုက်တို့ပူးပေါင်းကျင်းပသော ထွေးဦး(မြန်မာ )ရုပ်သေးအဖွဲ့၏ မြန်မာ့ရုပ်သေးအနုပညာအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရုပ်သေးဖျော်ဖြေပွဲကို မေ ၇ ရက် ညနေ ၆ နာရီမှ ည ၈ နာရီအထိ မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် သန္တာလမ်းမကြီး ခေတ်မီးအိမ်စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ငြိမ်းအိကအဖွင့်အမှာစကားပြောကြားခြင်း၊ ဆရာကျော်ခင်ဝင်းက မြန်မာ့ရုပ်သေးအနုပညာအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ဆရာဆူးရင့်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပြည်သူများအား ထွေးဦး(မြန်မာ) ရုပ်သေးအဖွဲ့က မြန်မာ့ရုပ်သေးအနုပညာဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**စိုင်းကိုကို**

# ကမ္ဘာကျော် ဦးပိန်တံတားကြီး၏ရှုခင်းအလှများအား ယခုနှစ်တွင် ခရီးသွားများပိုမိုလာရောက်လေ့လာလျက်ရှိ



**မန္တလေး မေ ၈**

အမရပူရမြို့နယ်အတွင်းရှိ တောင်သမန်အင်းကို ဖြတ်ကျော်ကာ အမရပူရမြို့ဟောင်းနှင့် ရတနာပုံတက္ကသိုလ်ကို ဆက်သွယ်တည်ဆောက်ထားသည့် ဦးပိန်တံတားသည် မြန်မာနှင့် ကမ္ဘာကျော် ရှုခင်းကောင်းတစ်ခု၊ အပန်းဖြေလေ့လာရန် နေရာတစ်ခုအဖြစ် ကျော်ကြားပေသည်။ ဦးပိန်တံတားသည် ၁ ဒသမ ၂ ကီလိုမီတာ သို့မဟုတ် တစ်မိုင်၏ လေးပုံသုံးပုံ ရှည်လျား၍ ကမ္ဘာမှာ အရှည်ဆုံး ကျွန်းသားတံတားဖြစ်သည်။

တံတားဆောက်လုပ်သော နှစ်ကို အင်းကအော်အာ ဆောက်လုပ်ခါ ၁၂၁၁ ဟုလည်းကောင်း၊ ပြီးစီးသည့်နှစ်ကို အင်းကအော်ညီး ဆောက်လုပ်ပြီး ၁၂၁၃ ဟုလည်းကောင်း မှတ်သားထားကြသည်။ တံတားပြီးစီးစက တိုင်ပေါင်း ၉၈၄-တိုင် (နဝအဋ္ဌဇယ မောင်ပိန်) အခန်းပေါင်း ၄၈၂ ခန်း ရှိခဲ့သည်။

တံတားအရှည်မှာ ၃၉၆၇ ပေ ရှည်၏။ နားနေဇရပ်လေးဆောင်ရှိပြီး ဘုရင့်ဖောင်တော်များ လွယ်ကူစွာ ဖြတ်သန်းသွားနိုင်ရန် ဖောင်ကြောင်းကိုးခုကိုလည်း စီစဉ်ထားရှိလေသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် မြစ်ရေကြီးမှုကြောင့် တံတားရေမြုပ်ကာ အခန်းအချို့ပျက်စီးသွားခဲ့ရာ အမရပူရ အမတ်ဦးဘသီက ပြန်လည်ပြင်ဆင်ခဲ့သည်။ ၁၉၇၃ ခုနှစ်ကလည်း အခန်း ၈၀ ကျော် ရေမျောသွားခဲ့သည်။ ထိုစဉ်က မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ဦးဆောင်၍ အမရပူရမြို့နယ် ပြည်သူလူထုနှင့် ပြုပြင်ခဲ့သည်။

**ဦးပိန်တံတားသမိုင်း**

ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက်တွင် ဦးပိန်တံတားကို တည်ဆောက်ခဲ့သည်။ ပုဂံမင်းမှာ ကြက်၊ ငှက် အစရှိသည်သာမက အခြားသော တိရစ္ဆာန်များကိုပါ ဖမ်းဆီး၍ တိုက်ပွဲကစားသည်ကို အထူးဝါသနာပါပြီး နေ့စဉ်နှင့်အမျှ ကစားပွဲကျင်းပလေ့ရှိသည်။ တိုင်းရေးပြည်ရာများကို ညီတော်နှစ်ပါးဖြစ်သည့် မင်းတုန်းနှင့် ကနောင်မင်းသားနှစ်ပါး ဦးဆောင်သည့် လွှတ်တော်ကသာ ကိုင်တွယ်ဖြေရှင်းနေခဲ့ရသည်။ ပုဂံမင်း၏ တိရစ္ဆာန်ရေးရာ ကျွမ်းကျင်သူမှာ ဘိုင်ဆပ် ဟုခေါ်သည့် ဘာသာခြားကုလားတစ်ဦးဖြစ်သည်။ ထိုသူကို ပုဂံမင်းက ကြိုက်နှစ်သက်လှသဖြင့် အမရပူရတွင် မြို့ဝန်အဖြစ်ပင် ချီးမြှောက်ခဲ့သည်။ ထိုဘိုင်ဆပ်နှင့်အတူ ချီးမြှောက်ခြင်းခံရသူမှာ ၎င်း၏ တပည့် မြို့စာရေး မောင်ပိန်ဆိုသူဖြစ်သည်။ ထိုသူတို့နှစ်ဦးသောင်းကျန်းလှသဖြင့် အမရပူရတစ်မြို့လုံး ချောက်ချားရသည်။ ထိုသူနှစ်ဦးစကားမှာ မင်းနားပေါက်သဖြင့် ကြောက်ကြရသည်။ လုန်ဝံ့သူမရှိခဲ့ပေ။ သို့သော် နောက်ဆုံးတွင် ၎င်းတို့၏ အပြစ်များကို ပုဂံမင်းသိသဖြင့် ဖမ်းဆီးကာ အပေါင်းအပါများနှင့်တကွ ကွပ်မျက်ခဲ့သည်။

မြို့စာရေး မောင်ပိန်သည် ဘာသာခြားဖြစ်သော်လည်း မြန်မာဘုန်းတော်ကြီး ကျောင်းထွက်ဖြစ်သည်။ ခရစ်နှစ် ၁၈၄၉ ခုနှစ်တွင် အမရပူရမြို့ စာရေးမောင်ပိန်သည် အသက်ရှိစဉ်၊ အာဏာရှိစဉ်အတွင်းက အမရပူရမြို့တော်မှ တောင်သမန်အင်းကိုဖြတ်၍ အခြားဘက်ကမ်းသို့ သစ်သားတံတားကြီး တစ်ခုကို တည်ဆောက်လေသည်။ တံတားဆောက်လုပ်ရန် သစ်များကို ပုဂံမင်း၏ အမိန့်အရ အင်းဝနှင့် စစ်ကိုင်းမြို့ဟောင်းများမှ ဘုန်းတော်ကြီးကျောင်းဟောင်းများကို ဖျက်ခြင်းဖြင့် ရရှိသည်ဟု ဆိုသည်။ တည်ဆောက်ရသည့် အကြောင်းမှာလည်း တစ်ဖက်ကမ်းမှ အမရပူရသို့ အကြောင်းရှိလျှင် အမြန်ကူးနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ဆောက်သည်ဟု ဆိုပါသည်။ တည်ဆောက်သူ မောင်ပိန်ကိုအစွဲပြုပြီး ဦးပိန်တံတားဟုသာ အမည်တွင်သည်။ မည်သို့ဆိုစေကာမူ ဦးပိန်တံတားသည် ယနေ့အခါတွင် တောင်သမန်အင်း၏ အထင်ကရ ပြယုဂ်အနေဖြင့် ထင်ရှားလျက်ရှိပေသည်။

**သက်တမ်းတစ်ရာကျော်**

ဦးပိန်တံတား သက်တမ်းနှစ်ပေါင်း တစ်ရာကျော်ရှိပြီ ဖြစ်သည်။ အင်းဝနေပြည်တော်မှရွှေ့ပြောင်းပြီး မြို့တော်တည်ထောင်ခဲ့သော အမရပူရသည် ဘိုးတော်ဘုရားလက်ထက်က လူမှုရေး၊ စီးပွားရေး၊ မြို့ပြအိမ်ရာများနှင့် စည်ကားဖွံ့ဖြိုးခဲ့ပုံကို သမိုင်းမှတ်တမ်းများ၌ တွေ့ရှိရကြောင်း၊ မျက်မှောက်ခေတ် အမရပူရမြို့ဟောင်းသည် စေတီပုထိုး သမိုင်းအဆောက်အအုံအချို့က ရှေးခေတ်ကို တစေ့တစောင်း ပြသလျက်ရှိသော်လည်း မန္တလေးမြို့တော်နှင့် ဆက်စပ်လျက်ရှိနေသဖြင့် တိမ်မြုပ်လုမတတ်ရှိနေသည်။ ရက်ကန်းလုပ်ငန်းဖြင့် ထင်ရှားသောမြို့ တစ်မြို့အဖြစ်သာ အသိအမှတ်ပြုကြရသည်။ သို့ရာတွင် သမိုင်းကို ဖော်ပြနေသော ရပ်ကွက်ကြီးများ၏ အမည်များနှင့် အနုပညာလုပ်ငန်း အတန်းအစုအကွက် အမည်များက ရှေးခေတ်အမရပူရကို ပြောပြနေဆဲရှိသည်။

ယခုအခါ အမရပူရမှာ လေ့လာစရာအဖြစ် ရှေးဦးစွာ ဦးတိုက်လေ့လာကြည့်ရှုကြသော နေရာကား တောင်သမန် ဦးပိန်တံတားဖြစ်သည်။ သက္ကရာဇ် ၁၂၁၁ ခုနှစ် ပုဂံမင်းလက်ထက် အမရပူရမြို့ဝန်၏ မြို့စာရေး ဦးပိန်တည်ဆောက်ခဲ့သောကြောင့် ဦးပိန်တံတားဟု အမည်တွင်ခဲ့ပြီး ယနေ့တိုင် တံတားအိုကြီး မြင်ကွင်းက မြန်မာမှုကို ဆွဲဆောင် ပြသနေဆဲရှိသည်။ ခေတ်အဆက်ဆက် လေဒဏ်၊ မိုးဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများကို ပြုပြင်ခဲ့ရသည်။

တံတားကို ဆောက်လုပ်ရာ၌ နှစ်နှစ်မျှကြာခဲ့သည်။ မြန်မာအင်ဂျင်နီယာ ပညာရှင်တို့က စကေးမှန်ချိန်မပါဘဲ ခြေလှမ်းဖြင့်တိုင်းတာ၍ ဆောက်ခဲ့ရသော မြန်မာမှု တံတားကြီးဖြစ်သည်။ လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်အောင် ဖြောင့်တန်းစွာ မဆောက်ဘဲ တောင်ဘက်သို့ ဦးမော့ကွေ့ဝိုက်ကာ ကျင်တွယ်ပုံသဏ္ဍာန် ဆောက်လုပ်ထားသည်။

ခေတ်ကာလ ရွေ့လျားလာသဖြင့် တံတားကြီးကို အရှေ့ထိပ်၊ အနောက်ထိပ် ပြုပြင်တည်ဆောက်ခဲ့ရသလို ရေလယ်ဇရပ်များကိုလည်း ပြုပြင်တည်ဆောက်ခဲ့ရသည်။

ဇရပ်လေးဆောင်မှ တိုင်များပါပေါင်းလျှင် တိုင်ပေါင်း ၁၀၈၆ တိုင်ရှိသည်။ အခန်းပေါင်း ၄၈၂ ခန်း၊ တံတား အရှည် ၃၉၆၇ ပေ၊ တစ်မိုင်၏ လေးပုံ သုံးပုံ ရှည်လျားကြောင်း နောက်ဆုံးထုတ် မန္တလေးမြို့နေ သတင်းစာဆရာ နတ်မောက်ထွန်းရှိန် ရေးသားပြုစုသည့် “ဝင်းတွေနှင့် တည်ခဲ့သည့် မင်းနေပြည်” စာအုပ်၌ ဖော်ပြထားသည်။

ဆိုခဲ့သည့်အတိုင်း မြန်မာဗိသုကာ ပညာရှင်များက မြန်မာ့ဆောက်လုပ်ရေးအတတ်ဖြင့် မြန်မာမှုစစ်စစ် တံတားကြီးအဖြစ် ဦးပိန်တံတားကြီးသည် အမရပူရ ရှေးဟောင်းမြို့တော်၏ အမှတ်သင်္ကေတအဖြစ် ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားများသာမက နိုင်ငံခြား ကမ္ဘာလှည့်ခရီးသည်များပါ နေ့စဉ်လာရောက် ကြည့်ရှုကြသဖြင့် စည်ကားလှပေရာ အမရပူရ တောင်သမန်အင်းစောင်း၌ သပ်ရပ်သော စားသောက်ဆိုင် စသော ဈေးဆိုင်ခန်းများ အတည်တကျ တည်ဆောက်ကာ စီးပွားဖြစ်လျက်ရှိသည်။ မန္တလေးရောက် နိုင်ငံခြားသား ခရီးသွားများသာမက အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများကလည်း မန္တလေးမြို့သို့ရောက်သည်နှင့် ကမ္ဘာကျော်ဦးပိန်တံတားကြီးနှင့် တောင်သမန်အင်း၏ အလှတရားများကို ခရီးသွားများမှာ ယခုနှစ်စမှ ယနေ့အထိလာရောက် လေ့လာလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရသည်။

**ကျော်ကျော်(မလှိုင်)**



**သမိုင်းကို ဖော်ပြနေသော ရပ်ကွက်ကြီးများ၏ အမည်များနှင့် အနုပညာလုပ်ငန်း အတန်း အစုအကွက် အမည်များက ရှေးခေတ်အမရပူရကို ပြောပြနေဆဲရှိသည်။ ယခုအခါ မြန်မာဗိသုကာ ပညာရှင်များက မြန်မာ့ဆောက်လုပ်ရေးအတတ်ဖြင့် မြန်မာမှုစစ်စစ် တံတားကြီးအဖြစ် ဦးပိန်တံတားကြီးသည် အမရပူရရှေးဟောင်းမြို့တော်၏ အမှတ်သင်္ကေတအဖြစ် ရပ်တည်လျက်ရှိ**

# ခရီးသွားဧည့်သည်များ၏နှလုံးသားထဲမှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံ-ညောင်ဦးဒေသ မြင်ကွင်းများ

**မိတ္ထီလာ မေ ၈**

လှည်းဝင်ရိုးသံတညံ့ညံ့ ပုဂံဘုရားပေါင်းဟူသော အဆိုနှင့်အညီ ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီများ ပေါ်များလှသည့် ပုဂံ-ညောင်ဦးဒေသမှာ နွေရာသီ၌ အညာဒေသသရုပ်ပေါ်၍ သာယာလှပ၏။ ဆောင်းရာသီတွင်မူ အညာဆောင်းသရုပ်ထဲမှ ရှေးဟောင်းဘုရားစေတီပုထိုးများကို ပိုမိုသပ္ပာယ်ကြည်ညိုဖွယ် ဖူးမြင်နိုင်သောကြောင့် ရှုမငြီးဖွယ်ဒေသဖြစ်၏။ မိုးရာသီတွင်ကား အညာဒေသရှိ စိမ်းလန်းစိုပြည်သာယာလှပသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေတစ်ခုအဖြစ် ပုဂံ-ညောင်ဦးဒေသမှာ တင့်တယ်စွာတည်ရှိနေတတ်၏။ ထိုကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များမှာ ရာသီသုံးပါးစလုံး ပုဂံ-ညောင်ဦးဒေသ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်လေ့လာခြင်း၊ ဘုရားစေတီပုထိုးများအား ဖူးမြော်ကြည်ညိုခြင်းများ ပြုကြသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များသည် ပုဂံ-ညောင်ဦးဒေသ၏ နေဝင်ချိန်အလှ၊ နေထွက်ချိန်အလှများကိုလည်း တန်ဖိုးထား အချိန်ပေး၍ စောင့်စားကြည့်ရှုခံစားတတ်ကြ၏။ ယနေ့အချိန်တွင် ပုဂံ-ညောင်ဦးဒေသ၌ မီးပုံးပျံစီး၍ မြေပြင်ပေါ်ရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအလှကိုလည်း ကောင်းကင်မှ ကြည့်ရှုရန် ဝန်ဆောင်မှုပေးသော လုပ်ငန်းလုပ်ကိုင်သူများရှိနေပြီဖြစ်သည်။

ထို့ကြောင့် ပုဂံ-ညောင်ဦးဒေသသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အများဆုံးမီးပုံးပျံစီး၍ လည်ပတ်လေ့လာရာ ခရီးသွားဒေသကြီးတစ်ခုအဖြစ် တည်ရှိလာကြောင်းသိရ၏။ မြန်မာလူမျိုးတိုင်းတန်ဖိုးထားအပ်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပုဂံ-ညောင်ဦးဒေသ၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ၏ နှလုံးသားထဲမှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံ-ညောင်ဦးဒေသမှမြင်ကွင်းများကို မှတ်တမ်းတင်ရိုက်ကူးထားသည်ထဲမှ ခတ်ပုံတချို့ကို ဖော်ပြလိုက်ပါသည်။

**ချမ်းသာ(မိတ္ထီလာ)**















# ကန်ပက်လက်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကန်ပက်လက် ဧပြီ ၈**

ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်သည် ဧပြီ ၄ ရက် ညနေပိုင်းက ကန်ပက်လက်မြို့ အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံ အားကစားရုံ(၁၂၀×၉၀×၃၆)ပေ Steel Structure ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မန်နေးဂျင်း ဒါရိုက်တာ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ထက်ထက်လှိုင်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လူမှုရေးဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးသည် ကန်ပက်လက်မြို့ဆရာဝန်အိမ်ရာ (၁၁၁×၄၉×၂၁) ပေရှိ RC နှစ်ထပ် ဆောက်လုပ်မှုအခြေအနေကို သွားရောက်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



ပြည်နယ် (ပြန်/ဆက် )

# မိတ္ထီလာတွင် မိုးရေစုဆောင်းသောရေကန်ငယ်များ တူးဖော်တည်ဆောက်ပေး



**မိတ္ထီလာ ဧပြီ ၈**

မိတ္ထီလာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အပူပိုင်းဒေသရှိ ကျေးရွာများ မြေအောက်ရေသုံးစွဲမှုလျှော့ချနိုင်ရေး ကျေးရွာများ၌ မိုးရေစုဆောင်းသော ရေကန်ငယ်များ တူးဖော်တည်ဆောက်ပေးလျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အပူပိုင်းဒေသရှိကျေးရွာများ မြေအောက်ရေသုံးစွဲမှု လျှော့ချနိုင်ရေး ကျေးရွာများလိုအပ်ချက်ဖြစ်သည့် မိုးရေစုဆောင်းသောရေကန်ငယ်များ တူးဖော်တည်ဆောက်ပေးခြင်းကို ပြည်သူများက အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းပါဝင်စေရန် ရည်ရွယ်၍ ရေကန်ငယ်များ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ဆည်အောင်ကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၅၀၊ အနက် ၆ ပေရှိ ရေကန်ကို တည်ဆောက်ပေးခဲ့ပြီး အဆိုပါရေကန်ငယ်အား ဧပြီ ၆ ရက်က ကျေးရွာကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တိုတိုထွာထွာဖတ်စရာ

### လမ်းခင်းခြင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ဘုတလင်**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ဇီးတောကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက် ညနေပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဇီးတောကျေးရွာ၌ လမ်းအရှည်ပေ ၄၉၉၀၊ အကျယ် ၁၅ ပေခင်းကျင်းနေမှုနှင့် အောင်ချမ်းသာကျေးရွာ၌ လမ်းအရှည်ပေ ၉၂၄၀၊ အကျယ် ၁၂ ပေ ခင်းကျင်းနေမှုအခြေအနေများကို ကျေးရွာကော်မတီဝင်များက ရှင်းလင်းတင်ပြကြရာ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက လမ်းစံချိန်စံညွှန်း ပြည့်မီရေးနှင့်သတ်မှတ်ကာလအတွင်းပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### မိုင်းခတ်မြို့နယ်တွင် မူလတန်းကျောင်းဆောင်သစ်ဖွင့်

**မိုင်းခတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဟာကြားဝမ်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြင့်သူနှင့် မြို့မိမြို့ဖ ဦးအောင်သန်းတို့က ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၃၀၊ အနံပေ ၂၀ ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### သန်လျင်၌ နိဗ္ဗာန်ဈေးပွဲတော် စည်ကားစွာကျင်းပ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ဗိုလ်ချုပ်ကျေးရွာ ကျောင်းပိုင်း ဥတ္တရာရာမမြောက်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မော့ဂ္ဂလိမိုးကောင်းစေတီတော်မြတ် (၃၇) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၆ ရက် ညနေ ၅ နာရီခွဲက အဆိုပါကျောင်းတိုက်အတွင်းရှိ စေတီတော်အရှေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့်ဆောင်ရွက်သည့် ကွန်ကရစ်လမ်း ပဲခူးတွင် ဖွင့်လှစ်

**ပဲခူး ဧပြီ ၈**

ပဲခူးမြို့နယ် လက်ပံဝင်းတာဆုံကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် ရွာလယ် ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အဆိုပါလမ်းသည် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေ ၂၉ ဒသမ ၂ သိန်း စုစုပေါင်း ၁၂၉ ဒသမ ၂ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

**ဟိန်းထက် (ပြန်/ဆက်)**



# သောင်တူးခြင်းနှင့် ကွန်ကရစ်ရေကာဆောင်ရွက်နေမှု မော်လိုက်တွင် ကွင်းဆင်းကြည့်ရှု

**မော်လိုက် ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ချင်းတွင်းမြစ်ကြောင်းအတွင်း နှစ်စဉ်နွေရာသီ ရောက်တိုင်း ရေလမ်းကြောင်းတွင် သဲသောင်ထွန်းပြီး ရေယာဉ်များ ပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ရိုးလာရေလမ်းကြောင်း ကောင်းမွန်ရေး သောင်တူးခြင်းနှင့် ကွန်ကရစ်ရေကာတည်ဆောက်နေမှုတို့အား လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရိုးလာရေလမ်းကောင်းမွန်ရေး လုပ်ငန်းကို မုံရွာမြို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၆) မှ တာဝန်ယူ၍ အရှည် ၅၉၅ မီတာ သောင်တူးခြင်းလုပ်ငန်း၊ အရှည်ပေ ၈၀၀ ရှိ ကွန်ကရစ်ရေကာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**



# တွံတေး၌ ဝန်ထမ်းအိမ်ရာ ပန္နက်တင်မင်္ဂလာပွဲ ကျင်းပ

**တွံတေး ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကုသရေးဦးစီးဌာနရှိ ခုတင် ၅၀ ဆံ့ ဆေးရုံတွင် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ပန္နက်တင်မင်္ဂလာကို ဧပြီ ၈ ရက် နံနက် ၉ နာရီက အဆိုပါ ဆေးရုံဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဆရာဝန်ကြီး ဒေါက်တာဒေါ်ဆင့်ဆင့်သီက ဝန်ထမ်းများ နေရေး၊ ထိုင်ရေးသည် အရေးကြီးသည့်အတွက် နိုင်ငံတော်က ထောက်ပံ့ဆောက်လုပ်ပေးမှုကြောင့် တာဝန်ကျဝန်ထမ်းများ အိမ်ရှာဖွေရခြင်း၊ နေရာထိုင်ခင်းအခက်အခဲ မကြုံတွေ့ရသည့်အတွက် မိမိတို့လုပ်နေရသော အလုပ်များ အရင်ကထက် ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဝန်ထမ်းအိမ်ရာမှာ လေးထပ်၊ လေးခန်းတွဲဖြစ်ပြီး အခန်းတစ်ခန်းချင်း၏ အကျယ်အဝန်းမှာ အလျား ပေ ၃၀၊ အနံ ပေ ၃၀ ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**